# အခန်း(၁)

# သဘာဝပထဝီဝင်

## နိဒါန်း

- ကမ္ဘာမြေကြီးကို လွှာထုကြီး ၃ ခုဖြင့် တည်ဆောက်ထားသည်။ ကမ္ဘာပေါ်ရှိ ကုန်းမြေများ ဖြစ်သော တိုက်ကြီးများအကြောင်းကို လေ့လာသင်ယူနိုင်မည်။
- ကမ္ဘာပေါ်ရှိကျွန်းများ ဖြစ်ပေါ်လာပုံနှင့် ပတ်ဝန်းကျင်အခြေအနေများပေါ် မူတည်၍ ကွဲပြားခြားနားသည်ကိုလည်း သိရှိမည်။ တိုက်ကြီးများ၏ အနီးပတ်ဝန်းကျင်ရှိ ကျွန်းများနှင့် သမုဒ္ဒရာအတွင်းရှိကျွန်းများဟူ၍ အုပ်စုနှစ်စု ခွဲခြားနိုင်သည်ကို လေ့လာသင်ယူနိုင်မည်။
- သဘာဝပတ်ဝန်းကျင်ဖြစ်စဉ်များကြောင့် စီးရေ၊ လေ၊ ပင်လယ်ရေလှိုင်းနှင့် မြေအောက်ရေတို့၏ လုပ်ဆောင်ချက်များသည် ကမ္ဘာ့မြေမျက်နှာပြင်ကို မည်သို့တိုက်စား၊ သယ်ဆောင်၊ ပို့ချ သည်ကိုသိရှိနိုင်ပြီး ဖြစ်ပေါ်လာသော ကုန်းမြေသဏ္ဌာန်များအကြောင်းကို လေ့လာသင်ယူ နိုင်မည်ဖြစ်သည်။

## ဤသင်ခန်းစာနှင့်ပတ်သက်၍ သင်သိရှိပြီးသောအကြောင်းအရာ

- ဆဋ္ဌမတန်းတွင် ကျွန်ုပ်တို့ကမ္ဘာသည် နေအဖွဲ့အစည်းတွင်ပါဝင်သော ဂြိုဟ်ရှစ်လုံးအနက် တစ်လုံးဖြစ်သည်။ ကမ္ဘာသည် ယေဘုယျအားဖြင့် လုံးဝန်းသောပုံသဏ္ဌာန်ရှိကြောင်း သိရှိ ခဲ့ပြီးဖြစ်သည်။
- ဆဋ္ဌမတန်းတွင် ကမ္ဘာ၏ပုံသဏ္ဌာန်နှင့် အရွယ်ပမာဏအကြောင်းကို သိရှိခဲ့ပြီးဖြစ်သည်။

## ဤအခန်းကိုလေ့လာသင်ယူပြီးပါက ကျောင်းသားများသည် အောက်ပါတို့ကို လုပ်ဆောင်နိုင်မည်။

- ကမ္ဘာကိုလွှာထုကြီး ၃ ခုဖြင့် တည်ဆောက်ထားကြောင်း သိရှိပြီး ရှင်းပြတတ်မည်။
- တိုက်ကြီးများနှင့် ကျွန်းများအကြောင်း ဖော်ပြတတ်မည်။
- သဘာဝပတ်ဝန်းကျင်ဖြစ်စဉ်များကြောင့် ဖြစ်ပေါ်လာသော မြေပြင်သဏ္ဌာန်များအကြောင်း သိရှိပြီး ရှင်းပြတတ်မည်။

DBE BOX

## ၁.၁ ကမ္ဘာမြေကြီးဖွဲ့စည်းတည်ဆောက်ပုံ

**သင်ခန်းစာမိတ်ဆက်**

- ကမ္ဘာသည် တောင်နှင့်မြောက်ဝင်ရိုးစွန်းတို့တွင် အနည်းငယ်ပြားပြီး အရှေ့အနောက် အနည်းငယ်ကျယ်ဝန်းသည် ဟူသည့်အကြောင်းတို့ကို လေ့လာသင်ယူခဲ့ပြီးဖြစ်သည်။
- ယခုဆက်လက်ပြီး ကမ္ဘာမြေကြီးဖွဲ့စည်းတည်ဆောက်ပုံကို သင်ယူကြမည်။

### ကမ္ဘာမြေကြီးဖွဲ့စည်းတည်ဆောက်ပုံ

ကမ္ဘာကိုလွှာထုကြီးများဖြင့် ဖွဲ့စည်းထားကြောင်း လျှင်လှိုင်းလေ့လာမှုများမှ သိရှိနိုင်သည်။ ယေဘုယျအားဖြင့် (က) ကမ္ဘာ့အပေါ်ယံလွှာ (ခ) ကမ္ဘာ့ကြားလွှာ(အပေါ်ပိုင်းနှင့်အောက်ပိုင်း)နှင့် (ဂ)ကမ္ဘာ့ဗဟိုပိုင်း(အပြင်လွှာနှင့်အတွင်းပိုင်း) ဟူ၍ ၃ ပိုင်း ပိုင်းခြားနိုင်သည်။




ပုံ (၁. ၁) ကမ္ဘာမြေကြီးဖွဲ့စည်းတည်ဆောက်ပုံ

## (က) ကမ္ဘာ့အပေါ်ယံလွှာ

အပူချိန် - ၂၂ ဒီဂရီဆဲလ်စီးယပ်

အခြေအနေ - အစိုင်အခဲအခြေအနေ

ဖွဲ့စည်းပုံ - သမုဒ္ဒရာအောက်ခင်းလွှာဆီမာ(Sima)ကို ဆီလီကာနှင့် မဂ္ဂနီဆီယမ် ပါဝင်သော တွင်းထွက်များဖြင့်တည်ဆောက်ထားပြီး တိုက်ကြီးများ အောက်ရှိ ကမ္ဘာ့အပေါ်ယံလွှာ ဆီအယ်(Sial)ကို ဆီလီကာနှင့် အလူမီနီယမ်ပါဝင်သော တွင်းထွက်များဖြင့်တည်ဆောက်ထားသည်။

ကမ္ဘာ့အပေါ်ယံလွှာသည် အပေါ်ယံမျက်နှာပြင်ရှိ အပါးဆုံးအလွှာဖြစ်သည်။ မြေမျက်နှာပြင် အောက် ၈ ကီလိုမီတာမှ ၇၀ ကီလိုမီတာအထိ အနက်တွင်တွေ့ရသည်။ ဆီအယ်လွှာသည် တိုက်ကြီး များအောက်တွင်ထူပြီး သမုဒ္ဒရာအောက်ခင်းပိုင်းတွင် ပါးသည်။ အလွှာနှစ်ထပ်ရှိ၍ အပေါ်ပိုင်းအလွှာကို ဆီအယ်လွှာဟုခေါ်ပြီး တိုက်ကြီးများတည်ရှိသော အပေါ်ယံလွှာဖြစ်သည်။ ဂရက်နစ်ကျောက် (နှမ်းဖတ်ကျောက်) (Granite) များဖြင့် တည်ဆောက်ထားသည်။ ဆီအယ်လွှာ၏အောက်တွင် ပိုမို လေးလံသိပ်သည်းသည့် ကျောက်များဖြင့် ဖွဲ့စည်းထားသော ဆီမာလွှာခေါ်သည့်အလွှာရှိပြီး သမုဒ္ဒရာ အောက်ခင်းပိုင်းများ တည်ရှိသောအလွှာဖြစ်သည်။ ဗဆော့ကျောက် (Basalt) များဖြင့် တည်ဆောက် ထားသည်။




ပုံ (၁. ၂) ကမ္ဘာ့အပေါ်ယံလွှာ

## (ခ) ကမ္ဘာ့ကြားလွှာ (အပေါ်ပိုင်း)

အပူချိန် - ၁၄၀၀ ဒီဂရီဆဲလ်စီးယပ် မှ ၃၀၀၀ ဒီဂရီဆဲလ်စီးယပ် အထိ

အခြေအနေ - အရည်/အစိုင်အခဲအခြေအနေ

ဖွဲ့စည်းပုံ - သံ၊ အောက်ဆီဂျင်၊ ဆီလီကွန်၊ မဂ္ဂနီဆီယမ် နှင့် အလူမီနီယမ်

ကမ္ဘာ့ကြားလွှာ (အပေါ်ပိုင်း) ကို ကမ္ဘာ့မျက်နှာပြင်အောက် ကီလိုမီတာ ၆၇၀ အနက်တွင် စတင်တွေ့နိုင်ပြီး အရည်ပျော်နေသောကျောက်များနှင့် အစိုင်အခဲများဖြင့် ဖွဲ့စည်းထားသည်။ အပေါ်ပိုင်းရှိ ကျောက်များသည် ပိုမိုအေးသောကြောင့် စေးပျစ်သောအနေအထားရှိသည်။ အဓိက အားဖြင့် ပယ်ရီဒိုတိုက်ကျောက် (Peridotite) များဖြင့် တည်ဆောက်ထားသည်။

## ကမ္ဘာ့ကြားလွှာ (အောက်ပိုင်း)

အပူချိန် - ၃၀၀၀ ဒီဂရီဆဲလ်စီးယပ် မှ ၄၀၀၀ ဒီဂရီဆဲလ်စီးယပ် အထိ

အခြေအနေ - အစိုင်အခဲအခြေအနေ

ဖွဲ့စည်းပုံ - သံ၊ အောက်ဆီဂျင်၊ ဆီလီကွန်၊ မဂ္ဂနီဆီယမ် နှင့် အလူမီနီယမ်

ကမ္ဘာ့ကြားလွှာ(အောက်ပိုင်း)ကို ကမ္ဘာ့မျက်နှာပြင်အောက် ကီလိုမီတာ ၆၇၀ မှ ကီလိုမီတာ ၂၈၉၀ ကြားတွင် တွေ့ရပြီး ကျောက်အစိုင်အခဲများဖြင့် ဖွဲ့စည်းထားသည်။ ကျောက်များအရည်ပျော်နိုင်သော အပူချိန်ရှိသော်လည်း ဖိအားကြောင့် အစိုင်အခဲအနေဖြင့် ရှိနေသည်။

## (ဂ) ကမ္ဘာ့ဗဟိုပိုင်း (အပြင်လွှာ)

အပူချိန် - ၄၀၀၀ ဒီဂရီဆဲလ်စီးယပ် မှ ၅၀၀၀ ဒီဂရီဆဲလ်စီးယပ် အထိ

အခြေအနေ - အရည်အခြေအနေ

ဖွဲ့စည်းပုံ - သံ၊ နီကယ်၊ ဆာလဖာနှင့် အောက်ဆီဂျင်

ကမ္ဘာ့ဗဟိုပိုင်း (အပြင်လွှာ) သည် အရည်ပျော်လျက်ရှိသော သံနှင့်နီကယ်တို့ဖြင့် ဖွဲ့စည်းထားပြီး ကမ္ဘာ့မျက်နှာပြင်အောက် ကီလိုမီတာ ၅၁၅၀ အနက်တွင် တွေ့ရသည်။ ကမ္ဘာ့ဗဟိုပိုင်း (အပြင်လွှာ)ကို သတ္တုရည်များသည် ကမ္ဘာ့ဗဟိုပိုင်း (အတွင်းပိုင်း)ကို လှည့်ပတ်စီးဆင်းနေသောကြောင့် ကမ္ဘာ့သံလိုက်စက်ကွင်း ဖြစ်ပေါ်လာသည်။

## ကမ္ဘာ့ဗဟိုပိုင်း (အတွင်းပိုင်း)

အပူချိန် - ၅၀၀၀ ဒီဂရီဆဲလ်စီးယပ် မှ ၆၀၀၀ ဒီဂရီဆဲလ်စီးယပ် အထိ

အခြေအနေ - အစိုင်အခဲအခြေအနေ

ဖွဲ့စည်းပုံ - သံနှင့် နီကယ်

ကမ္ဘာ့ဗဟိုပိုင်း (အတွင်းပိုင်း) သည် အချင်းကီလိုမီတာ ၂၅၀၀ ခန့်ရှိသော သတ္တုလုံးအနေဖြင့် ရှိနေသည်။ သတ္တုများအရည်ပျော်နိုင်သောအပူချိန်ထက် များစွာမြင့်မားသော်လည်း ဖိအားကြီးမားခြင်းကြောင့် အစိုင်အခဲအခြေအနေဖြင့် ရှိနေသည်။

**အဓိကအချက်များ**

- ❖ ကမ္ဘာကိုအကြမ်းအားဖြင့် လွှာထုကြီး ၃ ခု ဖြစ်သည့် ကမ္ဘာ့အပေါ်ယံလွှာ၊ ကမ္ဘာ့ကြားလွှာနှင့် ကမ္ဘာ့ဗဟိုပိုင်းဟူ၍ ပိုင်းခြားထားသည်။
- ❖ ကမ္ဘာ့အပေါ်ယံလွှာတွင် ဆီအယ်လွှာနှင့် ဆီမာလွှာတို့ဖြင့် တည်ဆောက်ထားသည်။
- ❖ ကမ္ဘာ့အပေါ်ယံလွှာသည် အပေါ်ယံမျက်နှာပြင်ရှိ အပါးလွှာဆုံးအလွှာဖြစ်သည်။
- ❖ ကမ္ဘာ့ကြားလွှာ (အပေါ်ပိုင်းနှင့် အောက်ပိုင်း) သည် သံ၊ အောက်ဆီဂျင်၊ ဆီလီကွန်၊ မဂ္ဂနီဆီယမ်နှင့် အလူမီနီယမ်ကျောက်များဖြင့် ဖွဲ့စည်းထားသည်။
- ❖ ကမ္ဘာ့ကြားလွှာ(အပေါ်ပိုင်း)ရှိ ကျောက်များသည်ပိုမိုအေးသောကြောင့် စေးပျစ်သော အနေအထားရှိသည်။
- ❖ ကမ္ဘာ့ကြားလွှာ(အောက်ပိုင်း)ရှိ ကျောက်များသည် အရည်ပျော်နိုင်သော အပူချိန်ရှိသော်လည်း ဖိအားကြောင့် အစိုင်အခဲအနေဖြင့် တည်ရှိနေသည်။
- ❖ ကမ္ဘာ့ဗဟိုပိုင်း(အပြင်လွှာ)သည် အရည်အခြေအနေဖြစ်၍ အပူချိန် ၄၀၀၀ ဒီဂရီဆဲလ်စီးယပ်မှ ၅၀၀၀ ဒီဂရီဆဲလ်စီးယပ် အထိ ပူသည်။
- ❖ ကမ္ဘာ့ဗဟိုပိုင်း(အပြင်လွှာ) သည် သံ၊ နီကယ်၊ ဆာလဖာနှင့် အောက်ဆီဂျင်တို့ဖြင့် ဖွဲ့စည်းထားသည်။
- ❖ ကမ္ဘာ့ဗဟိုပိုင်း (အတွင်းပိုင်း) သည် အပူချိန် ၅၀၀၀ ဒီဂရီဆဲလ်စီးယပ်မှ ၆၀၀၀ ဒီဂရီဆဲလ်စီးယပ်အထိ ရှိသည်။
- ❖ ကမ္ဘာ့ဗဟိုပိုင်း (အတွင်းပိုင်း) သည် အစိုင်အခဲအခြေအနေဖြစ်၍ သံနှင့်နီကယ်တို့ဖြင့် ဖွဲ့စည်းထားသည်။

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ အောက်ပါမေးခွန်းများကို တိုတိုနှင့်လိုရင်းသာဖြေဆိုပါ။

(က) ကမ္ဘာမြေကြီးကို ဖွဲ့စည်းတည်ဆောက်ရာတွင် အကြမ်းအားဖြင့်လွှာထုမည်မျှဖြင့် ပိုင်းခြားထားသနည်း။

(ခ) ကမ္ဘာ့အပေါ်ယံလွှာ၏အထုသည် တူညီစွာရှိသည်ဟု သင်ထင်ပါသလား။ လေ့လာဆန်းစစ် တင်ပြပါ။

(ဂ) ကမ္ဘာ့ဗဟိုပိုင်း (အပြင်လွှာ) ၏အကြောင်း သင်သိသမျှ ဖော်ပြပါ။

DBE BOX

## ၁.၂ တိုက်ကြီးများနှင့် ကျွန်းများ

**သင်ခန်းစာမိတ်ဆက်**

- ❖ ကမ္ဘာပေါ်တွင် ကုန်းမြေအဖြစ် တိုက်ကြီး ၇ တိုက်နှင့် သမုဒ္ဒရာ ၅ စင်း ဝန်းရံထားသည်ကို သိရှိမည်။ တိုက်ကြီးများကို မြောက်ကမ္ဘာခြမ်းတွင်လည်းကောင်း၊ သမုဒ္ဒရာများကို တောင်ကမ္ဘာခြမ်းတွင်လည်းကောင်း ပိုမိုကျယ်ပြန့်စွာ တွေ့မြင်နိုင်မည်။
- ❖ ကမ္ဘာပေါ်ရှိကျွန်းများသည် ၎င်းတို့၏ဖြစ်ပေါ်လာပုံနှင့် ပတ်ဝန်းကျင်အခြေအနေများပေါ် မူတည်၍ ကွဲပြားခြားနားစွာတည်ရှိကြသည်ကို လေ့လာနိုင်မည်။

### ၁.၂.၁ တိုက်ကြီးများ

တိုက်(Continent) ဆိုသည်မှာ ကမ္ဘာပေါ်တွင်အလွန်ကြီးမားသော ကုန်းမြေစိုင်ကြီးကို ဆိုလိုသည်။ ကမ္ဘာပေါ်တွင် ကုန်းမြေအဖြစ် တိုက်ကြီး ၇ တိုက်ရှိပြီး ၎င်းတို့ကို သမုဒ္ဒရာကြီး ၅ စင်းနှင့် ပင်လယ်များက ဝန်းရံတည်ရှိသည်။ တိုက်ကြီးများကို မြောက်ကမ္ဘာခြမ်းတွင်လည်းကောင်း၊ ပင်လယ် သမုဒ္ဒရာများကို တောင်ကမ္ဘာခြမ်းတွင်လည်းကောင်း ပိုမိုကျယ်ပြန့်စွာတွေ့ရသည်။ တိုက်ကြီးများမှာ အာရှတိုက်၊ အာဖရိကတိုက်၊ မြောက်အမေရိကတိုက်၊ တောင်အမေရိကတိုက်၊ အန္တာတိကတိုက်၊ ဥရောပတိုက်နှင့် ဩစတြေးလျတိုက်တို့ဖြစ်သည်။

### (၁) အာရှတိုက်

အာရှတိုက်သည် တောင်လတ္တီကျု ၁၀ ဒီဂရီနှင့် မြောက်လတ္တီကျု ၈၀ ဒီဂရီကြား၊ အရှေ့လောင်ဂျီကျု ၂၅ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၁၇၀ ဒီဂရီကြား တည်ရှိသည်။ အနောက်ဘက်တွင် ပင်လယ်နီ၊ မြေထဲပင်လယ်၊ ပင်လယ်နက်နှင့် ကက်စပီယန်ပင်လယ်၊ မြောက်ဘက်တွင် အာတိတ်သမုဒ္ဒရာ၊ တောင်ဘက်တွင် အိန္ဒိယသမုဒ္ဒရာနှင့် အရှေ့ဘက်တွင် ပစိဖိတ်သမုဒ္ဒရာတို့ ဝန်းရံလျက်ရှိသည်။ ဧရိယာစတုရန်းကီလိုမီတာ ၄၄ သန်းကျော် ကျယ်ဝန်းပြီး ကမ္ဘာပေါ်တွင်အကြီးဆုံး တိုက်တစ်တိုက်ဖြစ်သည်။

ထင်ရှားသော ပထဝီဝင်အခြင်းအရာများမှာ ဟိမဝန္တာတောင်တန်း၊ ယူရယ်တောင်တန်း၊ ကွန်းလွန်တောင်တန်း၊ အာရေဗျသဲကန္တာရ၊ ဂိုဘီသဲကန္တာရ၊ ဂျပန်ကျွန်းစုနှင့် ဧဝရက်တောင်ထိပ်တို့ ဖြစ်ကြသည်။ ထို့ပြင် ကက်စပီယန်ပင်လယ်၊ ဘိုင်ကယ်ရေအိုင်၊ ယန်စီမြစ်၊ ယူဖရေးတီးနှင့် တိုက်ဂရစ်မြစ်၊ အိန္ဒုမြစ်၊ ဂင်္ဂါမြစ်၊ ဧရာဝတီ၊ သံလွင်၊ မဲခေါင်နှင့် ဟွမ်ဟို (မြစ်ဝါ) မြစ်များလည်း ထင်ရှားသည်။

အာရှတိုက်တွင် နိုင်ငံပေါင်း ၄၈ နိုင်ငံရှိသည်။ မြစ်ဝှမ်းများမှာ မြေသြဇာကောင်းသဖြင့် စိုက်ပျိုးရေး အဓိက လုပ်ကိုင်နိုင်သည်။ တွင်းထွက်ပစ္စည်းကြွယ်ဝပြီး ရေနံ၊ ကျောက်မီးသွေးတူးဖော်သည့် လုပ်ငန်းများလည်း အထူးအရေးပါသည်။



DBE BOX




ပုံ (၁. ၃) အာရှတိုက်

## (၂) အာဖရိကတိုက်

အာဖရိကတိုက်သည် မြောက်လတ္တီကျူ ၃၇ ဒီဂရီနှင့် တောင်လတ္တီကျူ ၃၅ ဒီဂရီကြား၊ အနောက်လောင်ဂျီကျူ ၁၇ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၅၁ ဒီဂရီကြားတွင် တည်ရှိသည်။ မြောက်ဘက်တွင် မြေထဲပင်လယ်၊ အနောက်ဘက်တွင် အတ္တလန္တိတ်သမုဒ္ဒရာ၊ အရှေ့ဘက်တွင်အိန္ဒိယသမုဒ္ဒရာနှင့် ပင်လယ်နီတို့က ဝန်းရံထားသည်။ အာဖရိကတိုက်သည် ဧရိယာစတုရန်းကီလိုမီတာ ၃၀ သန်းခန့်ရှိပြီး အာရှတိုက်ပြီးလျှင် ဒုတိယအကြီးဆုံးတိုက် ဖြစ်သည်။ ဥရောပတိုက်နှင့် အာဖရိကတိုက်ကို မြေထဲပင်လယ်က ပိုင်းခြားထားသည်။

ထင်ရှားသော ပထဝီဝင်အခြင်းအရာများမှာ အမြင့်ဆုံးတောင်ထိပ်ဖြစ်သော ကီလီမန်ဂျာရိုးတောင်ထိပ်၊ ကွန်ဂိုမြစ်နှင့် ကမ္ဘာပေါ်တွင် အရှည်ဆုံးမြစ်ဖြစ်သော နိုင်းမြစ်တို့ဖြစ်ကြသည်။ အာဖရိကတိုက်တွင် အကြီးဆုံးရေအိုင်သည် ဗစ်တိုးရီးယားရေအိုင် ဖြစ်သည်။ ဆာဟာရ၊ နမိနှင့် ကလာဟာရီသဲကန္တာရများလည်း ရှိသည်။ အာဖရိကတိုက်တွင် နိုင်ငံပေါင်း ၅၄ နိုင်ငံရှိသည်။ စိန်၊ ရွှေ၊ ကြေးနီနှင့် ကျောက်မီးသွေးများ တူးဖော်ရရှိသည်။

DBE BOX




ပုံ (၁. ၄) အာဖရိကတိုက်

## (၃) မြောက်အမေရိကတိုက်

မြောက်အမေရိကတိုက်သည် မြောက်လတ္တီကျူ ၈ ဒီဂရီနှင့် မြောက်လတ္တီကျူ ၈၃ ဒီဂရီကြား၊ အနောက်လောင်ဂျီကျူ ၅၀ ဒီဂရီနှင့် အနောက်လောင်ဂျီကျူ ၁၇၀ ဒီဂရီကြားတွင် တည်ရှိသည်။ တောင်ဘက်တွင် မက္ကဆီကိုပင်လယ်ကွေ့၊ ကရစ်ဘီယန်ပင်လယ်နှင့် တောင်အမေရိကတိုက်၊ အရှေ့ဘက်တွင် အတ္တလန္တိတ်သမုဒ္ဒရာ၊ မြောက်ဘက်တွင် အာတိတ်သမုဒ္ဒရာနှင့် ဟတ်ဒဆင်ပင်လယ်ကွေ့၊ အနောက်ဘက်တွင် ပစိဖိတ်သမုဒ္ဒရာတို့ဝန်းရံလျက် ရှိသည်။ မြောက်အမေရိကတိုက်သည် ဧရိယာ စတုရန်းကီလိုမီတာ ၂၄ သန်းကျော်ကျယ်ဝန်းပြီး ကမ္ဘာပေါ်တွင် တတိယအကြီးဆုံးတိုက်ဖြစ်သည်။

ထင်ရှားသောပထဝီဝင် အခြေအနေများမှာ အနောက်ဘက်တွင် ရော့ကီးတောင်တန်း၊ အရှေ့ဘက်တွင် အက်ပလေချီယံကုန်းမြင့်နှင့် လက်ဘရဒေါကုန်းမြင့်၊ အလယ်ပိုင်းတွင် မြေနိမ့်လွင်ပြင်ဒေသရှိသည်။ မစ္စစ္စပီ၊ မစ်ဇူရီနှင့် ရီအိုဒီဂရန်ဒေးရိုးမြစ်များသည် မက္ကဆီကိုပင်လယ်ကွေ့အတွင်းသို့လည်းကောင်း၊ စိန့်လောရင့်မြစ်သည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်းသို့လည်းကောင်း စီးဝင်သည်။




ပုံ (၁. ၅) မြောက်အမေရိကတိုက်

အထင်ရှားဆုံးအိုင်ကြီးများမှာ ဟူရွန်၊ အွန်တေရီယို၊ မစ်ရှီဂန်၊ အီရီနှင့် ဆူပီးရီးယားရေအိုင်ကြီးများ ဖြစ်ကြသည်။ မြောက်အမေရိကတိုက်တွင်နိုင်ငံပေါင်း ၂၃ နိုင်ငံရှိသည်။ ရာသီဥတုအမျိုးအစားစုံလင်သောကြောင့် သီးနှံမျိုးစုံစိုက်ပျိုးနိုင်ပြီး တွင်းထွက်ပစ္စည်းနှင့် ရေနံထွက်ရှိသောကြောင့် စက်မှုလုပ်ငန်းထွန်းကားသည်။

## (၄) တောင်အမေရိကတိုက်

တောင်အမေရိကတိုက်သည် မြောက်လတ္တီကျူ ၁၂ ဒီဂရီနှင့် တောင်လတ္တီကျူ ၅၅ ဒီဂရီကြား၊ အနောက်လောင်ဂျီကျူ ၃၅ ဒီဂရီနှင့် အနောက်လောင်ဂျီကျူ ၈၁ ဒီဂရီကြားတွင် တည်ရှိသည်။ မြောက်ဘက်နှင့် အနောက်မြောက်ဘက်တွင် ကရစ်ဘီယန်ပင်လယ်၊ အရှေ့မြောက်နှင့်အရှေ့ဘက်တွင် အတ္တလန္တိတ်သမုဒ္ဒရာ၊ အနောက်ဘက်တွင် ပစိဖိတ်သမုဒ္ဒရာတို့က ဝန်းရံထားသည်။ ဧရိယာစတုရန်းကီလိုမီတာ ၁၇. ၈ သန်းကျော် ကျယ်ဝန်းသည်။

ထင်ရှားသော ပထဝီဝင်အခြင်းအရာများမှာ အင်ဒီးစ်တောင်တန်း၊ ဘရာဇီးကုန်းမြင့်၊ ဂီအာနာကုန်းမြင့်တို့ ဖြစ်ကြသည်။ အင်ဒီးစ်တောင်တန်း၏ အရှေ့ဘက်တွင် ကြီးမားကျယ်ပြန့်သော မြစ်ဝှမ်းလွင်ပြင်ဒေသ ရှိသည်။ ထိုလွင်ပြင်ဒေသသည် ကမ္ဘာပေါ်တွင် ရေဆင်းဧရိယာအကြီးဆုံးဖြစ်သည့် အမေဇုံမြစ်နှင့် ပါရာနာမြစ်တို့ စီးဆင်းရာဒေသဖြစ်သည်။




ပုံ (၁. ၆) တောင်အမေရိကတိုက်

တောင်အမေရိကတိုက်တွင် နိုင်ငံပေါင်း ၁၂ နိုင်ငံရှိသည်။ အမေဇုံမြစ်ဝှမ်း၏ ဧရိယာအများစုတွင် အပူပိုင်းမိုးသစ်တောများ ပေါက်ရောက်သည်။ မြောက်ပိုင်းမြေနိမ့်တွင် ရှာနိုဇမ်မြက်ခင်းပြင်နှင့် တောင်ပိုင်းတွင် ပမ်းပ(စ်)မြက်ခင်းများ တွေ့နိုင်သည်။ ရွှေ၊ ငွေ၊ ခဲနှင့် ရေနံ စသည့် တွင်းထွက်ပစ္စည်းများ ထွက်သည်။

## (၅) အန္တာတိကတိုက်

အန္တာတိကတိုက်သည် ကမ္ဘာ့တောင်ဘက်စွန်း အန္တာတိတ်စက်ဝိုင်းအတွင်း တည်ရှိပြီး ရေခဲပြင်များ အစဉ်ဖုံးလွှမ်းလျက်ရှိသည်။ ဧရိယာစတုရန်းကီလိုမီတာ ၁၄ သန်းခန့်ရှိသည်။ အလွန်အေး၍ အစဉ်ရေခဲနေသောကြောင့် လူတို့နေထိုင်ရန်ခက်ခဲသည်။ သုတေသန ပြုလုပ်သူများသာ တစ်ခါတစ်ရံ သွားရောက်လေ့လာကြသည်။




ပုံ (၁.၇) အန္တာတိကတိုက်

## (၆) ဥရောပတိုက်

ဥရောပတိုက်ကုန်းမကြီးသည် မြောက်လတ္တီကျူ ၃၆ ဒီဂရီနှင့် မြောက်လတ္တီကျူ ၇၁ ဒီဂရီကြား၊ အနောက်လောင်ဂျီကျူ ၁၂ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၆၀ ဒီဂရီကြားတွင် တည်ရှိသည်။ တောင်ဘက်တွင် မြေထဲပင်လယ်၊ ပင်လယ်နက်၊ အရှေ့တောင်ဘက်တွင် ကက်စပီယန်ပင်လယ်၊ မြောက်ဘက်တွင် အာတိတ်သမုဒ္ဒရာ၊ အနောက်ဘက်တွင် အတ္တလန္တိတ်သမုဒ္ဒရာတို့ ဝန်းရံလျက်ရှိသည်။ ကျွန်းဆွယ်များ၊ ပင်လယ်ကွေ့များနှင့် ပင်လယ်အော်များ အများအပြားရှိသည်။ သေးငယ်သော တိုက်တစ်တိုက် ဖြစ်သည်။ ဧရိယာစတုရန်းကီလိုမီတာ ၁၀ သန်းခန့် ကျယ်ဝန်းသည်။

ထင်ရှားသော ပထဝီဝင်အခြင်းအရာမှာ ဥရောပတိုက်နှင့် အာရှတိုက်ကို ပိုင်းခြားထားသော ယူရယ်တောင်တန်း ဖြစ်သည်။ ဥရောပနှင့်အာရှတိုက်နှစ်ခုပေါင်း၍ ယူရေးရှားကုန်းမကြီးဟု ခေါ်ဆိုနိုင်သည်။ ဥရောပတိုက်၏တောင်ပိုင်းရှိ အဲလ်ပ်(စ်) (Alps) လွှာတွန့်တောင်တန်းသည်လည်း ထင်ရှားသည်။ မြေနိမ့်လွင်ပြင်များတွင် စိုက်ပျိုးမွေးမြူရေးဖြစ်ထွန်းသဖြင့် လူနေများသည်။ ဥရောပတိုက်၏ အရှည်ဆုံးမြစ်မှာ ဗော်လဂါ (Volga)မြစ် ဖြစ်သည်။



DBE BOX




ပုံ (၁. ၈) ဥရောပတိုက်

ဥရောပတိုက်တွင် နိုင်ငံပေါင်း ၅၁ နိုင်ငံရှိသည်။ သစ်ထုတ်လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် ရေအားလျှပ်စစ်ထုတ်လုပ်သောလုပ်ငန်းများကို လုပ်ကိုင်ကြသည်။ ကျောက်မီးသွေးနှင့် သံသတ္တုရိုင်း ပေါကြွယ်ဝ၍ စက်မှုလုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်သည်။

## (၇) ဩစတြေးလျတိုက်

ဩစတြေးလျတိုက်သည် တောင်ကမ္ဘာခြမ်းတွင်တည်ရှိပြီး တောင်လတ္တီကျု ၁၀ ဒီဂရီနှင့် တောင်လတ္တီကျု ၄၅ ဒီဂရီကြား၊ အရှေ့လောင်ဂျီကျု ၁၁၂ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၁၅၃ ဒီဂရီ ကြားတွင် တည်ရှိသည်။ တောင်ယာဉ်စွန်းတန်းမျဉ်းသည် တိုက်၏အလယ်ခန့်ကို ဖြတ်သွားသည်။ မြောက်ဘက်၊ အနောက်ဘက်နှင့် တောင်ဘက်တွင် အိန္ဒိယသမုဒ္ဒရာ၊ အရှေ့ဘက်တွင် ပစိဖိတ် သမုဒ္ဒရာတို့ ဝန်းရံလျက်ရှိသည်။ ဩစတြေးလျတိုက်သည် ဧရိယာစတုရန်းကီလိုမီတာ ၉ သန်းခန့် ရှိပြီး ကမ္ဘာပေါ်တွင် ဧရိယာအငယ်ဆုံးတိုက် ဖြစ်သည်။

ထင်ရှားသော ပထဝီဝင်အခြင်းအရာများမှာ ကမ္ဘာ့တိုက်ကြီးများအနက် အပြန့်ပြူးဆုံးတိုက်ဖြစ်သည်။ ကော်စီယာစကိုသည် အမြင့်ဆုံးတောင်ထိပ်ဖြစ်ပြီး မီတာ ၂၂၃၀ မြင့်သည်။ အနိမ့်ဆုံးနေရာသည် အတွင်းပိုင်းရှိ အားရ် (Eyre) ဆားငန်ရေအိုင်ဖြစ်သည်။ တိုက်၏အရှေ့ဘက်ကမ်းလွန်ပင်လယ်ပြင်တွင် ကမ္ဘာ့အကြီးဆုံးဖြစ်သော မဟာကမ်းကွာသန္တာကျောက်တန်းကြီး(Great Barrier Reef)ကို တွေ့ရသည်။




ပုံ (၁. ၉) သြစတြေးလျတိုက်

သြစတြေးလျတိုက်၏ ဧရိယာ ၂၀ ရာခိုင်နှုန်းမှာ ခြောက်သွေ့သော ကန္တာရများဖြစ်၍ လူဦးရေနည်းသောတိုက်ဖြစ်သည်။ အရှေ့ဘက်တောင်တန်းများမှ မြစ်ဖျားခံသော မာရေးနှင့်ဒါလင်မြစ်များသည် တောင်ဘက် သြစတြေးလျပင်လယ်ကွေ့ကြီးအတွင်းသို့ စီးဝင်သည်။ သြစတြေးလျတိုက်တွင် ရာသီဥတုအမျိုးမျိုးရှိသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ သတ္တုတူးဖော်ရေးလုပ်ငန်း၊ သစ်ထုတ်လုပ်ငန်းနှင့် စက်မှုလုပ်ငန်းများ လုပ်ကိုင်ကြသည်။

## ၁.၂.၂ ကျွန်းများ

ကျွန်းများကို တိုက်ကြီးများ၏ အနီးပတ်ဝန်းကျင်ရှိ ကျွန်းများ(ကမ်းလွန်ကျွန်းများ)နှင့် သမုဒ္ဒရာအတွင်းရှိကျွန်းများဟူ၍ အုပ်စုနှစ်စု ခွဲခြားနိုင်သည်။

ကမ်းလွန်ကျွန်းများသည် တိုက်ကြီးများ၏ ကမ်းဦးရေတိမ်ပိုင်းတွင်တည်ရှိပြီး ကုန်းမြေအဆက်ဖြစ်သည်။ ဂရင်းလန်ကျွန်းသည် မြောက်အမေရိကတိုက် ကမ်းဦးရေတိမ်ပိုင်း၏ အစိတ်အပိုင်းဖြစ်သည်။ တက်စမေးနီးယားကျွန်းသည် သြစတြေးလျတိုက်၏ ကမ်းဦးရေတိမ်ပိုင်းပေါ်တွင် တည်ရှိသည်။ ပင်လယ်ရေပြင်မြင့်တက်ခြင်း သို့မဟုတ် ကုန်းမြေနိမ့်ကျခြင်းတို့ကြောင့် ကုန်းမကြီး၏အစိတ်အပိုင်းအချို့သည် ပင်လယ်ရေနှင့် ပိုင်းခြားခံရပြီး ကျွန်းများအဖြစ်တည်ရှိလာသည်။ မြန်မာနိုင်ငံရှိ မြိတ်ကျွန်းစုသည် ဤကျွန်းအမျိုးအစားပင်ဖြစ်သည်။

DBE BOX







ပုံ (၁. ၁၀) မြိတ်ကျွန်းစုနှင့် ဟာဝိုင်အီကျွန်းစု

သမုဒ္ဒရာအတွင်းရှိကျွန်းများသည် ပင်လယ်ရေနက်ပိုင်းတွင် သီးခြားမြင့်တက်နေသော ကုန်းမြေ၏ထိပ်ပိုင်းများ ဖြစ်သည်။ အချို့ကျွန်းများသည် ပင်လယ်ရေအောက် မီးတောင်လှုပ်ရှားမှုကြောင့် ပေါ်ပေါက်လာသော မီးတောင်ကျွန်းများဖြစ်သည်။ ဥပမာ- ဟာဝိုင်အီကျွန်းစု ဖြစ်သည်။ အချို့ကျွန်းများသည် ပင်လယ်ကြမ်းပြင်တွင် ပို့ချထားသောအနည်များ တွန့်ခေါက်ရာမှဖြစ်ပေါ်လာသည်။ ဂျပန်ကျွန်းစု၊ ကျူးရယ်ကျွန်းစုနှင့် အနောက်အိန္ဒိယကျွန်းစုများသည် ဤကျွန်းအမျိုးအစားများ ဖြစ်သည်။



DBE BOX

အချို့ကျွန်းများသည် ပင်လယ်ရေမျက်နှာပြင်မြင့်တက်ခြင်း၊ နိမ့်ကျခြင်းနှင့် ကုန်းမြေမြင့်တက်ခြင်း၊ နိမ့်ကျခြင်းတို့ကြောင့် ဖြစ်ပေါ်လာခြင်းမျိုး မဟုတ်ဘဲ ထုံးဓာတ်ထုတ်လုပ်နိုင်သော သေးငယ်သည့် ပင်လယ်သတ္တဝါငယ်ကလေးများ၊ သန္တာကောင်များနှင့် အခြားရေသတ္တဝါများက တည်ဆောက်ထားသော သန္တာကျွန်းများဖြစ်သည်။ သန္တာကောင်များသည် ပူနွေးကြည်လင်သော ပင်လယ်ရေပြင်များတွင် ကောင်းစွာနေနိုင်ကြသည်။ ထို့ကြောင့် သန္တာကျောက်တန်းများကို မြောက်လတ္တီကျု ၃၀ ဒီဂရီနှင့် တောင်လတ္တီကျု ၃၀ ဒီဂရီကြား၊ အထူးသဖြင့် တိုက်ကြီးများ၏ အရှေ့ဘက်ရှိ အပူပိုင်းပင်လယ်များတွင် တွေ့ရသည်။

သန္တာကျွန်း သုံးမျိုးရှိသည်။

၎င်းတို့မှာ (၁) ကမ်းနီးသန္တာကျွန်း (၂) ကမ်းကွာသန္တာကျွန်းနှင့် (၃) သန္တာကျွန်းစွေဟူ၍ ဖြစ်သည်။



ကမ်းနီးသန္တာကျွန်း



ကမ်းကွာသန္တာကျွန်း



သန္တာကျွန်းစွေ




ပုံ (၁. ၁၁) သန္တာကျွန်းအမျိုးအစားများပြပုံ

**(၁) ကမ်းနီးသန္တာကျွန်း** - တိုက်ကြီးများကမ်းခြေအနီးတွင်တည်ရှိသည်။ ပင်လယ်ရေစီးကြောင်းထဲတွင်ပါလာသော သန္တာကောင်လေးများသည် ကမ်းခြေတွင်ကပ်မိပြီး ကျောက်တန်းများ ပင်လယ်ဘက်သို့ ချဲ့ထွင်တည်ဆောက်ခြင်းဖြစ်သည်။ ကျောက်တန်းများ၏ မျက်နှာပြင်သည် မညီညာဘဲ ခပ်ကြမ်းကြမ်း ရှိသည်။ ကျွန်းနှင့်ကုန်းမြေကြားတွင် ရေတိမ်သော ထုံးအိုင်များ တွေ့ရတတ်သည်။

**(၂) ကမ်းကွာသန္တာကျွန်း** – ကမ်းကွာသန္တာကျွန်းသည် ကမ်းခြေနှင့် အနည်းငယ် ကွာဝေးသည်။ ၎င်းကျွန်းနှင့် ကုန်းမြေကြားရှိရေပြင်သည် ပို၍နက်ပြီးကျယ်ပြန့်သည်။ ဩစတြေးလျအရှေ့မြောက် ကမ်းခြေအနီးရှိ သန္တာကျောက်တန်းကြီးသည် ကမ္ဘာပေါ်တွင် အကြီးဆုံး မဟာကမ်းကွာသန္တာ ကျောက်တန်းကြီး (Great Barrier Reef) ဖြစ်သည်။

**(၃) သန္တာကျွန်းခွေ** – သန္တာကျွန်းခွေသည် မြင်းခွာပုံသော်လည်းကောင်း၊ စက်ဝိုင်းပုံသော်လည်း ကောင်း ရှိပြီး အလယ်တွင် ထုံးအိုင်ရှိသည်။

**အဓိကအချက်များ**

- ကမ္ဘာပေါ်တွင်ကုန်းမြေအဖြစ်တိုက်ကြီး ၇ တိုက်ရှိ၍ ၎င်းတို့ကို သမုဒ္ဒရာ ၅ စင်းနှင့် ပင်လယ်များက ဝန်းရံထားသည်။
- တိုက်ကြီးများသည် မြောက်ကမ္ဘာခြမ်းတွင် အများစု ရှိသည်။
- ပင်လယ်သမုဒ္ဒရာများသည် တောင်ကမ္ဘာခြမ်းတွင် ပိုမိုကျယ်ပြန့်စွာတွေ့ရသည်။
- အာရှတိုက်သည် ကမ္ဘာပေါ်တွင် အကြီးဆုံးတိုက် ဖြစ်သည်။
- နိုင်းမြစ်သည် ကမ္ဘာပေါ်တွင် အရှည်ဆုံးမြစ်ဖြစ်၍ အာဖရိကတိုက်၌ ရှိသည်။
- ဧဝရက်တောင်သည် ကမ္ဘာပေါ်တွင် အမြင့်ဆုံးဖြစ်သည်။
- ဩစတြေးလျတိုက်သည် ကမ္ဘာပေါ်တွင် ဧရိယာအသေးငယ်ဆုံးတိုက် ဖြစ်သည်။
- ကျွန်းများကို တိုက်ကြီးများ၏ အနီးပတ်ဝန်းကျင်ရှိ ကျွန်းများနှင့် သမုဒ္ဒရာအတွင်းရှိ ကျွန်းများဟူ၍ အုပ်စုနှစ်စုခွဲခြားနိုင်သည်။
- သန္တာကောင်များနှင့် အခြားရေသတ္တဝါများက တည်ဆောက်ထားသော ကမ်းနီး သန္တာကျွန်း၊ ကမ်းကွာသန္တာကျွန်းနှင့် သန္တာကျွန်းခွေ ဟူ၍ ရှိသည်။

**လေ့ကျင့်ရန် မေးခွန်းများ**

(၁) ကမ္ဘာပေါ်တွင် ကုန်းမြေအဖြစ်တည်ရှိသော တိုက်ကြီးများ၏ အမည်များကို ဖော်ပြပါ။

(၂) ကမ္ဘာပေါ်ရှိ အကြီးဆုံးတိုက်နှင့် အငယ်ဆုံးတိုက်တို့၏ ပထဝီဝင်အခြင်းအရာများကို နှိုင်း ယှဉ်ဖော်ပြပါ။

(၃) မြန်မာနိုင်ငံမြေပုံကို အသုံးပြု၍ ကမ်းလွန်ကျွန်းများကို ရှာဖွေပါ။
(၄) သန္တာကျွန်းများမည်ကဲ့သို့ ဖြစ်ပေါ်လာသနည်း။ သန္တာကျွန်းများသည် သဘာဝပတ်ဝန်းကျင်ကို မည်ကဲ့သို့ ပြောင်းလဲမှု ဖြစ်စေသနည်း။

## ၁.၃ သဘာဝပတ်ဝန်းကျင်ဖြစ်စဉ်များကြောင့်ဖြစ်ပေါ်လာသော မြေပြင်သဏ္ဌာန်များ

**သင်ခန်းစာမိတ်ဆက်**

❖ သဘာဝပတ်ဝန်းကျင်ဖြစ်စဉ်များကြောင့် ကမ္ဘာ့မြေမျက်နှာသွင်ပြင်တို့သည် အစဉ်ပြောင်းလဲဖြစ်ပေါ်လျက်ရှိ၍ မြစ်၊ ချောင်း၊ ရေခဲမြစ်၊ မြေအောက်ရေ၊ ပင်လယ်ရေလှိုင်းနှင့် လေစသည်တို့သည် ကမ္ဘာ့မြေပြင်သဏ္ဌာန်များကို ပြုပြင်ဖန်တီးရာတွင် အလွန်အရေးပါသော အရာများဖြစ်ကြောင်းကို ၎င်းတို့၏လုပ်ဆောင်ချက်များဖြင့် ရှင်းလင်းဖော်ပြထားသည်။

### သဘာဝပတ်ဝန်းကျင်ဖြစ်စဉ်များကြောင့်ဖြစ်ပေါ်လာသော မြေပြင်သဏ္ဌာန်များ

မြစ်၊ ချောင်း၊ ရေခဲမြစ်၊ မြေအောက်ရေ၊ ပင်လယ်ရေလှိုင်းနှင့် လေ စသည်တို့သည် ကမ္ဘာ့မြေပြင်သဏ္ဌာန်များကိုပြုပြင်ဖန်တီးရာ၌ အလွန်အရေးပါသော အရာများဖြစ်သည်။ ၎င်းတို့သည် တိုက်စားခြင်း၊ သယ်ဆောင်ခြင်းနှင့် ပို့ချအနည်ထိုင်ခြင်းဟူသော လုပ်ဆောင်ချက်များဖြင့် ကမ္ဘာ့မြေပြင်သဏ္ဌာန်အမျိုးမျိုးကို ဖန်တီးပြောင်းလဲစေသည်။

### (၁) မြစ်ချောင်းများ၏ လုပ်ဆောင်ချက်

စိုစွတ်သောဒေသများတွင် မြစ်ချောင်းများ၏လုပ်ဆောင်ချက် အခန်းကဏ္ဍသည် အလွန်အရေးပါသည်။ မြစ်ဖျားပိုင်းတွင် မြစ်ကြမ်းခင်းတိုက်စားခြင်းကြောင့် (V) ပုံသဏ္ဌာန်ချိုင့်ဝှမ်းများ၊ အောက်ခံကျောက် အမာအပျော့မတူညီ၍ ရေတံခွန်နှင့်ရေမော်များ ဖြစ်ပေါ်လာတတ်သည်။ မြစ်လယ်ပိုင်းတွင် ကမ်းပါးများကို ဘေးတိုက်တိုက်စားသောကြောင့် မြစ်ချိုင့်ဝှမ်း ပိုမိုကျယ်ဝန်းပြန့်ပြူးလာပြီး (U) ပုံသဏ္ဌာန်ချိုင့်ဝှမ်းများ ဖြစ်ပေါ်လာသည်။ မြစ်အောက်ပိုင်းတွင်မူ မြစ်ကမ်းပါးများကိုသာ တိုက်စားသည်။




ပုံ (၁. ၁၂) (V) ပုံသဏ္ဌာန်နှင့် (U) ပုံသဏ္ဌာန်ချိုင့်ဝှမ်းများ ပြပုံ




ပုံ (၁. ၁၃) မြစ်ချောင်းများ၏ လုပ်ဆောင်ချက်ကြောင့် ကုန်းမြေသဏ္ဍာန်များဖွံ့ဖြိုးဖြစ်ပေါ်လာပုံ

မြစ်အောက်ပိုင်းမြေပြန့်သို့ရောက်သောအခါ ရေစီးနှေးလာပြီး သယ်ဆောင်လာသောအနည်များကို ပို့ချခြင်းကြောင့် မြေနုလွင်ပြင်များ၊ ရေလွှမ်းလွင်ပြင်များနှင့် သဘာဝနုန်းတာများကို တွေ့ရသည်။ မြစ်ကြောင်းများပိုမိုကောက်ကွေ့လာပြီး မြစ်ကောက်ကွေ့များ၊ မြစ်ကျိုးအင်းများကိုလည်း တွေ့ရသည်။ အနည်ပို့ချမှုများလာပြီး မြစ်ကြောင်းများစွာဖြင့် ခွဲဖြာစီးဆင်း၍ မြစ်ခွဲများကြားတွင် မြေနုကျွန်းများစုပေါင်းပြီး မြစ်ဝကျွန်းပေါ် ဖြစ်ပေါ်လာသည်။ (ဥပမာ-ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ) ဒီရေ၊ လှိုင်းနှင့် ပင်လယ်ရေစီးကြောင်း ပြင်းထန်သော နေရာများတွင် မြစ်ကြောင်းသည် မြစ်ဝကျယ်အဖြစ် ပင်လယ်တွင်းသို့ စီးဝင်သည်။ (ဥပမာ-စစ်တောင်း မြစ်ဝကျယ်)




ပုံ (၁. ၁၄) မြစ်ကောက်ကွေ့များနှင့် မြစ်ဝကျွန်းပေါ်ဖြစ်ပေါ်လာမှုပြပုံ

DBE BOX





ပုံ (၁. ၁၅) ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် စစ်တောင်းမြစ်ဝကျယ်

## (၂) ရေခဲမြစ်၏လုပ်ဆောင်ချက်

ရေခဲထုများသည် မြင့်ရာမှနိမ့်ရာသို့ ရွေ့လျားရင်း ပူနွေးသောအရပ်၌ အရည်ပျော်ကာ မြစ်ချောင်းများအဖြစ် ပင်လယ်သို့ရောက်သည်အထိ ဆက်လက်စီးဆင်းသည်။ ၎င်းရေခဲမြစ်သည်လည်း တိုက်စားခြင်း၊ သယ်ဆောင်ခြင်းနှင့် ပို့ချခြင်းဟူသော လုပ်ဆောင်ချက်သုံးရပ်ကို လုပ်ဆောင်ခြင်းဖြင့် မြေပြင်သဏ္ဌာန်များ ဖြစ်ပေါ်စေသည်။

ရေခဲမြစ်စီးဆင်းရာ ချိုင့်ကြောင်းသည် အင်္ဂလိပ်အက္ခရာ (U) ပုံသဏ္ဌာန်ရှိသည်။ ရေခဲမြစ်၏ မြစ်ဖျားအောက်ပိုင်းတွင် တိုက်စားမှုကြောင့် တစ်ဖက်ပွင့်ချိုင့်ခွက်ဝိုင်းပုံသဏ္ဌာန်များ ရှိလာသည်။ ရေခဲမြစ်နှစ်ခုသည် ကမ်းပါးများကို တိုက်စားရင်း တဖြည်းဖြည်း နီးကပ်လာသည့်အခါ ၎င်းတို့ကြားရှိ တောင်ရိုးများကျဉ်းမြောင်းလာပြီး လွှသွားကဲ့သို့ချွန်ထက်သည့် လွှသွားပုံတောင်ရိုး (Arete) များဖြစ်ပေါ် လာသည်။ လွှသွားပုံတောင်ရိုး သုံးလေးခုဆုံသောအခါ အလယ်တွင် ချွန်ထက်မတ်စောက်သော ပိရမစ်ပုံ မက်တဟွန်းတောင်ထိပ် (Matterhorn) များဖြစ်ပေါ်သည်။




ပုံ (၁. ၁၆) ရေခဲမြစ်စီးဆင်းမှုကြောင့် ဖြစ်ပေါ်လာသောမြေပြင်သဏ္ဌာန်များပြပုံ

ရေခဲမြစ်သည် ဘေးတစ်ဖက်တစ်ချက်ရှိ တောင်စွယ်များကို တိုက်စားသွားခြင်းဖြင့် တောင်စွယ်ပြတ်များ (Truncated Spurs) ဖြစ်ပေါ်လာသည်။ ရေခဲမြစ်ကြမ်းပြင်တွင် အရွယ်အမျိုးမျိုးရှိသော ချိုင့်ခွက်များကို ရေအိုင်အဖြစ်တွေ့ရသည်။ ရေခဲမြစ်သည် ကျောက်တုံး၊ ကျောက်ခဲ၊ ကျောက်စ၊ သဲနှင့် နွံ့ စသည်တို့ကို သယ်ဆောင်လာပြီး နေရာအနှံ့ပို့ချသဖြင့် ရေခဲဆောင်ကျောက်ပုံတန်းများ ဖြစ်ပေါ်လာသည်။

## (၃) မြေအောက်ရေ၏ လုပ်ဆောင်ချက်




ပုံ (၁. ၁၇) မြေအောက်ရေ

မြေအောက်ရေ၏ လုပ်ဆောင်ချက်ကြောင့် ဖြစ်ပေါ်လာသော အသွင်သဏ္ဌာန်အမျိုးမျိုးတို့ကို ထုံးကျောက်ဒေသတွင် ထင်ရှားစွာတွေ့ရသည်။ မိုးရေသည် ထုံးကျောက်များကို အရည်ပျော်ဝင်စေခြင်းဖြင့် တိုက်စားသည်။ အက်ကြောင်းများ တဖြည်းဖြည်းကျယ်လာပြီး မျိုပေါက်များ(Sinkholes) ဖြစ်လာသည်။ စီးဝင်သောရေများသည် ရေစိမ့်မဝင်နိုင်သော အောက်ခံကျောက်လွှာအထိ စီးဆင်းကြသည်။ ရေများက ထုံးကျောက်များကို အဆက်မပြတ်တိုက်စားရာမှ အချိန်ကြာလာသောအခါ လိုဏ်ဂူများ၊ မြေအောက်ချောင်းများ ဖြစ်ပေါ်လာသည်။

ထုံးကျောက်ဂူများတွင် ထုံးကျောက်များပျော်ဝင်နေသောရေစက်များ အငွေ့ပြန်သဖြင့် ဖြစ်ပေါ်လာသော ကျောက်စက်ပန်းဆွဲများ၊ ကျောက်စက်မိုးမျှော်များ၊ ထုံးကျောက်တိုင်များကို တွေ့ရသည်။

DBEBOX




ပုံ (၁. ၁၈) ထုံးကျောက်ဂူ ဖွဲ့စည်းတည်ရှိပုံ

## (၄) ပင်လယ်ရေ၏ လုပ်ဆောင်ချက်

ပင်လယ်ရေလှိုင်းနှင့် ရေစီးကြောင်းများ၏ လုပ်ဆောင်ချက်များကြောင့် ပင်လယ်၊ သမုဒ္ဒရာ ကမ်းရိုးတန်းများတွင် ကမ်းရိုးတန်းမြေပြင်သဏ္ဌာန်များ ဖြစ်ပေါ်စေသည်။ ပင်လယ်၊ သမုဒ္ဒရာ ကမ်းရိုးတန်းများတစ်လျှောက် ပင်လယ်ရေလှိုင်းတိုက်စားမှုကြောင့် ပင်လယ်ဂူများ၊ သဘာဝပေါင်းကူးများ၊ ပင်လယ်ကျောက်တိုင်များ ဖြစ်ပေါ်လာသည်။

ပင်လယ်ကမ်းခြေအနီး၌ စီးဆင်းနေသော ရေစီးကြောင်းများ၏ သယ်ဆောင်ခြင်း၊ ပို့ချခြင်း တို့ကြောင့် ပင်လယ်ကမ်းရိုးတန်းများ၏ ပင်လယ်ထိပ်ဝများတွင် သဲခုံတန်းများဖြစ်ပေါ်လာပြီး ထို သဲခုံတန်းများ၏ထိပ်တွင် သဲခုံဆွယ် (Spit) များဖြစ်ပေါ်လာတတ်သည်။



ပုံ (၁. ၁၉) ပင်လယ်ဂူ၊ သဘာဝပေါင်းကူးနှင့် ပင်လယ်ကျောက်တိုင်ပုံ

ကမ်းနှင့်အပြိုင်စီးဆင်းနေသော ရေစီးကြောင်းများကြောင့် ပင်လယ်အော်များအဝတွင် သဲခုံ တန်းများဖြစ်ပေါ်လာသည်။ ၎င်း၏ထိပ်တွင် သဲခုံဆွယ်များ ဖြစ်ပေါ်လာတတ်သည်။

DEFBOX




ပုံ (၁. ၂၀) သဲခုံတန်း၊ သဲခုံဆွယ်များဖြစ်ပေါ်လာပုံ

## (၅) လေ၏လုပ်ဆောင်ချက်

ခြောက်သွေ့သောကန္တာရဒေသများတွင် ကြီးမားကျယ်ပြန့်သောလေမှုတ်စားချိုင့်များ(Blowouts)၊ ကျောက်တုံးကြီးများအောက်ခြေကို တိုက်စားခြင်းကြောင့် မှိုပွင့်သဏ္ဌာန်ကျောက်တုံးများ (Mushroom Rocks) ဖြစ်ပေါ်လာသည်။




ပုံ (၁. ၂၁) မှိုပွင့်သဏ္ဌာန်ကျောက်တုံးများ ဖြစ်ပေါ်လာပုံ

လေသည် အတားအဆီးနှင့်တွေ့၍ အလျင်လျော့သောအခါ လေကွယ်ဘက်တွင် သဲများစုပုံပြီး သဲခုံများဖြစ်ပေါ်လာသည်။ သဲခုံများသည် ပုံသဏ္ဌာန်အတည်တကျမရှိသည့်အပြင် လေကြောင်းအရ ရွေ့လျားနေပြီး ပုံသဏ္ဌာန်အမျိုးမျိုးရှိသော သဲခုံများဖြစ်ပေါ်လာသည်။









ပုံ (၁. ၂၂) လေတိုက်စားမှုကြောင့် မြေပြင်ပုံသဏ္ဌာန်အမျိုးမျိုးဖြစ်ပေါ်လာပုံ

**အဓိကအချက်များ**

- ❖ မြစ်၊ ချောင်း၊ ရေခဲမြစ်၊ မြေအောက်ရေ၊ ပင်လယ်ရေလှိုင်းနှင့် လေ စသည်တို့၏လုပ်ဆောင်မှုများသည် သဘာဝပတ်ဝန်းကျင်ဖြစ်စဉ်များဖြစ်ပြီး မြေပြင်သဏ္ဌာန်များကို ပြုပြင်ဖန်တီးရာတွင် အလွန်အရေးပါသည်။
- ❖ မြစ်ဖျားပိုင်းတွင် (V) ပုံသဏ္ဌာန်ချိုင့်ဝှမ်းများ၊ ရေတံခွန်နှင့် ရေမော်များ၊ မြစ်လယ်ပိုင်းတွင် (U) ပုံသဏ္ဌာန်ချိုင့်ဝှမ်းများဖြစ်ပေါ်၍ မြစ်အောက်ပိုင်းတွင် မြစ်ကျိုးအင်းများ၊ မြစ်ဝကျွန်းပေါ်များနှင့် မြစ်ဝကျယ်များအဖြစ် တွေ့ရသည်။
- ❖ ရေခဲမြစ်တိုက်စားခြင်းကြောင့် လှသွားကဲ့သို့ချွန်ထက်သည့် လှသွားပုံတောင်ရိုး (Arete)နှင့် ပိရမစ်ပုံ မက်တဟွန်းတောင်ထိပ် (Matterhorn) များဖြစ်ပေါ်သည်။
- ❖ ထုံးကျောက်ဒေသများတွင် မြေအောက်ရေ၏တိုက်စားမှုကြောင့် မြေအောက်ချောင်းများ၊ ကျောက်စက်ပန်းဆွဲ၊ ကျောက်စက်မိုးမျှော်နှင့် ထုံးကျောက်တိုင်များ ဖြစ်ပေါ်လာသည်။
- ❖ ပင်လယ်ရေ၏လုပ်ဆောင်ချက်ကြောင့် ပင်လယ်ဂူ၊ သဘာဝပေါင်းကူး၊ ပင်လယ်ကျောက်တိုင်များ ဖြစ်ပေါ်လာသည်။
- ❖ လေ၏လုပ်ဆောင်ချက်ကြောင့် မှိုပွင့်သဏ္ဌာန်ကျောက်တုံးများနှင့် ပုံသဏ္ဌာန်အမျိုးမျိုးရှိသော သဲခုံများဖြစ်ပေါ်လာသည်။

DBE BOX

**လေ့ကျင့်ရန် မေးခွန်းများ**

၁။ မြစ်အောက်ပိုင်းတွင်တွေ့ရသော မြေပြင်သဏ္ဌာန်များကိုဖော်ပြပါ။

၂။ မြေအောက်ရေတိုက်စားခြင်းကြောင့် ဖြစ်ပေါ်လာသော မြေပြင်သဏ္ဌာန်များကို မည်သည့်ကျောက်အမျိုးအစားရှိသည့်နေရာတွင် တွေ့နိုင်သနည်း။

၃။ ကန္တာရဒေသများတွင် ကျောက်တုံးများ၏အောက်ခြေတွင် လေတိုက်စားမှုကြောင့်မည်သည့်ပုံစံများ ဖြစ်ပေါ်လာနိုင်သနည်း။

**အခန်း(၁) သဘာဝပထဝီဝင်ကို သင်ယူခဲ့သည့်အကြောင်းအရာများအား ပြန်လည်သုံးသပ်ပြီးကွက်လပ်များဖြည့်ပါ။**



# အခန်း(၂)

# လူမှုရေးပထဝီဝင်

# (မြန်မာနိုင်ငံ၏ လူမှုရေးပထဝီဝင်)

**နိဒါန်း**

❖ မြန်မာနိုင်ငံ၏ လူမှုရေးပထဝီဝင်အခန်းတွင် မြန်မာနိုင်ငံရှိ လူဦးရေပမာဏနှင့် တိုင်းရင်းသားလူမျိုးများ၏ ပျံ့နှံ့နေထိုင်ပုံများ၊ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို လေ့လာနိုင်မည်။

**ဤသင်ခန်းစာနှင့်ပတ်သက်၍ သင်သိရှိပြီးသောအကြောင်းအရာများ**

❖ ဆဋ္ဌမတန်းရှိ လူမှုရေးပထဝီဝင်တွင် လူမျိုးအုပ်စုကြီးများ ပေါ်ပေါက်လာပုံကို သိရှိပြီးဖြစ်သည်။ မြန်မာနိုင်ငံအတွင်း မွန်ဂိုလွိုက်အနွယ်ဝင် ၃ အုပ်စု ဝင်ရောက်လာခြင်းကိုလည်း သိရှိပြီးဖြစ်သည်။

❖ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်ကြသည်ကိုလည်း သိရှိပြီးဖြစ်သည်။

❖ မြန်မာနိုင်ငံတွင် အဓိကတိုင်းရင်းသားလူမျိုး ၈ မျိုးရှိပြီး တိုင်းရင်းသားလူမျိုးစု ၁၀၀ ကျော်ရှိကြောင်းသိရှိပြီး ဖြစ်သည်။

❖ မြန်မာနိုင်ငံ၏ မြေမျက်နှာသွင်ပြင်အနေအထားအပေါ်အခြေပြု၍ လူများပျံ့နှံ့နေထိုင်ပုံကိုလည်း သိရှိပြီးဖြစ်သည်။

**ဤအခန်းပြီးလျှင် သင်သည်အောက်ပါတို့ကို လုပ်ဆောင်နိုင်မည်**

❖ မြန်မာနိုင်ငံတွင် မြေမျက်နှာသွင်ပြင်အနေအထားအရ လူနေထိုင်မှုပျံ့နှံ့ပုံကိုသိရှိပြီး ရှင်းပြတတ်မည်။

❖ မြန်မာနိုင်ငံ၏ လူဦးရေနှင့်ပတ်သက်၍ ရှေးဘုရင်များလက်ထက်အချိန်မှ ယခုအချိန်အထိ လူဦးရေတိုးတက်လာခြင်းကို သိရှိပြီး ဆွေးနွေးနိုင်မည်။

❖ မြန်မာနိုင်ငံရှိ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် လူဦးရေအချိုးအစားကိုသိရှိပြီး တိုင်းရင်းသားလူမျိုးများ၏ပျံ့နှံ့နေထိုင်ပုံနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများကို လေ့လာသုံးသပ်တတ်မည်။



DBE BOX

## ၂.၁ မြန်မာနိုင်ငံ၏လူဦးရေနှင့် ပျံ့နှံ့နေထိုင်ပုံ

**သင်ခန်းစာမိတ်ဆက်**

- ❖ မြန်မာနိုင်ငံ၏ လူနေပျံ့နှံ့မှုများသည် တည်နေရာ၊ မြေမျက်နှာသွင်ပြင်၊ ရာသီဥတု၊ သဘာဝပေါက်ပင်နှင့် စီးပွားရေးလုပ်ငန်း စသည်တို့အပေါ် များစွာအမှီပြုလျက်ရှိသည်။
- ❖ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောနေရာများနှင့် စိုက်ပျိုးရန်လွယ်ကူသောဒေသများတွင် လူနေထူထပ်သိပ်သည်းပြီး တောင်ပေါ်ဒေသများနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသများတွင် လူနေကျဲပါးသည်။

### မြန်မာနိုင်ငံ၏လူဦးရေနှင့် ပျံ့နှံ့နေထိုင်ပုံ

မြန်မာနိုင်ငံတွင် တိုင်းဒေသကြီး ၇ ခု၊ ပြည်နယ် ၇ ခုနှင့် နေပြည်တော်ပြည်ထောင်စုနယ်မြေဟူ၍ ဖွဲ့စည်းထားသည်။ ရန်ကုန်တိုင်းဒေသကြီးသည် လူဦးရေ ၇. ၄ သန်းရှိ၍ လူဦးရေအများဆုံးဖြစ်သည်။ ဒုတိယလူဦးရေအများဆုံးမှာ ဧရာဝတီတိုင်းဒေသကြီးဖြစ်၍ လူဦးရေ ၆. ၂ သန်းရှိသည်။ ကယားပြည်နယ်တွင် ၀. ၂၈ သန်းရှိ၍ လူဦးရေအနည်းဆုံး ဖြစ်သည်။ မြန်မာနိုင်ငံ၏ လူနေအနည်းအများသည် တည်နေရာ၊ မြေမျက်နှာသွင်ပြင်၊ ရာသီဥတုနှင့် သဘာဝပေါက်ပင် စသည်တို့အပေါ် များစွာအမှီပြုလျက်ရှိသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောနေရာများနှင့် စိုက်ပျိုးရန်လွယ်ကူသောဒေသများတွင် လူနေထူထပ်သိပ်သည်းပြီး တောင်ပေါ်ဒေသများနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသများတွင် လူနေကျဲပါးသည်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့သည် လူနေထိုင်မှုအများဆုံးဖြစ်ပြီး တစ်နိုင်ငံလုံးလူဦးရေ၏ ၆၀ ရာခိုင်နှုန်းရှိသည်။ အခြား လူနေထိုင်မှုများသောဒေသများမှာ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ စစ်တွေလွင်ပြင်၊ မွန်ပြည်နယ် မော်လမြိုင်လွင်ပြင်နှင့် ကမ်းရိုးတန်းလွင်ပြင်ဒေသ၊ ပဲခူးတိုင်းဒေသကြီးရှိ စစ်တောင်းမြစ်ဝှမ်းလွင်ပြင်တို့ ဖြစ်သည်။ လူနေထိုင်မှုအနည်းဆုံး တိုင်းဒေသကြီးနှင့်ပြည်နယ်များမှာ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့ဖြစ်ပြီး တစ်နိုင်ငံလုံးလူဦးရေ၏ ၇. ၂ ရာခိုင်နှုန်းသာရှိသည်။ စီးပွားရေးအခြေခံများ ပြည့်စုံကောင်းမွန်ခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ မြေပြန့်လွင်ပြင်နေရာများနှင့် စိုက်ပျိုးနိုင်သည့်နေရာ ပေါများခြင်းတို့သည် လူနေထူထပ်များပြားမှုကိုဖြစ်ပေါ်စေသော အကြောင်းရင်းများ ဖြစ်ကြသည်။

DBE BOX

**အဓိကအချက်များ**

- မြန်မာနိုင်ငံတွင် တိုင်းဒေသကြီး ၇ ခု၊ ပြည်နယ် ၇ ခုနှင့် နေပြည်တော် ပြည်ထောင်စုနယ်မြေဟူ၍ ဖွဲ့စည်းထားသည်။
- ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့သည် လူနေထိုင်မှုအများဆုံး ဖြစ်သည်။
- လူနေထိုင်မှုအနည်းဆုံးမှာ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ ဖြစ်သည်။
- လူနေပျံ့နှံ့စေသော အဓိကအချက်များမှာ စီးပွားရေးအခြေခံ၊ လမ်းပန်းဆက်သွယ်ရေး၊ မြေပြန့်လွင်ပြင်နှင့် စိုက်ပျိုးနိုင်သောအခြေအနေများ ဖြစ်သည်။

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ မြန်မာနိုင်ငံအတွင်း လူဦးရေ ပျံ့နှံ့နေထိုင်ပုံသည် မည်သည့်အချက်များအပေါ် အဓိကမူတည်သနည်း။

၂။ ၂၀၁၄ ခုနှစ်သန်းခေါင်စာရင်းအရ လူနေထိုင်မှု အများဆုံးဖြစ်သော ပြည်နယ်နှင့် တိုင်းဒေသကြီးများကို ဖော်ပြပါ။

၃။ လူနေထိုင်မှု အများဆုံးနှင့် အနည်းဆုံးဖြစ်သော ပြည်နယ်/တိုင်းဒေသကြီး ၂ ခုစီကို ဖော်ပြ၍ အဘယ်ကြောင့် လူဦးရေများခြင်း၊ နည်းခြင်းဖြစ်ကြောင်း ဆန်းစစ်သုံးသပ်ပါ။

DBE Box

## ၂.၂ လူဦးရေပမာဏ

**သင်ခန်းစာမိတ်ဆက်**

- ❖ ရှေးမြန်မာဘုရင်များလက်ထက်တွင် သန်းခေါင်စာရင်းကောက်ယူမှု မရှိခဲ့ခြင်းကို သိရှိမည်။
- ❖ မြန်မာနိုင်ငံတွင် ၁၈၉၁ ခုနှစ်တွင် ပထမဦးဆုံးအကြိမ် သန်းခေါင်စာရင်း ကောက်ယူခဲ့သည်။
- ❖ ၂၀၁၄ ခုနှစ်တွင် တစ်နိုင်ငံလုံး သန်းခေါင်စာရင်း ကောက်ယူခဲ့သည်။

**လူဦးရေပမာဏ**

ရှေးမြန်မာဘုရင်များလက်ထက် သန်းခေါင်စာရင်း ကောက်ယူခဲ့ခြင်းမရှိ၍ ထိုအချိန်က လူဦးရေအတိအကျ မသိရပေ။ ၁၈၀၀ ပြည့်နှစ်ပတ်ဝန်းကျင်ခန့်တွင် မြန်မာနိုင်ငံလူဦးရေသည် ၄ သန်းကျော်ရှိသည်ဟု ခန့်မှန်းခဲ့ကြသည်။ တစ်နိုင်ငံလုံး သန်းခေါင်စာရင်းကို ၁၈၉၁ ခုနှစ်တွင် ပထမအကြိမ် ကောက်ယူနိုင်ခဲ့ပြီး လူဦးရေ ၇. ၇ သန်းရှိသည်။ ဗြိတိသျှခေတ်တွင် ၁၀ နှစ် တစ်ကြိမ် သန်းခေါင်စာရင်း ကောက်ယူခဲ့သည်။ လွတ်လပ်ရေးရပြီးသည့် နောက်ပိုင်းတွင် တစ်နိုင်ငံလုံး သန်းခေါင်စာရင်းကို ၁၉၇၃ ခုနှစ်၊ ၁၉၈၃ ခုနှစ်များတွင် ၂ ကြိမ်ကောက်ယူနိုင်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် သန်းခေါင်စာရင်း ကောက်ယူခဲ့ရာ လူဦးရေ ၅၁. ၅ သန်း ရှိခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် ခန့်မှန်း လူဦးရေ ၅၃. ၉ သန်းခန့် ရှိသည်။

ဇယား (၂. ၂. ၁) သန်းခေါင်စာရင်းကောက်ယူသော ခုနှစ်နှင့်လူဦးရေ

| သန်းခေါင်စာရင်းကောက်ယူသည့်ခုနှစ် | လူဦးရေ (သန်းပေါင်း) |
|---|---|
| ၁၈၉၁ | ၇. ၇ |
| ၁၉၀၁ | ၁၀. ၅ |
| ၁၉၁၁ | ၁၂. ၁ |
| ၁၉၂၁ | ၁၃. ၂ |
| ၁၉၃၁ | ၁၄. ၇ |
| ၁၉၄၁ | ၁၆. ၈ |
| ၁၉၇၃ | ၂၈. ၉ |
| ၁၉၈၃ | ၃၅. ၃ |
| ၂၀၁၄ | ၅၁. ၅ |

ဇယား (၂. ၂. ၂) ပြည်နယ်၊ တိုင်းဒေသကြီးအလိုက် လူဦးရေအရေအတွက်နှင့် အချိုးအစား (၂၀၁၄ ခုနှစ်)

| ပြည်နယ်/ တိုင်းဒေသကြီး/ ပြည်ထောင်စုနယ်မြေ | သန်းခေါင်စာရင်း လူဦးရေ | စုစုပေါင်းလူဦးရေ၏ အချိုးအစား(ရာခိုင်နှုန်း) |
|---|---|---|
| ကချင် | ၁၆၈၉၄၄၁ | ၃. ၃ |
| ကယား | ၂၈၆၆၂၇ | ၀. ၆ |
| ကရင် | ၁၅၇၄၀၇၉ | ၃. ၁ |
| ချင်း | ၄၇၈၈၀၁ | ၀. ၉ |
| မွန် | ၂၀၅၄၃၉၃ | ၄. ၀ |
| ရခိုင် | ၃၁၈၈၈၀၇ | ၆. ၂ |
| ရှမ်း | ၅၈၂၄၄၃၂ | ၁၁. ၃ |
| စစ်ကိုင်း | ၅၃၂၅၃၄၇ | ၁၀. ၃ |
| တနင်္သာရီ | ၁၄၀၈၄၀၁ | ၂. ၇ |
| ပဲခူး | ၄၈၆၇၃၇၃ | ၉. ၄ |
| မကွေး | ၃၉၁၇၀၅၅ | ၇. ၆ |
| မန္တလေး | ၆၁၆၅၇၂၃ | ၁၂. ၀ |
| ရန်ကုန် | ၇၃၆၀၇၀၃ | ၁၄. ၃ |
| ဧရာဝတီ | ၆၁၈၄၈၂၉ | ၁၂. ၀ |
| နေပြည်တော် | ၁၁၆၀၂၄၂ | ၂. ၃ |
| ပြည်ထောင်စု စုစုပေါင်း | ၅၁၄၈၆၂၅၃ | ၁၀၀ |

မှတ်ချက်။ ။ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်ထောင်စုအကြောင်းအရာ သန်းခေါင်စာရင်း အစီရင်ခံစာ အတွဲ (၂)



DBEBOX

**အဓိကအချက်များ**

- ❖ ရှေးမြန်မာဘုရင်များလက်ထက်က သန်းခေါင်စာရင်းကောက်ယူခဲ့ခြင်း မရှိသဖြင့် လူဦးရေ အတိအကျ မသိရပေ။
- ❖ ၁၈၀၀ ပြည့်နှစ် ပတ်ဝန်းကျင်ခန့်တွင် မြန်မာနိုင်ငံလူဦးရေသည် ၄ သန်းခန့်ရှိသည်ဟု ခန့်မှန်းကြသည်။
- ❖ ၁၈၉၁ ခုနှစ် ပထမဦးဆုံးအကြိမ် သန်းခေါင်စာရင်း ကောက်ယူခဲ့သည်။
- ❖ လွတ်လပ်ရေးရပြီးနောက်ပိုင်း တစ်နိုင်ငံလုံး သန်းခေါင်စာရင်းကို ၁၉၇၃ ခုနှစ်၊ ၁၉၈၃ ခုနှစ်နှင့် နောက်ဆုံး ၂၀၁၄ ခုနှစ်များတွင် ကောက်ယူခဲ့သည်။
- ❖ ၂၀၁၈ ခုနှစ် မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေ ၅၃. ၉ သန်းခန့် ရှိသည်။

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ ပထမဦးဆုံးအကြိမ် သန်းခေါင်စာရင်း ကောက်ယူခဲ့သော ခုနှစ်ကိုဖော်ပြပါ။

၂။ မြန်မာနိုင်ငံတွင် သန်းခေါင်စာရင်း နောက်ဆုံးကောက်ယူခဲ့သော ခုနှစ်နှင့် လူဦးရေကို ဖော်ပြပါ။

## ၂.၃ မြန်မာနိုင်ငံ၏တိုင်းရင်းသားလူမျိုးများနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံ

**သင်ခန်းစာမိတ်ဆက်**

- ❖ မြန်မာနိုင်ငံ၏ အကျယ်အဝန်းသည် ၆၇၆၅၇၇ စတုရန်းကီလိုမီတာ (၂၆၁၂၂၈ စတုရန်းမိုင်) ကျယ်ဝန်းသည်။
- ❖ မြန်မာနိုင်ငံတွင် အဓိကတိုင်းရင်းသားလူမျိုး ၈ မျိုးရှိပြီး လူမျိုးစုပေါင်း ၁၀၀ ကျော် ရှိသည်။

### မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးများနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံ

မြန်မာနိုင်ငံသည်အရှေ့နှင့်အနောက် ၉၃၇ ကီလိုမီတာ၊ တောင်နှင့်မြောက် ၂၀၅၂ ကီလိုမီတာ ကျယ်ဝန်းသည်။ ဘာသာစကား ဓလေ့ထုံးစံတို့တွင် အထိုက်အလျောက် ကွဲပြားခြားနားကြသည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ဟူ၍ အဓိကတိုင်းရင်းသားလူမျိုး ၈ မျိုးရှိပြီး လူမျိုးစုပေါင်း ၁၀၀ ကျော်ရှိသည်။

DBE Box

## ကချင်လူမျိုး

ကချင်တိုင်းရင်းသားလူမျိုးများသည် ကချင်၊ တရုံ၊ ဒလောင်၊ ဂျိန်ဖော့၊ ဂေါ်ရီ၊ ခကူး၊ ဒုရင်း၊ မရူ(လောဂိ)၊ ရဝမ်၊ လရှီ(လာချစ်)၊ အကီးနှင့် လီဆူးဟူ၍ မျိုးနွယ်စု ၁၂ မျိုးရှိသည်။ ၎င်းတို့သည် ကချင်ပြည်နယ်တွင် အများဆုံးနေထိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးမြောက်ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင်လည်း ပျံ့နှံ့နေထိုင်ကြသည်။ ၂၀၁၄ ခုနှစ်သန်းခေါင်စာရင်းအရ လူဦးရေ ၁. ၆၉ သန်းခန့် ရှိသည်။


ခါကာဘိုရာဇီတောင်


မနောတိုင်နှင့်ကချင်ရိုးရာအိမ်

ကချင်လူမျိုးများအများစုသည် ခရစ်ယာန်ဘာသာကို ကိုးကွယ်ကြပြီး အခြားဘာသာနှင့် နတ်ကိုးကွယ်မှုများလည်း ရှိသည်။ အများအားဖြင့် တောင်ပေါ်ဒေသတွင် နေထိုင်ကြပြီး တောင်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြသည်။ မြေပြန့်နေထိုင်သူများသည် လယ်ယာလုပ်ငန်းကို လုပ်ကိုင်ကြသည်။ ကချင်လူမျိုးတို့၏ ထင်ရှားသည့် သဘာဝအမှတ်လက္ခဏာ(Landmark)မှာ ခါကာဘိုရာဇီတောင်ဖြစ်သည်။ ကချင်လူမျိုးတို့၏ ရိုးရာအိမ်ပုံစံများသည် တူညီကြသည်။ ထူးခြားသည်မှာ ဘေးနံရံကို စောင်း၍ ဆောက်ကြသည်။ အိမ်အမိုးများကို သက်ငယ်အစည်းများဖြင့် မိုးကြသည်။ အိမ်ဦးခန်း၊ ဧည့်ခန်း၊ မိန်းမပျိုခန်း၊ မီးဖိုခန်းနှင့် နတ်ဆရာအခန်း စသည်ဖြင့်ရှိပြီး အခန်းတိုင်း၌ မီးဖိုရှိသည်။ မနောပွဲနှင့် မနောအကသည် ကချင်လူမျိုးတို့၏ ထင်ရှားသောရှေးအကျဆုံး ရိုးရာပွဲတော်ဖြစ်သည်။ နှစ်ဖက်ပိတ်စည်၊ မောင်းကြီး၊ အိုးစည်အရှည်၊ ကျွဲချိုဖြင့်ပြုလုပ်သော ခရာတို့သည် ကချင်လူမျိုးတို့၏ ထင်ရှားသော တူရိယာများဖြစ်သည်။ မျိုးနွယ်စုအလိုက် ယဉ်ကျေးမှု၊ ဘာသာစကား၊ ဓလေ့ထုံးစံ၊ ဝတ်စားဆင်ယင်ပုံများနှင့် ပြောဆိုသောစကားများသည် ဒေသအလိုက်ကွဲပြားသည်။

## ကယားလူမျိုး

ကယားတိုင်းရင်းသားလူမျိုးများသည် ကယား၊ ဇယိမ်း၊ ကယမ်း(ပဒေါင်)၊ ဂေခို၊ ဂေဘါး၊ ပရဲ(ကယော)၊ မနုမနော၊ ယင်းတလဲ၊ ယင်းဘော် စသည်ဖြင့် မျိုးနွယ်စု ၉ မျိုးရှိသည်။ ၎င်းတို့သည် ကယားပြည်နယ်တွင် အများဆုံးနေထိုင်ပြီး ပြောဆိုသောစကား ကွဲပြားမှုရှိသည်။ ကယားပြည်နယ်အပြင် ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ်နှင့် ပဲခူးတိုင်း တောင်ငူမြို့နယ်တို့တွင်လည်း အနည်းငယ်နေထိုင်သည်။


တောင်ကွဲစေတီ


ကယားရိုးရာအိမ်

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၀. ၃ သန်းခန့်ရှိသည်။ ကယားလူမျိုးအများစုသည် ဗုဒ္ဓဘာသာကို အများဆုံးကိုးကွယ်ပြီး နတ်ကိုးကွယ်သူများ၊ ခရစ်ယာန်ဘာသာကိုးကွယ်သူများနှင့် အခြားဘာသာကိုးကွယ်သူများလည်း ရှိသည်။ ကယားလူမျိုးတို့သည် တောင်ယာလုပ်ငန်းအပြင် လယ်ယာစိုက်ပျိုးရေး၊ ဥယျာဉ်ခြံမြေစိုက်ပျိုးရေးတို့ကို လုပ်ကိုင်ကြသည်။ အမဲလိုက်ခြင်းနှင့် ငါးဖမ်းလုပ်ငန်းတို့ကိုလည်း စိုက်ပျိုးရေးနှင့် တွဲဖက်လုပ်ကိုင်ကြသည်။

ကယားလူမျိုးတို့၏ ထင်ရှားသော သဘာဝအမှတ်လက္ခဏာ(Landmark)မှာ တောင်ကွဲစေတီဖြစ်သည်။ ကယားလူမျိုးတို့၏နေအိမ်များမှာ ခြေတံရှည်အိမ်များဖြစ်သည်။ ကေ့ထိုးဘိုးပွဲခေါ် တံခွန်တိုင်ပွဲတော်နှင့် ဒီကူးခေါ် ကောက်ညှင်းထုပ်ပွဲတော်တို့သည် ကယားလူမျိုးတို့၏ ထင်ရှားသောပွဲတော်များ ဖြစ်သည်။ ဖားစည်အကသည် ထင်ရှားသည်။ ဖားစည်၊ အိုးစည်၊ ဗုံ၊ မောင်းကြီး၊ မောင်းငယ်တို့သည် ကယားလူမျိုးတို့၏ ထင်ရှားသောတူရိယာများ ဖြစ်သည်။ မျိုးနွယ်စုအလိုက် ယဉ်ကျေးမှု၊ ဘာသာစကား၊ ဓလေ့ထုံးစံ၊ ဝတ်စားဆင်ယင်ပုံများနှင့် ပြောဆိုသောစကားများသည် ဒေသအလိုက် ကွဲပြားသည်။

## ကရင်လူမျိုး

ကရင်တိုင်းရင်းသားလူမျိုးများတွင် ကရင်၊ ကရင်ဖြူ၊ ပလေကြီး(ကလေချီ)၊ မွန်ကရင်၊ စကော(ကရင်)၊ ကလေပွာ၊ ပကူး၊ ဘွဲ့၊ မောနေပွား၊ မိုပွား၊ ပိုး(ကရင်)ဟူ၍ မျိုးနွယ်စု ၁၁ မျိုးရှိသည်။ ၎င်းတို့သည်ကရင်ပြည်နယ်တွင် အများစုနေထိုင်ပြီး မြစ်ဝကျွန်းပေါ်ဒေသ၊ ပဲခူးရိုးမတောင်ပေါ်ဒေသ၊ မွန်ပြည်နယ်၊ စစ်တောင်းမြစ်ဝှမ်းဒေသနှင့် ရှမ်းပြည်နယ် သံလွင်မြစ်ဝှမ်းဒေသတို့တွင် ပျံ့နှံ့နေထိုင်ကြသည်။

စကားကွဲ အုပ်စုငယ်များ ရှိသည်။ ၎င်းတို့မှာ စဂေါ(စကော)ကရင်အုပ်စု၊ ရှိ(ပိုး)ကရင်အုပ်စု၊ ဘွဲ့ကရင်အုပ်စု၊ ပကူးကရင်အုပ်စုတို့ဖြစ်သည်။ ၂၀၁၄ သန်းခေါင်စာရင်းအရ လူဦးရေမှာ ၁. ၅၇ သန်းခန့်ရှိသည်။ ကရင်လူမျိုးအများစုသည် ခရစ်ယာန်ဘာသာကိုးကွယ်ကြပြီး ဗုဒ္ဓဘာသာ၊ နတ်ကိုးကွယ်မှုနှင့် အခြားဘာသာကိုးကွယ်မှုများလည်း ရှိသည်။ အများအားဖြင့် တောင်ယာ၊ လယ်ယာနှင့် ဥယျာဉ်ခြံစိုက်ပျိုးရေးလုပ်ငန်းများအပြင် မွေးမြူရေးကိုလည်း တွဲဖက်လုပ်ကိုင်ကြသည်။


ဖွဲကပင်တောင်


ကရင်ရိုးရာအိမ်

ဖွဲကပင်တောင်သည် ကရင်လူမျိုးတို့၏ သဘာဝအမှတ်လက္ခဏာ (Landmark) ဖြစ်သည်။ ကရင်လူမျိုးတို့၏ နေအိမ်ပုံစံမှာ ခြေတံရှည်အိမ်ဖြစ်သည်။ ကောက်သစ်စားပွဲတော်သည် ကရင်လူမျိုးတို့၏ ရိုးရာပွဲတော် ဖြစ်သည်။ ဒုံးယိမ်း အကသည် ထင်ရှားပြီး ဖားစည်၊ ပုံနှင့် ကျွဲချို တို့သည် ကရင်လူမျိုးတို့၏ ထင်ရှားသော တူရိယာများဖြစ်သည်။ မျိုးနွယ်စုအလိုက် ယဉ်ကျေးမှု၊ ဘာသာစကား၊ ဓလေ့ထုံးစံ၊ ဝတ်စားဆင်ယင်ပုံများနှင့် ပြောဆိုသောစကားများသည် ဒေသအလိုက်ကွဲပြားသည်။

## ချင်းလူမျိုး


ရိဒ်ရေကန်


ချင်းရိုးရာအိမ်

ချင်းတိုင်းရင်းသားလူမျိုးများတွင် မျိုးနွယ်စု ၅၃ မျိုးရှိသည်။ ချင်းလူမျိုးများသည် ချင်းပြည်နယ်တွင် အများဆုံးနေထိုင်ကြသည်။ ရခိုင်ရိုးမဒေသ၊ ပခုက္ကူ မင်းဘူးဒေသ၊ ကလေးမြို့ပတ်ဝန်းကျင်တွင်လည်း ပျံ့နှံ့နေထိုင်ကြသည်။ တောင်တွင်းကြီးမြို့တောင်ဘက်တွင်လည်း အနည်းငယ်နေထိုင်သည်။ ဘာသာစကားပေါ်မူတည်၍ မြောက်ပိုင်းချင်း၊ တောင်ပိုင်းချင်းနှင့် အလယ်ပိုင်းချင်းဟူ၍ အုပ်စုသုံးစု ခွဲခြားနိုင်သည်။ နေထိုင်ရာဒေသကိုလိုက်၍တီးတိန်ချင်း၊ ဖလမ်းချင်း၊ ဟားခါးချင်း၊ မင်းတပ်ချင်း၊ မတူပီချင်း၊ ကန်ပက်လက်ချင်း၊ ပလက်ဝချင်းနှင့် မြေပြန့်ချင်း(အရှိုချင်း)ဟူ၍ ခွဲခြားခေါ်ဝေါ်ကြသည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၀. ၄၈ သန်းခန့်ရှိသည်။

ခရစ်ယာန်ဘာသာ၊ ဗုဒ္ဓဘာသာ၊ နတ်ကိုးကွယ်မှုများနှင့် အခြားဘာသာကိုးကွယ်မှုများလည်း ရှိသည်။ တောင်ယာလုပ်ကိုင် စားသောက်ကြသည်။ အချို့နေရာ၌ လယ်ယာဥယျာဉ်များ လုပ်ကိုင်သည်။ ရိဒ်ရေကန်နှင့် တောင်ဇလပ်ပန်းတို့သည် ချင်းလူမျိုးတို့၏ သဘာဝအမှတ်လက္ခဏာ (Landmark) များ ဖြစ်သည်။ ချင်းလူမျိုးတို့၏အိမ်မှာ ခြေတံရှည်အိမ်များဖြစ်၍ နတ်ခန်းများလည်း ပါလေ့ရှိသည်။ ချင်းလူမျိုးများ၏ ခွာဒိုပွဲသည် ထင်ရှားသော ရိုးရာဓလေ့ပွဲလမ်းသဘင် ဖြစ်သည်။ ဝါးညှပ်အကမှာ ထင်ရှားသည်။ ချင်းလူမျိုးတို့၏ တူရိယာပစ္စည်းများမှာ နွားနောက်ချို၊ စည်၊ ခရာ၊ မောင်း၊ လင်းကွင်း၊ ဝါးပလွေ၊ ဆင်ပလွေ၊ နှစ်ဖက်ပိတ်ဗုံ စသည်တို့ဖြစ်သည်။ မျိုးနွယ်စု အလိုက် ယဉ်ကျေးမှု၊ ဘာသာစကား၊ ဓလေ့ထုံးစံ၊ ဝတ်စားဆင်ယင်ပုံများနှင့် ပြောဆိုသော စကားများသည် ဒေသအလိုက်ကွဲပြားသည်။

**ဗမာလူမျိုး**

ဗမာတိုင်းရင်းသားလူမျိုးများတွင် ဗမာ၊ ထားဝယ်၊ မြိတ်၊ယော၊ ရဘိန်း၊ ကဒူး(ခံ့ကူး)၊ ကဏန်း၊ ဆလုံ၊ မုန်(ဖွန်)ဟူ၍ မျိုးနွယ်စု ၉ မျိုးရှိသည်။ ဗမာလူမျိုးများကို နေရာအနှံ့အပြားတွင်တွေ့ရပြီး ထားဝယ်၊ မြိတ်နှင့် ဆလုံမျိုးနွယ်စုတို့သည် တနင်္သာရီတိုင်းဒေသကြီး၊ ယော၊ ကဒူးတို့သည် စစ်ကိုင်းတိုင်းဒေသကြီးတွင် နေထိုင်ကြသည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေမှာ ၃၆.၃၉ သန်းခန့်ရှိသည်။ ဗမာလူမျိုးများသည် ဗုဒ္ဓဘာသာကိုအများဆုံးကိုးကွယ်ကြပြီး အခြားဘာသာနှင့် နတ်ကိုးကွယ်မှုများလည်း ရှိသည်။

မြေပြန့်ဒေသများတွင် လယ်ယာကိုင်းကျွန်းလုပ်ငန်းလုပ်ကိုင်ကြ၍ တောင်ပေါ်ဒေသများတွင် တောင်ယာလုပ်ငန်းလုပ်ကိုင်ကြသည်။ ရက်ကန်းရက်လုပ်ခြင်းနှင့် ရေလုပ်ငန်းများလည်း လုပ်ကိုင်ကြသည်။ ကမ္ဘာ့တတိယ အကြီးဆုံးဖြစ်သော မင်းကွန်းခေါင်းလောင်းကြီးသည် ဗမာလူမျိုးတို့၏ ထင်ရှားသောအမှတ်အသား ဖြစ်သည်။



မင်းကွန်းခေါင်းလောင်းကြီး



ဗမာရိုးရာအိမ်

ဗမာလူမျိုးတို့၏ အိမ်ပုံစံမှာမတူညီကြပေ။ များသောအားဖြင့် ဗမာလူမျိုးတို့၏နေအိမ်သည် ဘုရားခန်း၊ ဧည့်ခန်း၊ မိဘအိပ်ခန်း၊ သားသမီးအိပ်ခန်းများပါဝင်ပြီး မီးဖိုခန်းကို သီးခြားထားလေ့ရှိသည်။ ဆလုံမျိုးနွယ်စုတို့သည် ရေငုပ်ကျွမ်းကျင်ပြီး ရေလုပ်ငန်းဖြင့်အသက်မွေးကြ၍ လှေပေါ်တွင် နေထိုင်

ကြသည်။ ဆလုံလူမျိုးများသည် မြန်မာနိုင်ငံသို့ အစောဆုံးဝင်ရောက်နေထိုင်သူများဖြစ်၍ မော်ကင်း ဟုလည်း ခေါ်ဆိုကြသည်။

သင်္ကြန်ပွဲတော်၊ သီတင်းကျွတ်ပွဲတော်စသည့် တစ်ဆယ့်နှစ်လရာသီပွဲတော်များ၊ ဆလုံတို့၏ ရိုးရာနတ်စားပွဲတော်များသည် ထင်ရှားသောပွဲတော်များဖြစ်သည်။ ဗမာလူမျိုးတို့၏ တစ်ပင်တိုင်အက၊ အပျိုတော်အကနှင့် ထားဝယ်ယိမ်းအကတို့သည် ထင်ရှားပြီး ဆိုင်းဝိုင်း၊ ပတ္တလား၊ စောင်းတို့သည် ဗမာလူမျိုးတို့၏ တူရိယာပစ္စည်းများထဲတွင် ပါဝင်သည်။ မျိုးနွယ်စုအလိုက် ယဉ်ကျေးမှု ဘာသာစကား၊ ဓလေ့ထုံးစံ၊ ဝတ်စားဆင်ယင်ပုံများနှင့် ပြောဆိုသောစကားများသည် ဒေသအလိုက်ကွဲပြားသည်။

## မွန်လူမျိုး

မွန်တိုင်းရင်းသားလူမျိုးတို့၏ မျိုးနွယ်စုမှာ ၁ မျိုးတည်းသာ ရှိသည်။ ၎င်းတို့သည် မွန်ပြည်နယ်တွင် အများဆုံးနေထိုင်ကြသည်။ ကရင်ပြည်နယ်တောင်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီးပတ်ဝန်းကျင်တွင် လည်းအနည်းငယ်နေထိုင်ကြသည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေမှာ ၂. ၀၅သန်းခန့်ရှိသည်။ ဗုဒ္ဓဘာသာအများဆုံးကိုးကွယ်ပြီး အခြားဘာသာနှင့် နတ်ကိုးကွယ်မှုများလည်း ရှိသည်။

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ လယ်ယာ၊ ဥယျာဉ်စိုက်ပျိုးခြင်းများကို အဓိကလုပ်ကိုင်၍ ရက်ကန်းနှင့်စက်မှုလုပ်ငန်းများလည်း လုပ်ကိုင်ကြသည်။ ကျိုက်ထီးရိုးစေတီသည် မွန်လူမျိုး၏ ထင်ရှားသောအမှတ်အသားတစ်ခု ဖြစ်သည်။

မွန်လူမျိုးတို့၏အိမ်သည် ခြေတံရှည်အိမ်ဖြစ်ပြီး တံခါး သုံးပေါက်ပါသည်။ ပင်မတံခါးပေါက်သည် အလှူလုပ်သည့်အခါ သံဃာတော်များဝင်ရန် ဖြစ်သည်။ ဒုတိယတံခါးပေါက်သည် ဧည့်သည်များဝင်ရန်နှင့် တတိယတံခါးပေါက်သည် အိမ်ရှင်များဝင်ရန် ဖြစ်သည်။ အိမ်တိုင်းတွင် နတ်တိုင်ရှိသည်။


ကျိုက်ထီးရိုးစေတီတော်


မွန်ရိုးရာအိမ်

သီတင်းကျွတ်လဆန်းတွင် ကျင်းပသော သဲပုံစေတီပွဲတော်သည် မွန်လူမျိုးတို့၏ ရိုးရာပွဲတော် ဖြစ်သည်။ ဟင်္သာအက၊ မိကျောင်းတူရိယာ၊ လခြမ်းစောင်းတူရိယာ၊ ပတ္တလားတို့သည် မွန်လူမျိုးတို့၏ ထင်ရှားသောအကနှင့် ဂီတတူရိယာပစ္စည်းများ ဖြစ်သည်။

## ရခိုင်လူမျိုး

ရခိုင်တိုင်းရင်းသားလူမျိုးများတွင်ရခိုင်၊ ကမန်း၊ ခမွီး၊ ဒိုင်းနက်၊ မရမာကြီး၊ မြို၊ သက် စသည်ဖြင့် မျိုးနွယ်စု ၇ မျိုး ရှိသည်။ ရခိုင်လူမျိုးများသည် ရခိုင်ပြည်နယ်တွင် အများဆုံးနေထိုင်ကြသည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၃. ၁၉ သန်းရှိသည်။ ရခိုင်လူမျိုးအများစုသည် ဗုဒ္ဓဘာသာကိုးကွယ်ကြပြီး အခြားဘာသာကိုးကွယ်မှုများလည်း ရှိသည်။


ဗျာလ်


ရခိုင်ရိုးရာအိမ်

အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်သည်။ ကမ်းရိုးတန်းဒေသတွင် ရေလုပ်ငန်းလုပ်ကိုင်ကြသည့်အပြင် ရခိုင်ပြည်နယ်တွင် ရက်ကန်းလုပ်ငန်းလည်း ထွန်းကားသည်။ ရခိုင်လူမျိုးတို့၏ ထင်ရှားသောအမှတ်အသားများမှာ ထုက္ကန်သိမ်ပုထိုးတော်နှင့် ဗျာလ်တို့ ဖြစ်သည်။ နေအိမ်များသည် ခြေတံရှည်အိမ်များ ဖြစ်သည်။

ရခိုင်သင်္ကြန်ပွဲတော်၊ လှေပြိုင်ပွဲ၊ ရထားဆွဲပွဲတော် စသည်တို့သည် ထင်ရှားသောပွဲတော်များဖြစ်သည်။ ကျင်အားကစားနှင့် ဆီမီးခွက်အကတို့သည် ထင်ရှားသည်။ ရခိုင်စည်တော်၊ ပလွေ၊ ခရုသင်းတို့သည် ရခိုင်လူမျိုးတို့၏ ဂီတတူရိယာများဖြစ်သည်။ မျိုးနွယ်စုအလိုက် ယဉ်ကျေးမှု၊ ဘာသာစကား၊ ဓလေ့ထုံးစံ၊ ဝတ်စားဆင်ယင်ပုံများနှင့် ပြောဆိုသောစကားများသည် ဒေသအလိုက်ကွဲပြားသည်။

## ရှမ်းလူမျိုး

ရှမ်းတိုင်းရင်းသားလူမျိုးများတွင် မျိုးနွယ်စု ၃၃ မျိုး ရှိသည်။ ရှမ်းပြည်နယ်တွင်အများဆုံးနေထိုင်ပြီး ချင်းတွင်းမြစ် အထက်ပိုင်းခရိုင်နှင့် ကချင်ပြည်နယ်ခရိုင်လုံးဒေသ၊ မိုးညှင်း၊ မိုးကောင်း စသည့်ဒေသများတွင်လည်း နေထိုင်ကြသည်။ ၂၀၁၄ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၅. ၈၂ သန်း ရှိသည်။

ရှမ်းလူမျိုးအများစုသည် ဗုဒ္ဓဘာသာကိုးကွယ်ပြီး အခြားဘာသာနှင့် နတ်ကိုးကွယ်မှုများလည်း ရှိသည်။ တောင်ယာစိုက်ပျိုးရေးနှင့် ဥယျာဉ်ခြံမြေစိုက်ပျိုးရေးလုပ်ငန်းများ၊ မြေနိမ့်လွင်ပြင်များတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ကြသည်။ ထို့အပြင် ရက်ကန်းလုပ်ငန်း၊ မိုင်းကိုင်စက္ကူလုပ်ငန်းတို့လည်း လုပ်ကိုင်ကြသည်။ ရှမ်းလူမျိုးတို့၏ ထင်ရှားသည့်သဘာဝအမှတ်လက္ခဏာ

(Landmark) မှာ အင်းလေးကန် ဖြစ်သည်။ ရှမ်းလူမျိုးများ၏နေအိမ်များသည် အများအားဖြင့် ခြေတံရှည်အိမ်များ ဖြစ်ကြသည်။



အင်းလေးကန်



ရှမ်းရိုးရာအိမ်

အင်းလေးဖောင်တော်ဦးပွဲတော်နှင့် မီးပုံးပျံပွဲများမှာ ထင်ရှားသည်။ ရှမ်းမျိုးနွယ်စုများ၏ တိုးနရားအက၊ ရှမ်းအိုးစည်အက၊ ရှမ်းသိုင်းအကတို့သည် ထင်ရှား၍ အိုးစည်နှင့်မောင်းတို့သည် ရှမ်းလူမျိုးတို့၏ တူရိယာပစ္စည်းများ ဖြစ်သည်။ မျိုးနွယ်စုအလိုက် ယဉ်ကျေးမှု၊ ဘာသာစကား၊ ဓလေ့ထုံးစံ၊ ဝတ်စားဆင်ယင်ပုံများနှင့် ပြောဆိုသောစကားများသည် ဒေသအလိုက်ကွဲပြားသည်။

**အဓိကအချက်များ**

- မြန်မာနိုင်ငံအကျယ်အဝန်းသည် ၆၇၆၅၇၇ စတုရန်းကီလိုမီတာ (၂၆၁၂၂၈ စတုရန်းမိုင်) ရှိသည်။
- ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ဟူ၍အဓိကတိုင်းရင်းသားလူမျိုး ၈ မျိုး ရှိသည်။
- မြန်မာနိုင်ငံတွင် လူမျိုးစုပေါင်း ၁၀၀ ကျော် ရှိသည်။
- ကချင်လူမျိုးတို့တွင် လူမျိုးစု ၁၂ မျိုးရှိပြီး သဘာဝအမှတ်လက္ခဏာမှာ ခါကာဘိုရာဇီတောင် ဖြစ်သည်။
- ကယားလူမျိုးများတွင် မျိုးနွယ်စု ၉ မျိုးရှိပြီး တောင်ကွဲစေတီသည် ထင်ရှားသည်။
- ကရင်လူမျိုးတို့တွင် မျိုးနွယ်စု ၁၁ မျိုး ရှိသည်။ ဇွဲကပင်တောင်သည် ကရင်လူမျိုးတို့၏ ထင်ရှားသော သဘာဝအမှတ်လက္ခဏာဖြစ်သည်။
- ချင်းလူမျိုးတို့တွင် မျိုးနွယ်စု ၅၃ မျိုး ရှိသည်။ ရိဒ်ရေကန်သည် ထင်ရှားသည်။
- ဗမာလူမျိုးများတွင် မျိုးနွယ်စု ၉ မျိုးရှိသည်။ ကမ္ဘာ့တတိယအကြီးဆုံးဖြစ်သည့် မင်းကွန်းခေါင်းလောင်းသည် ထင်ရှားသည်။

DBE BOX

- မွန်လူမျိုးတို့တွင် မျိုးနွယ်စု ၁ မျိုးတည်းသာ ရှိသည်။ ထင်ရှားသောအမှတ်အသားမှာ ကျိုက်ထီးရိုးဘုရား ဖြစ်သည်။
- ရခိုင်လူမျိုးတို့တွင် မျိုးနွယ်စု ၇ မျိုးရှိသည်။ ထင်ရှားသောအမှတ်အသားမှာ ထုက္ကန်သိမ် ပုထိုးတော်ဖြစ်သည်။
- ရှမ်းလူမျိုးတို့တွင်မျိုးနွယ်စု ၃၃ မျိုးရှိသည်။ ထင်ရှားသော သဘာဝအမှတ်လက္ခဏာမှာ အင်းလေးကန် ဖြစ်သည်။

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ မြန်မာနိုင်ငံမြေပုံရေးဆွဲ၍ မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုး ၈ မျိုး ပျံ့နှံ့နေထိုင်ရာဒေသကို မြေပုံပေါ်တွင် ဖော်ပြပါ။

၂။ တိုင်းရင်းသားလူမျိုးအသီးသီး၏ ထင်ရှားသော ပွဲတော်များကို ဖော်ပြပါ။

၃။ တိုင်းရင်းသားလူမျိုးများ၏ ထင်ရှားသော အမှတ်အသားနှင့် ယဉ်ကျေးမှုအမှတ်အသား များကိုခွဲခြားဖော်ပြပါ။

၄။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ နေထိုင်ရာဒေသ၊ ထင်ရှားသောအမှတ်အသားနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုဖော်ထုတ်ပြီး အောက်ဖော်ပြပါဇယားဖြင့်ပြသပါ။

| စဉ် | လူမျိုး | နေထိုင်ရာဒေသ | ထင်ရှားသော အမှတ်အသား | အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ |
|---|---|---|---|---|
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

**အခန်း (၂) လူမှုရေးပထဝီဝင်ကို သင်ယူခဲ့သည့် အကြောင်းအရာများအား ပြန်လည်သုံးသပ်ပြီး ကွက်လပ်များဖြည့်ပါ။**




DBE BOX

# အခန်း(၃)

# ပတ်ဝန်းကျင်ဆိုင်ရာပထဝီဝင်

**နိဒါန်း**

❖ သဘာဝပတ်ဝန်းကျင်တွင် ဖြစ်ပေါ်နေသော မြေဆီလွှာ၏အဓိပ္ပာယ်၊ ဖြစ်ပေါ်လာပုံနှင့် အမျိုးအစားများ၊ ပျက်စီးရခြင်းနှင့် ထိန်းသိမ်းကာကွယ်ပုံတို့ကို သိရှိပြီး သဘာဝပေါက်ပင် အမျိုးအစားများ၊ သစ်တောများ၏ ပြုန်းတီးပျက်စီးရခြင်းနှင့် ထိန်းသိမ်းကာကွယ်ပုံတို့ကို လေ့လာကြမည်ဖြစ်သည်။

**ဤသင်ခန်းစာနှင့်ပတ်သက်၍ သင်သိရှိပြီးသောအကြောင်းအရာများ**

❖ အိမ်နီးချင်းနိုင်ငံများတွင်ပါဝင်သော မြေဆီလွှာအကြောင်း၊ သဘာဝပေါက်ပင်အကြောင်း တို့ကိုသိရှိခဲ့ပြီး သစ်တောများနှင့်စိုက်ခင်းများအကြောင်းကိုလည်း လေ့လာသိရှိခဲ့ပြီးဖြစ်ပါသည်။

**ဤအခန်းပြီးလျှင် သင်သည်အောက်ပါတို့ကိုလုပ်ဆောင်နိုင်မည်**

❖ မြေဆီလွှာ၏ အဓိပ္ပာယ်ကို ရှင်းပြတတ်မည်။

❖ မြေဆီလွှာဖြစ်ပေါ်လာပုံကို ရှင်းပြတတ်မည်။

❖ မြေဆီလွှာ အမျိုးအစားများကို ခွဲခြားတတ်မည်။

❖ မြေဆီလွှာ ပြုန်းတီးပျက်စီးရခြင်းကို ထိန်းသိမ်းကာကွယ်တတ်မည်။

❖ ကမ္ဘာပေါ်တွင် ပျံ့နှံ့နေသော သဘာဝပေါက်ပင်နှင့်မြေဆီလွှာများကို ဆက်စပ်၍ရှင်းပြတတ်မည်။

❖ သစ်တောများ ပြုန်းတီးမှုကို ထိန်းသိမ်းကာကွယ်တတ်မည်။

## ၃.၁ မြေဆီလွှာ

### ၃.၁.၁ မြေဆီလွှာ၏အဓိပ္ပာယ်

**သင်ခန်းစာမိတ်ဆက်**

❖ မြေဆီလွှာဆိုသည်မှာ ကမ္ဘာ့မျက်နှာပြင်ပေါ်ရှိကြေမွနေသော တွင်းထွက်ကျောက်များနှင့် ဆွေးမြည့်နေသော အပင်နှင့်သတ္တဝါများ၏ရုပ်ကြွင်းများပါဝင်ပြီး အပင်များပေါက်ရောက်မှု အတွက် ထောက်ပံ့ပေးသောအလွှာ ဖြစ်သည်။



DBE BOX

**မြေဆီလွှာ၏အဓိပ္ပာယ်**

မြေဆီလွှာဆိုသည်မှာ ကမ္ဘာ့မျက်နှာပြင်ပေါ်ရှိ ကြေမွနေသော တွင်းထွက်ကျောက်များနှင့် ဆွေးမြည့်နေသော အပင်နှင့်သတ္တဝါများ၏ရုပ်ကြွင်းများပါဝင်ပြီး အပင်များပေါက်ရောက်မှုအတွက် ထောက်ပံ့ပေးသောအလွှာ ဖြစ်သည်။ မြေဆီလွှာသည် ပတ်ဝန်းကျင်၏ အရေးကြီးဆုံးအစိတ်အပိုင်း တစ်ခုဖြစ်ပြီး အဓိက သဘာဝအရင်းအမြစ်လည်း ဖြစ်သည်။ ကမ္ဘာ့မျက်နှာပြင်ပေါ်ရှိ ကျောက်များကို ရေ၊ လေ၊ ရေခဲမြစ်၊ မိုးရေ၊ ဆီးနှင်း စသည်တို့တိုက်စားမှုကြောင့် ပျက်စီးသွားပြီး မြေမှုန်များအဖြစ် ပြောင်းလဲကာ အပင်များအတွက် အစာအာဟာရပေးဆောင်သော မြေဆီလွှာအဖြစ်သို့ ရောက်ရှိလာသည်။ မြေဆီလွှာဖြစ်ပေါ်ရန်အတွက် အချိန်များစွာလိုအပ်သည်။ မြေဆီလွှာ၏အဓိပ္ပာယ်ကို အမျိုးမျိုး ဖွင့်ဆိုကြသည်။ အပင်များ ပေါက်ရောက်ရှင်သန်ကြီးထွားရန် လိုအပ်သောအစာအာဟာရများကို ပေးဆောင်သည့် ကမ္ဘာ့အပေါ်ယံလွှာရှိ အပေါ်ဆုံးမြေလွှာကို မြေဆီလွှာဟုလည်းခေါ်သည်။

**အဓိကအချက်များ**

- မြေဆီလွှာဆိုသည်မှာ ကမ္ဘာ့မျက်နှာပြင်ပေါ်ရှိ ကြေမွနေသော တွင်းထွက်ကျောက်များနှင့် ဆွေးမြည့်နေသော အပင်နှင့်သတ္တဝါများ၏ရုပ်ကြွင်းများပါဝင်ပြီး အပင်များပေါက်ရောက်မှု အတွက် ထောက်ပံ့ပေးသောအလွှာ ဖြစ်သည်။
- အပင်များပေါက်ရောက်ရှင်သန်ကြီးထွားရန် လိုအပ်သောအစာအာဟာရများကို ပေးဆောင် သည့် ကမ္ဘာ့အပေါ်ယံလွှာရှိ အပေါ်ဆုံးမြေလွှာကို မြေဆီလွှာဟုလည်းခေါ်သည်။

**လေ့ကျင့်ရန်မေးခွန်း**

၁။ မြေဆီလွှာ၏အဓိပ္ပာယ်ကို မည်ကဲ့သို့ဖွင့်ဆိုကြသည်ကို ရှင်းပြပါ။

## ၃.၁.၂ မြေဆီလွှာဖြစ်ပေါ်လာပုံ

**သင်ခန်းစာမိတ်ဆက်**

- မြေဆီလွှာသည် ရာသီဥတု၏ ပြုပြင်ဖန်တီးမှု (ဥတုချေဖျက်ခြင်း) ကြောင့် ဖြစ်ပေါ်လာသော ကျောက်အပိုင်းအစများ၊ တွင်းထွက်များ၊ သက်ရှိနှင့် သက်မဲ့ရုပ်ကြွင်းများနှင့် ပေါင်းစပ်ဖွဲ့စည်းထားသည့်အရာဖြစ်သည်။

DBE BOX

**မြေဆီလွှာဖြစ်ပေါ်လာပုံ**

မြေဆီလွှာသည် ရာသီဥတု၏ ပြုပြင်ဖန်တီးမှု (ဥတုချေဖျက်ခြင်း) ကြောင့် ဖြစ်ပေါ်လာသော ကျောက်အပိုင်းအစများ၊ တွင်းထွက်များ၊ သက်ရှိနှင့်သက်မဲ့ရုပ်ကြွင်းများနှင့် ပေါင်းစပ်ဖွဲ့စည်းထားသည့် အရာဖြစ်သည်။ မြေဆီလွှာ၏အောက်တွင် မြေဆီလွှာဖြစ်ပေါ်စေသော မူလဝတ္ထု (Parent Material) ရှိသည်။ မူလဝတ္ထုအောက်တွင် အောက်ခံကျောက် (Bedrock) ရှိသည်။ အောက်ခံကျောက်များ အပေါ်၌ ဖုံးအုပ်နေသော ကျောက်အပိုင်းအစများကို ရီဂိုလစ် (Regolith) ဟုခေါ်သည်။




**ပုံ (၃. ၁) မြေဆီလွှာ ဖြစ်ပေါ်လာပုံ**

မြေဆီလွှာဖြစ်ပေါ်ရန်အတွက် အချိန်များစွာလိုအပ်သည်။ မြေဆီလွှာ၏ထုမှာ အချို့နေရာတွင် မီတာ ၆၀ မျှ ထူပြီး အချို့နေရာတွင် ကျောက်များအပေါ်၌ ပါးလွှာစွာ ဖုံးအုပ်နေသည်။ မြေဆီလွှာ အတွင်းတွင် အော်ဂဲနစ်ဝတ္ထုပါဝင်မှုပိုမိုများခြင်း၊ အပင်များ၏သစ်မြစ်များ၊ သက်ရှိများ ပိုမို များပြားစွာ ရှိနေခြင်းသည် ဥတုချေဖျက်ခြင်းကို ပိုမိုပြင်းထန်စေသည်။ ကမ္ဘာ့မြေမျက်နှာပြင်ပေါ် သို့မဟုတ် မြေဆီလွှာအတွင်း ရှင်သန်လျက်ရှိသော သက်ရှိအားလုံးနီးပါးတို့သည် မြေဆီလွှာဖြစ်ပေါ်မှုတွင် တစ်နည်းမဟုတ်တစ်နည်းဖြင့် အကျိုးသက်ရောက်မှုရှိသည်။ အပင်များဆွေးမြည့်ခြင်းနှင့် ဆွေးမြည့် နေသော သတ္တဝါများ၏ရုပ်ကြွင်းများကြောင့် မြေဆီလွှာ၏အပေါ်ပိုင်းတွင် သစ်ဆွေးမြေနှင့် သက်ရှိများ ရှိသောအလွှာကို ဖြစ်ပေါ်စေသည်။ ကောင်းစွာ ဖွံ့ဖြိုးဖြစ်ပေါ်လာသော မြေဆီလွှာများတွင် မြေဆီလွှာ၏ ဒေါင်လိုက်အနေအထားကို တွေ့နိုင်သည်။ မြေဆီလွှာဒေါင်လိုက်ပုံတွင် အများအားဖြင့် A, B, C အလွှာ ၃ လွှာ တွေ့ရတတ်သည်။ အချို့မြေဆီလွှာ၏ အပေါ်ယံတွင် သစ်ဆွေးမြေနှင့် သက်ရှိများပါဝင်သော O အလွှာရှိသည်။

DBE BOX




ပုံ (၃. ၂) မြေဆီလွှာဖြတ်ပိုင်းပုံ

**အဓိကအချက်များ**

- ❖ မြေဆီလွှာသည် ရာသီဥတု၏ ပြုပြင်ဖန်တီးမှု (ဥတုချေဖျက်ခြင်း) ကြောင့် ဖြစ်ပေါ်လာသော ကျောက်အပိုင်းအစများ၊ တွင်းထွက်များ၊ သက်ရှိနှင့် သက်မဲ့ရုပ်ကြွင်းများနှင့် ပေါင်းစပ်ဖွဲ့စည်းထားသည့် အရာဖြစ်သည်။
- ❖ မြေဆီလွှာဖြစ်ပေါ်ရန်အတွက် အချိန်များစွာလိုအပ်သည်။
- ❖ ကောင်းစွာဖွံ့ဖြိုးဖြစ်ပေါ်လာသော မြေဆီလွှာများတွင် မြေဆီလွှာကို ဒေါင်လိုက်အနေအထားဖြင့် တွေ့နိုင်သည်။

**လေ့ကျင့်ရန်မေးခွန်း**

၁။ မြေဆီလွှာများဖြစ်ပေါ်လာစေသော အကြောင်းအရင်းများကို ဖော်ထုတ်ဆွေးနွေးပါ။

## ၃.၁.၃ မြေဆီလွှာအမျိုးအစား

**သင်ခန်းစာမိတ်ဆက်**

- ❖ မြေဆီလွှာများကို မြေသားပေါ်မူတည်၍ ခွဲခြားထားသည်။ အဓိကမြေဆီလွှာများမှာ သဲမြေ၊ မြေစေးနှင့်နုန်းမြေဟူ၍ အကြမ်းအားဖြင့် သုံးမျိုးခွဲနိုင်သည်။

DBE BOX

**မြေဆီလွှာအမျိုးအစား**

ပတ်ဝန်းကျင်၏အခြေအနေအရ မြေဆီလွှာအမျိုးမျိုး ဖြစ်ပေါ်နိုင်သည်။ မြေသားပေါ်မူတည်၍ ခွဲခြားထားသည့် အဓိကမြေဆီလွှာများမှာ သဲမြေ၊ မြေစေးနှင့် နုန်းမြေဟူ၍ အကြမ်းအားဖြင့် သုံးမျိုး ခွဲနိုင်သည်။ မြေမှုန် ပေါင်းစပ်ပုံအချိုးအစားသည် မြေဆီလွှာ၏ အစိုဓာတ်စေးကပ်ခြင်း၊ အပင်များ၏ အစာအာဟာရဓာတ်ထိန်းသိမ်းနိုင်မှုနှင့် အပူအအေးလျှောက်ကူးခြင်းတို့ကို ပြောင်းလဲစေနိုင်သည်။ ဆားငန်မှု၊ ထုံးပါဝင်မှုနှင့် ဇီဝဝတ္ထုပါဝင်မှုအပေါ်မူတည်၍လည်း အမျိုးအစားများကို ထပ်မံခွဲခြားနိုင်သည်။ မြေမှုန်ပေါင်းစပ်ပုံ အချိုးအစားအရ အောက်ပါအတိုင်း ခွဲခြားနိုင်သည်။



ပုံ (၃.၃) သဲမြေ

**၁။ သဲမြေ** – အကြီးဆုံးမြေမှုန်များဖြစ်၍ ကြမ်းသည်။ တစ်မှုန်နှင့်တစ်မှုန် တွယ်ကပ်မှု မရှိ၊ လေဝင်လေထွက်ကောင်း၍ ရေကောင်းစွာ စီးဆင်းနိုင်သည်။ အစိုဓာတ် ထိန်းသိမ်းမှုညံ့၍၊ ရုပ်ကြွင်းများ ဆွေးမြည့်မှုမြန်သည်။ မွပြီး ထွန်ယက်ရန် လွယ်ကူသည်။ ရေလေတိုက်စားမှုကို ခံနိုင်စွမ်း မရှိချေ။



ပုံ (၃.၄) မြေစေး

**၂။ မြေစေး** – အသေးဆုံးမြေမှုန်မျိုးဖြစ်ပြီး ၎င်းအမှုန်များစွာပါဝင်သော မြေသည် စေးကပ်၍ လေ၊ ရေ တို့ ဝင်ထွက်ရန်ခက်ခဲ၏။ ရေဝပ်နေတတ်ပြီး တဖြည်းဖြည်း စိမ့်ဝင်ခြင်းဖြင့် ရေများစွာ ထိန်းသိမ်းထားနိုင်စွမ်း ရှိသည်။ အာဟာရဓာတ်ကြွယ်ဝသော်လည်း ထွန်ယက်မှုခက်ခဲ၍ အပင်များ အားလုံးနီးပါး မဖြစ်ထွန်းနိုင်ပေ။



ပုံ (၃.၅) နုန်းမြေ

**၃။ နုန်းမြေ** – သဲမြေနှင့် မြေစေးအကြား အရွယ်အစားဖြစ်သည်။ ရေထိန်းနိုင်စွမ်းအား ကောင်းသည်။ စိုက်ပျိုးရေးအတွက် အကောင်းဆုံး ဖြစ်သည်။

**အဓိကအချက်များ**

- ❖ သဲမြေသည် အကြီးဆုံးမြေမှုန်များဖြစ်၍ ကြမ်းသည်။ တစ်မှုန်နှင့်တစ်မှုန် တွယ်ကပ်မှု မရှိ၊ လေဝင်လေထွက်ကောင်း၍ ရေကောင်းစွာစီးဆင်းနိုင်သည်။
- ❖ မြေစေးသည် အသေးဆုံးမြေမှုန်မျိုးဖြစ်ပြီး ၎င်းအမှုန်များစွာပါဝင်သောမြေသည် စေးကပ်၍ လေ၊ ရေတို့ ဝင်ထွက်ရန် ခက်ခဲ၏။
- ❖ နုန်းမြေသည် သဲမြေနှင့်မြေစေးအကြား အရွယ်အစားဖြစ်ပြီး ရေထိန်းနိုင်စွမ်းအားကောင်းသည်။

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ သဲမြေသည် မည်သည့်မြေအမျိုးအစားဖြစ်၍ အဘယ်ကြောင့် ကြမ်းရသနည်း။
၂။ သဲမြေနှင့် မြေစေးအကြားမြေသည် မည်သည့်မြေအမျိုးအစား ဖြစ်သနည်း။
၃။ သဲမြေ၊ မြေစေး၊ နုန်းမြေတို့အနက် မည်သည့်မြေသည် စိုက်ပျိုးရန်အတွက် အကောင်းဆုံး ဖြစ်သနည်း။ ရှင်းလင်းဖော်ပြပါ။

## ၃.၂ မြေဆီလွှာပြုန်းတီးမှုနှင့် ကာကွယ်ထိန်းသိမ်းခြင်း

**သင်ခန်းစာမိတ်ဆက်**

- ❖ မြေဆီလွှာပြုန်းတီးမှုနှုန်းသည် မြေသား၊ မြေဆီလွှာအနေအထား၊ ရာသီဥတု၊ မြေမျက်နှာသွင်ပြင်၊ ဆင်ခြေလျှော အနိမ့်အမြင့်နှင့် မြေဆီလွှာအပေါ်တွင် သစ်ပင်များ၊ မြက်ခင်းများ ဖုံးအုပ်ခြင်း စသည့်အချက်များပေါ်တွင် မူတည်သည်။
- ❖ မြေဆီလွှာထိန်းသိမ်းမှုဆိုသည်မှာ မြေဆီလွှာကိုကာကွယ်ခြင်း၊ အသင့်အတင့်အသုံးချခြင်းနှင့် မြေယာဖော်ထုတ်ခြင်းတို့ ဖြစ်သည်။

### မြေဆီလွှာပြုန်းတီးမှုနှင့် ကာကွယ်ထိန်းသိမ်းခြင်း

မြေဆီလွှာပြုန်းတီးမှုနှုန်းသည် မြေသား၊ မြေသားတည်ဆောက်ပုံအနေအထား၊ ရာသီဥတု၊ မြေမျက်နှာသွင်ပြင်၊ ဆင်ခြေလျှော အနိမ့်အမြင့်နှင့် မြေဆီလွှာအပေါ်တွင် သစ်ပင်များ၊ မြက်ခင်းများ ဖုံးအုပ်ခြင်း စသည့်အချက်များပေါ်တွင် မူတည်သည်။ ကမ္ဘာ့မြေမျက်နှာပြင်ပြောင်းလဲမှုသည် မြေဆီလွှာ တိုက်စားခံရခြင်းကြောင့် ဖြစ်သည်။

အချို့နေရာများ၌ မြေဆီလွှာများ၏ မူလကျောက်လွှာများအထိ တိုက်စားခြင်းခံရသဖြင့် တစ်ခါတစ်ရံ ကျောက်တုံးကျောက်ခဲကြီးများပင် မြေမျက်နှာပြင်ပေါ်တွင် ပေါ်ထွက်လျက်ရှိသည်။ မြေဆီလွှာတိုက်စားခြင်းကို ပတ်ဝန်းကျင်အခြေအနေနှင့် မြေဆီလွှာအမျိုးအစားအလိုက် ကွဲပြားစွာ တွေ့ရသည်။ မြေဆီလွှာအပေါ်ယံလွှာတွင် အပင်နှင့်သတ္တဝါတို့၏ ရုပ်ကြွင်းများပါဝင်သော အရောင်ရင့် မြေဆီလွှာများသည် လျင်မြန်စွာ တိုက်စားခံရတတ်သည်။ မြေဆီလွှာတိုက်စားခြင်းသည် ရေ၊ လေ တိုက်စားမှုတို့အပြင် လူတို့၏လုပ်ဆောင်ချက်များ၊ ထွန်ယက်မှုနည်းစနစ် မမှန်ခြင်းတို့ကြောင့်လည်း မြေဆီလွှာတိုက်စားခြင်းခံရသည်။

မြေဆီလွှာပြုန်းတီးမှုနှုန်းသည် မြေဆီလွှာ၏မြေသားအနေအထား၊ ရာသီဥတုအခြေအနေနှင့် မျက်နှာပြင်ဆင်ခြေလျှော စသည်တို့အပေါ် မူတည်သည်။ သစ်တောရှိခြင်း၊ မြက်ခင်းပြင်များ ဖုံးအုပ်ထားခြင်းတို့သည် စီးဆင်းသောရေ၏အရှိန်ကို လျော့ပါးစေနိုင်ပြီး မြေဆီလွှာတိုက်စားမှုကိုလည်း လျော့နည်းစေနိုင်သည်။ မြေဆီလွှာပြုန်းတီးမှုတွင် ရေ၊ လေနှင့် ရေလှိုင်းတို့၏တိုက်စားမှုသည် အထိရောက်ဆုံး ဖြစ်သည်။

မြေဆီလွှာထိန်းသိမ်းမှုဆိုသည်မှာ မြေဆီလွှာကို တိုက်စားခြင်းမှ ကာကွယ်ခြင်း၊ အသင့်အတင့် အသုံးချခြင်းနှင့် မြေယာဖော်ထုတ်ခြင်းတို့ ဖြစ်သည်။ စိုက်ပျိုးမြေယာများ၊ သဘာဝစားကျက်မြေများနှင့် သစ်တောမြေများတွင် မြက် သို့မဟုတ် သစ်တောများဖုံးအုပ်စေခြင်းဖြင့် ရေ၊ လေတိုက်စားမှုကြောင့် မြေဆီလွှာပြုန်းတီးမှုကို ထိန်းသိမ်းနိုင်သည်။ မြေမျက်နှာပြင်ပေါ်တွင် သစ်ပင်များစိုက်ပျိုးထားခြင်းဖြင့်လည်းကောင်း၊ စိုက်ပျိုးမြေများပေါ်တွင် သီးနှံများရိတ်သိမ်းပြီးနောက် ချန်ထားခဲ့သောရိုးပြတ်များနှင့် သီးနှံပင်များ၏ အကြွင်းအကျန်များကြောင့်လည်းကောင်း ရွာကျလာသော မိုးရေ၏အရှိန်ကို လျော့ကျစေနိုင်သကဲ့သို့ လေ၏တိုက်စားခြင်းအရှိန်ကိုလည်း လျော့ကျစေနိုင်သည်။ မိုးများသော ဒေသများတွင် လှေကားထစ်စိုက်ပျိုးခြင်းဖြင့် ဆင်ခြေလျှောတစ်လျှောက် မြေဆီလွှာတိုက်စားမှုကို ထိန်းသိမ်းနိုင်သည်။ ဤနည်းလမ်းများသည် မြေဆီလွှာတိုက်စားခြင်းကို ထိရောက်စွာထိန်းသိမ်းနိုင်သည်။

မြစ်၊ ချောင်းများ၏တိုက်စားခြင်းကို ကာကွယ်နိုင်ရန် တာရိုးများ သို့မဟုတ် အတားအဆီးများ ပြုလုပ်ခြင်း၊ ကုန်းမြင့်ဆင်ခြေလျှောနေရာများတွင် ကွန်တိုအနိမ့်အမြင့်လိုက်၍ ထွန်ယက်ခြင်းဖြင့် ပြင်လိုက်တိုက်စားခြင်းကို ထိန်းသိမ်းနိုင်သည်။ စိုက်ပျိုးရေးမပြုလုပ်နိုင်သော ဆင်ခြေလျှောမတ်စောက်သောဒေသများတွင် အပင်များစိုက်ပျိုးခြင်းတို့ဖြင့် ဖုံးအုပ်ထား၍ မြေဆီလွှာကို ထိန်းသိမ်းနိုင်သည်။ ရာသီဥတုအခြေအနေနှင့် မြေပြင်အနေအထားအလိုက် သင့်လျော်မည့် ထွန်ယက်စိုက်ပျိုးခြင်းဖြင့် မြေဆီလွှာထိန်းသိမ်းခြင်းကို ဆောင်ရွက်နိုင်သည်။

DBE BOX

**အဓိကအချက်များ**

- ❖ မြေဆီလွှာတိုက်စားခြင်းသည် ရေ၊ လေတိုက်စားမှုတို့အပြင် လူတို့၏ လုပ်ဆောင်မှု ထွန်ယက်မှုနည်းစနစ် မမှန်ခြင်းကြောင့် ဖြစ်သည်။
- ❖ မြေဆီလွှာပြုန်းတီးမှုနှုန်းသည် မြေသား၊ မြေသားတည်ဆောက်ပုံအနေအထား၊ ရာသီဥတု၊ မြေမျက်နှာသွင်ပြင်၊ ဆင်ခြေလျှောအနိမ့်အမြင့်နှင့် မြေဆီလွှာအပေါ်တွင် သစ်ပင်များ၊ မြက်ခင်းများဖုံးအုပ်ခြင်း စသည့်အချက်များပေါ် မူတည်သည်။
- ❖ မြေဆီလွှာထိန်းသိမ်းမှုဆိုသည်မှာ မြေဆီလွှာကို တိုက်စားခြင်းမှကာကွယ်ခြင်း၊ အသင့်အတင့် အသုံးချခြင်းနှင့် မြေယာဖော်ထုတ်ခြင်းတို့ ဖြစ်သည်။

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ မြေဆီလွှာများ အဘယ်ကြောင့် ပြုန်းတီးပျက်စီးရသနည်း။

၂။ မြေဆီလွှာများပြုန်းတီးမှုမဖြစ်စေရန် မည်ကဲ့သို့ ထိန်းသိမ်းကာကွယ်သင့်သနည်း။

## ၃.၃ သဘာဝပေါက်ပင်နှင့် သစ်တောများ

**သင်ခန်းစာမိတ်ဆက်**

- ❖ သဘာဝပေါက်ပင်ဆိုသည်မှာ လူတို့စိုက်ပျိုးခြင်း မဟုတ်ဘဲ သဘာဝပတ်ဝန်းကျင်တွင် အလိုအလျောက် ပေါက်ရောက်နေသော အပင်များဖြစ်သည်။
- ❖ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် ကွဲပြားခြားနားမှုအပေါ် မူတည်၍ သဘာဝပေါက်ပင်များ ကွဲပြားခြားနားသည်ကို လေ့လာတွေ့ရှိနိုင်သည်။

**သဘာဝပေါက်ပင်နှင့်သစ်တောများ**

သဘာဝပေါက်ပင်ဆိုသည်မှာ လူတို့စိုက်ပျိုးခြင်း မဟုတ်ဘဲ သဘာဝပတ်ဝန်းကျင်တွင် အလိုအလျောက် ပေါက်ရောက်နေသော အပင်များဖြစ်သည်။ အရပ်ဒေသတစ်ခု၏ သဘာဝပေါက်ပင်သည် ယင်း အရပ်ဒေသ၏ မြေမျက်နှာသွင်ပြင်၊ ရာသီဥတု၊ မြေဆီလွှာ စသည်တို့အပေါ် မူတည်၍ ဖြစ်ပေါ်သည်။



DBE BOX




ပုံ (၃. ၆) ကမ္ဘာပေါ်တွင်ပျံ့နှံ့နေသောသဘာဝပေါက်ပင်များ

အပူချိန်နှင့် မိုးရေချိန်များသောနေရာများတွင် သစ်ပင်ကြီးများနှင့် မိုးအသင့်အတင့်ရသော နေရာများတွင် မြက်ခင်းများ၊ ခြောက်သွေ့သောနေရာများတွင် ချုံပင်များ ပေါက်ရောက်သည်။ အထူးသဖြင့် ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင် ကွဲပြားခြားနားမှုအပေါ် မူတည်၍ သဘာဝပေါက်ပင်များ ကွဲပြားခြားနားသည်ကို လေ့လာတွေ့ရှိနိုင်သည်။

## ၁။ အပူပိုင်းအမြဲစိမ်းမိုးသစ်တော (Tropical Evergreen Rainforest)

အပူပိုင်း အမြဲစိမ်းမိုးသစ်တောများကို အမေဇုံမြစ်ဝှမ်း၊ ကွန်ဂိုချိုင့်ဝှမ်း၊ ဩစတြေးလျတိုက် မြောက်ဘက်စွန်းပိုင်း၊ အရှေ့တောင်အာရှရှိ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ မြန်မာနိုင်ငံ၊ အင်ဒိုချိုင်းနားကျွန်းဆွယ်နှင့် အိန္ဒိယ အနောက်ဘက်ကမ်းခြေ မြေနိမ့်ပိုင်းများတွင် ပေါက်ရောက်သည်။ တစ်နှစ်ပတ်လုံး အပူချိန်နှင့် မိုးရေချိန်များသောကြောင့် သစ်မာပင်အမျိုးအစား များပြားစွာ ပေါက်ရောက်သည်။



ပုံ (၃. ၇) အပူပိုင်းအမြဲစိမ်းမိုးသစ်တော

ပေါက်ရောက်သောအပင်များသည် သစ်မာအမျိုးအစားများပြီး အမြဲစိမ်းရွက်ပြန့်တောများ ဖြစ်သည်။ သစ်ပင်များထူထပ်ရှုပ်ထွေး၍ အလွှာလိုက်ပေါက်ရောက်ပြီး အမြင့်ဆုံးအလွှာ၌ ၄၅ မီတာထိ မြင့်သော အပင်များပေါက်ရောက်သည်။

ပေါက်ရောက်သော အပင်အမျိုးအစားများမှာ ရင်းတိုက် (Ebony)၊ မဟော်ဂနီ (Mahogany) စသည့် အပူပိုင်းသစ်မာအမျိုးအစားများ ဖြစ်သည်။ အာရှတိုက်ရှိ မိုးသစ်တောအတွင်းပေါက်ရောက်သော အပင်များတွင် ဝါးပင်သည်အလွန်အရေးပါသော အပင်အမျိုးအစားတစ်မျိုး ဖြစ်သည်။ ရွှံ့ညွန်ထူထပ်သော ကမ်းခြေများတွင် ဒီရေရောက်တောများလည်း တွေ့ရသည်။

## ၂။ အပူပိုင်းမုတ်သုံသစ်တော (Tropical Monsoon Forest)



ပုံ (၃. ၈) အပူပိုင်းမုတ်သုံသစ်တော

အပူပိုင်းမုတ်သုံသစ်တောမျိုးကို အပူပိုင်းဒေသရှိ ခြောက်သွေ့ချိန် တိုတောင်းသောဥတု ထင်ရှားစွာရှိသည့် ဒေသများ၌ တွေ့ရသည်။ အိန္ဒိယနိုင်ငံအရှေ့ဘက်ပိုင်း၊ ဩစတြေးလျတိုက်အရှေ့ဘက်ပိုင်း၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အင်ဒိုချိုင်းနားကျွန်းဆွယ်နှင့် တောင်အမေရိကတိုက်တို့တွင် ပေါက်ရောက်သည်။ အပူပိုင်းမုတ်သုံတောများသည် မိုးရေချိန်ရရှိမှုအပေါ် မူတည်၍ သွင်ပြင်လက္ခဏာများ ပြောင်းလဲသွားသည်။ မုတ်သုံတောများရှိ အပင်များသည် ရွက်ပြန့်ရွက်ပြတ်ပင်များဖြစ်ပြီး ခြောက်သွေ့သော ဥတုအစပိုင်း၌ အရွက်များကြွေကျသည်။

ပေါက်ရောက်သော အပင်အမျိုးအစားများမှာ ကျွန်း၊ ပျဉ်းကတိုး၊ သစ်မာနှင့် ဝါးပင်တို့ဖြစ်သည်။ မိုးသစ်တောများကဲ့သို့ သစ်တောအောက်ခြေထူထပ်မှုမရှိ၍ အဖိုးတန်သစ်များကို အလွယ်တကူ ထုတ်ယူနိုင်သည်။

## ၃။ မြေထဲပင်လယ်ပေါက်ပင်များ (Mediterranean Forest)



ပုံ (၃. ၉) မြေထဲပင်လယ်ပေါက်ပင်များ

မြေထဲပင်လယ်ပေါက်ပင်များကို မြေထဲပင်လယ်ကမ်းခြေဒေသ၏ ပိုမိုစိုစွတ်သောအပိုင်းများ အထူးသဖြင့် ဆိုက်ပရပ်၊ အစ္စရေး၊ လက်ဘနွန်၊ ဆီးရီးယားနှင့် တူရကီကမ်းခြေများ၌တွေ့ရသည်။ ထို့အပြင် အမေရိကန်ပြည်ထောင်စုရှိ ကယ်လီဖိုးနီးယား၊ တောင်အမေရိကတိုက်၏ အနောက်တောင်ဘက်၊ ဩစတြေးလျတိုက်၏အနောက်တောင်ဘက်တို့တွင်လည်း ပေါက်ရောက်သည်။

ယင်းဒေသများသည် ဆောင်းရာသီ၌မိုးရွာပြီး နွေရာသီ၌ ပူပြင်းခြောက်သွေ့သည်။ မြေထဲပင်လယ်ဒေသများတွင် အထူးသဖြင့် ရောနှောတောများပေါက်ရောက်သည်။ အပင်များမှာ ထူထပ်စွာပေါက်ရောက်ခြင်းမဟုတ်ဘဲ ကျဲပါးစွာပေါက်ရောက်သည်။

မြေထဲပင်လယ်ပေါက်ပင်များသည် အမြဲစိမ်းရွက်ပြန့်ချုံပုတ်ပင်များ၊ ၂. ၅ မီတာထက်နိမ့်သော အပင်ငယ်များနှင့် သံလွင်ပင်တို့ဖြစ်သည်။ မြက်ပင်များနည်းပါးပြီး တောင်စောင်းများတွင် ထင်ရှူးပင်များပေါက်ရောက်သည်။ မွှေးကြိုင်ပြီးအနံ့ရှိသော အပင်ငယ်များလည်း ပေါများစွာပေါက်ရောက်သည်။

### ၄။ သမနွေးအမြဲစိမ်းတော (Warm Temperate Evergreen Forest)



ပုံ (၃. ၁၀) သမနွေးအမြဲစိမ်းတော

သမနွေးအမြဲစိမ်းတောများကို တရုတ်နိုင်ငံတောင်ဘက်စွန်းပိုင်း၊ ဂျပန်နိုင်ငံတောင်ဘက်စွန်းပိုင်း၊ အမေရိကန်ပြည်ထောင်စု အရှေ့ဘက်ပိုင်းနှင့် တောင်အမေရိကတိုက်အရှေ့ဘက်ပိုင်းတို့တွင် တွေ့ရသည်။

မိုးတစ်နှစ်ပတ်လုံးရရှိပြီး ဆောင်းရာသီ၌ အပူချိန် ၁၀ ဒီဂရီစင်တီဂရိတ်ခန့် ရရှိသောဒေသများတွင် ပေါက်ရောက်သည်။ များသောအားဖြင့် အမြဲစိမ်းရွက်ပြန့်ပင်များဖြစ်သည်။ ပေါက်ရောက်သောအပင်များမှာ ဝက်သစ်ချ (Oak )၊ တတိုင်းမွှေး (Magnolia)နှင့် ယူကလစ်ပင် (Eucalyptus) များ ဖြစ်သည်။

### ၅။ အေးသမသစ်တော (Cold Temperate Forest)



ပုံ (၃. ၁၁) အေးသမသစ်တော

တရုတ်မြောက်ဘက်စွန်းပိုင်း၊ ဂျပန်မြောက်ဘက်ပိုင်း၊ အမေရိကန်ပြည်ထောင်စု အရှေ့ပိုင်းနှင့် အနောက်ဘက်ပိုင်း၊ ပြင်သစ်၊ ဂျာမနီ၊ ပိုလန်၊ ဆွီဒင်နှင့် ဗြိတိန်နိုင်ငံများတွင် ပေါက်ရောက်သည်။ ပေါက်ရောက်သောအပင်များမှာ ဝက်သစ်ချ၊ ဘိချ် (Beech)၊ ဘာ့ချ် (Birch)နှင့် ဟွန်းဘင်း (Hornbeam)များဖြစ်သည်။ သစ်မာပင်များနှင့် ရွက်ချွန်ထင်းရှူးတောများကိုလည်း တွေ့ရသည်။

### ၆။ ကိုနီဖားသစ်တောများ သို့မဟုတ် ရွက်ချွန်တောများ (Coniferous Forest)

ဥရောပ၊ အာရှနှင့် မြောက်အမေရိကတိုက်များ၏ အာတိတ်အနီးတစ်ဝိုက်ရှိဒေသများတွင် ပေါက်ရောက်သည်။ ဆိုက်ဘေးရီးယားဒေသတွင် တိုင်ဂါ (Taiga)ထင်းရှူးတော ခေါ် ရွက်ချွန်တောများ ဖုံးလွှမ်းနေသည်။ ယင်းသစ်တောများသည် အာရှတိုက်ယူရယ်တောင်တန်းဒေသမှ အရှေ့ဘက်

DBE RDX

ပစိဖိတ်သမုဒ္ဒရာအထိ ရှိသည်။

ယင်းသစ်တောရှိရာဒေသသည် လတ္တီကျုအမြင့်ပိုင်းများဖြစ်သောကြောင့် နေရောင်ရရှိမှုနည်းပါးသည်။ ကျယ်ပြန့်သော ရွံ့ညွန်နှင့် စိမ့်တောမြေများကို ရေခဲမြစ်ဖုံးလွှမ်းနေသောဒေသ၌ တွေ့ရသည်။ ပေါက်ရောက်သောအပင်များမှာ ပိုင်း၊ ဖား၊ စပရု တို့ ဖြစ်သည်။



ပုံ (၃. ၁၂) ရွက်ချွန်တောများ

## ၇။ အပူပိုင်းမြက်ခင်း (Tropical Grassland)

လတ္တီကျုအနိမ့်ပိုင်း အာဖရိကတိုက်နှင့် တောင်အမေရိကတိုက်တို့တွင် ပေါက်ရောက်သည်။ အီကွေတာမြောက်ဘက် အာဖရိကတိုက်ရှိ ဆဗားနားမြက်ခင်းမှ မြက်များသည် ၃ မီတာမှ ၄ မီတာအထိ မြင့်သည်။



ပုံ (၃. ၁၃) အပူပိုင်းမြက်ခင်း

## ၈။ သမပိုင်းမြက်ခင်း (Temperate Grassland)

အလယ်ပိုင်းလတ္တီကျုရှိ တိုက်ကြီးများအတွင်းပိုင်းတွင် တွေ့ရသည်။ ဆိုက်ဗေးရီးယား အနောက်တောင်ပိုင်း၊ မြောက်အမေရိကတိုက် အလယ်ပိုင်း၊ တောင်အမေရိကတိုက် အလယ်ပိုင်း၊ အာဖရိကတိုက်တောင်ဘက်စွန်းပိုင်းတို့၌ ပေါက်ရောက်သည်။ ယင်းဒေသများ၏ရာသီဥတုမှာ နွေရာသီ၌ အပူချိန်မြင့်မားပြီး ဆောင်းရာသီ၌ အပူချိန်အလွန်နည်းသည်။ နွေရာသီသည် မိုးအနည်းဆုံး ဖြစ်သည်။ ထို့ကြောင့် သစ်ပင်ပေါက်ရောက်ခြင်းမရှိဘဲ မြက်ခင်းများသာပေါက်သည်။ စတက်မြက်ခင်းများသည် တောင်ဘက်သို့ရောက်သောအခါ ကန္တာရဆန်လာပြီး မြောက်ဘက်ပိုင်းသို့ရောက်သွားသောအခါ ရွက်ချွန်တောများနှင့် ရောသွားသည်။



ပုံ (၃. ၁၄) သမပိုင်းမြက်ခင်း

## ၉။ ကန္တာရနှင့် ကန္တာရဆန်ပေါက်ပင်များ (Hot Desert and Semi Desert)

ကန္တာရဒေသပေါက်ပင်များတွင် အာရှတိုက်အနောက်တောင်ဘက်ရှိ အာရေဗျကျွန်းပြင်မြင့်မှ အီရန်ကိုဖြတ်၍ အရှေ့မြောက်ဘက်ရှိ ဂိုဘီသဲကန္တာရအထိ၊ အမေရိကန်ပြည်ထောင်စုတောင်ဘက်ပိုင်း၊ တောင်အမေရိကတိုက်



ပုံ (၃. ၁၅) ကန္တာရဆန်ပေါက်ပင်များ

အလယ်ပိုင်း၊ ဩစတြေးလျတိုက် အနောက်ဘက်ပိုင်းတို့တွင် ပေါက်ရောက်သည်။ သဲကန္တာရနေရာ အများအပြားတွင် သဘာဝပေါက်ပင်များ ကင်းမဲ့လျက်ရှိသည်။ ကန္တာရဆန်ဒေသများတွင် မြက်ပင်များ၊ ချုံပုတ်ငယ်များ ပေါက်သည်။ ကန္တာရရှိ အိုအေစစ်များတွင် ရေရရှိသည့်အတွက် စွန်ပလွံပင်များ ပေါက်ရောက်သည်။

### ၁၀။ တန်ဒြာဒေသပေါက်ပင်များ (Tundra)

မြောက်အမေရိကတိုက်၏ မြောက်ဘက်ပိုင်း၊ အာရှတိုက်၏ မြောက်ဘက်စွန်းပိုင်း၊ အာတိတ်ကမ်းခြေတစ်လျှောက် ဒေသများတွင် တန်ဒြာပေါက်ပင်များကို တွေ့ရသည်။ ယင်းဒေသများတွင် မြေဆီလွှာအတွင်းပိုင်းသည် အစဉ်အေးခဲနေသဖြင့် နွေဥတုတွင် ရေခဲများအရည်ပျော်လျက်ရှိချိန်၌ ရေညှိပင်များပေါက်သည်။



ပုံ (၃. ၁၆) တန်ဒြာဒေသပေါက်ပင်များ

### ၁၁။ ဝင်ရိုးစွန်းဒေသပေါက်ပင်များ (Polar Region)

ဝင်ရိုးစွန်းဒေသပေါက်ပင်များကို ဂရင်းလန် (Green land) ဒေသတွင် တွေ့ရပြီး ပေါက်ပင်နည်းပါးသည်။ အပူဆုံးလ၏ အပူချိန်သည် ၁၀ ဒီဂရီ စင်တီဂရိတ်ထက် နည်းသဖြင့် အပင်ပေါက်ပွားချိန်မှာ သုံးလထက် နည်းသည်။ ပျမ်းမျှမိုးရေချိန်မှာ ၂၅၀ မီလီမီတာထက် နည်းသည်။ ပေါက်ရောက်သော အပင်များမှာ ရေညှိပင်များ၊ လိုက်ကင်ပင်များ (Lichens)၊ မြက်မုန်ညင်းများ (Sedges)ဖြစ်၍ အနည်းငယ်သာ ပေါက်ရောက်သည်။



ပုံ (၃. ၁၇) ဝင်ရိုးစွန်းဒေသပေါက်ပင်များ

**အဓိကအချက်များ**

- ❖ သဘာဝပေါက်ပင်ဆိုသည်မှာ လူတို့စိုက်ပျိုးခြင်း မဟုတ်ဘဲ သဘာဝပတ်ဝန်းကျင်တွင် အလိုအလျောက် ပေါက်ရောက်နေသောအပင်များ ဖြစ်သည်။
- ❖ အပူပိုင်းအမြဲစိမ်း မိုးသစ်တောများသည် တစ်နှစ်ပတ်လုံးအပူချိန်မြင့်ပြီး မိုးရေချိန်များသောဒေသများတွင် ပေါက်သည်။
- ❖ အပူပိုင်းမုတ်သုံသစ်တောများကို အပူပိုင်းဒေသရှိ တိုတောင်းသော ခြောက်သွေ့ဥတု ထင်ရှားစွာရှိသည့်ဒေသများ၌ တွေ့ရသည်။

- မြေထဲပင်လယ်ပေါက်ပင်များကို မြေထဲပင်လယ်ကမ်းခြေဒေသ၏ ဆောင်းရာသီတွင် မိုးရရှိသည့် ပိုမိုစိုစွတ်သောအပိုင်းများတွင် တွေ့ရသည်။
- သမခွေးအမြစ်မိုးတောများကို မိုးတစ်နှစ်ပတ်လုံးရရှိပြီး ဆောင်းရာသီ၌ တစ်ခါတစ်ရံ အပူချိန် ၁၀ ဒီဂရီစင်တီဂရိတ် ရရှိသောဒေသများတွင် ပေါက်ရောက်သည်။
- လတ္တီကျူအမြင့်ပိုင်း နေရောင်ခြည်ရရှိမှုနည်းသော ဒေသများတွင် ရွက်ချွန်တောများ ပေါက်သည်။
- လတ္တီကျူအနိမ့်ပိုင်းအာဖရိကတိုက်နှင့် တောင်အမေရိကတိုက်တို့တွင် အပူပိုင်းမြက်ခင်းများ ပေါက်၍ အလယ်ပိုင်းလတ္တီကျူရှိ တိုက်ကြီးများအတွင်းပိုင်းတွင် သမပိုင်းမြက်ခင်းများ ပေါက်သည်။
- သဲကန္တာရ နေရာအများအပြားတွင် သဘာဝပေါက်ပင်များကင်းမဲ့လျက်ရှိ၍ ကန္တာရ ဆန်ဒေသများတွင် မြက်ပင်များ၊ ချုံပုတ်ငယ်များ ပေါက်သည်။
- မြောက်အမေရိကတိုက်၏ မြောက်ဘက်ပိုင်း၊ အာရှတိုက်၏ မြောက်ဘက်စွန်းပိုင်း၊ အာတိတ်ကမ်းခြေတစ်လျှောက်ဒေသများတွင် တန်ဒြာဒေသပေါက်ပင်များ ပေါက်ရောက်သည်။
- ဝင်ရိုးစွန်းဒေသများတွင် ရေညှိပင်များ၊ လိုက်ကင်ပင်များ (Lichens)နှင့် မြက်မုန်ညင်းများ (Sedges) အဓိက ပေါက်ရောက်သည်။

### လေ့ကျင့်ရန်မေးခွန်းများ

၁။ သဘာဝပေါက်ပင်ဟူသည် မည်ကဲ့သို့သော အပင်မျိုးနည်း။

၂။ သင်တို့ဒေသ ပတ်ဝန်းကျင်တွင် သဘာဝအလျောက်ပေါက်ရောက်နေသော အပင်များကို မှတ်သားပြီး စာရင်းပြုစုပါ။

၃။ သဘာဝပေါက်ပင် အမျိုးအစားများကို ဖော်ပြ၍ နှစ်သက်ရာသစ်တောတစ်ခုအကြောင်းကို ပြောပြပါ။

၄။ မြေထဲပင်လယ်ပေါက်ပင်များကို မည်သည့်ဒေသတွင် တွေ့ရသနည်း။

၅။ သမပိုင်းမြက်ခင်းသစ်တောများတွင် သစ်ပင်များပေါက်ရောက်ခြင်း မရှိဘဲ မြက်ခင်းများသာပေါက်ရောက်သည်။ အဘယ်ကြောင့်နည်း။

၆။ သဲကန္တာရနေရာအများအပြားတွင် သဘာဝပေါက်ပင်များ ကင်းမဲ့လျက်ရှိ၍ ကန္တာရဆန်သောဒေသများတွင် မည်သည့်အပင်များပေါက်သနည်း။

၇။ တန်ဒြာဒေသပေါက်ပင်များကို မည်သည့်ဒေသတွင် တွေ့ရသနည်း။

DREBOX

## ၃.၄ သစ်တောများပြုန်းတီးမှုနှင့် ကာကွယ်ထိန်းသိမ်းခြင်း

**သင်ခန်းစာမိတ်ဆက်**

- သဘာဝအရင်းအမြစ်ဟူသည် သဘာဝပတ်ဝန်းကျင်မှ လူတို့ထုတ်ယူသုံးစွဲနိုင်သော အရာများဖြစ်သည်။ သစ်တောများပြုန်းတီးခြင်း၏ အဓိကအကြောင်းအရင်းများမှာ စိုက်ပျိုးမြေသစ်များ တိုးချဲ့လာခြင်း၊ မြို့သစ်များ တိုးချဲ့တည်ဆောက်ခြင်း၊ ဆည်များ တည်ဆောက်ခြင်း၊ လမ်းများဖောက်ခြင်း၊ ထင်းခုတ်ခြင်းနှင့် စီးပွားဖြစ်သစ်ခုတ်လှဲခြင်းတို့ ဖြစ်သည်။

**သစ်တောများပြုန်းတီးမှုနှင့် ကာကွယ်ထိန်းသိမ်းခြင်း**

သဘာဝအရင်းအမြစ်ဟူသည် သဘာဝပတ်ဝန်းကျင်မှ လူတို့ထုတ်ယူသုံးစွဲနိုင်သောအရာများဖြစ်သည်။ မြေ၊ ရေ၊ လေ၊ သစ်ပင်၊ တိရစ္ဆာန်၊ မြစ်နှင့် ချောင်းများသည် သဘာဝအရင်းအမြစ်များဖြစ်သည်။ သဘာဝအရင်းအမြစ်များကို အလွန်အကျွံသုံးစွဲလျှင် သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ရမည်။ သစ်အမြောက်အမြားထုတ်ယူသောကြောင့် သစ်တောများ ပြုန်းတီးလျက်ရှိသည်။ သစ်တောများပြုန်းတီးခြင်းသည် ဂေဟစနစ် (Ecosystem) များကို ပြောင်းလဲပျက်စီးသွားစေနိုင်သည်။

သစ်တောများသည် ကမ္ဘာ့ရာသီဥတုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သည်။ သစ်တောများ ခုတ်လှဲဖျက်ဆီးလိုက်သောအခါ ကာဗွန်ဒိုင်အောက်ဆိုဒ်များသည် လေထဲတွင်များပြားလာပြီး ကမ္ဘာကြီးကို ပို၍ပူနွေးလာစေသည်။ သစ်ပင်များသည် မြေဆီလွှာကို လေနှင့်ရေတိုက်စားမှုက ကာကွယ်ပေးသည်။ သစ်တောဧရိယာကို သီးနှံပင်များစိုက်ပျိုးရန်အတွက် ရှင်းလင်းသောအခါ သစ်တောတွင် မှီတင်းနေထိုင်သော ဇီဝမျိုးဆက်များ ပျက်စီးဆုံးရှုံးရသည်။

သစ်တောများပြုန်းတီးခြင်းသည် ကမ္ဘာတစ်ဝန်းတွင် အလွန်လျင်မြန်စွာ ဖြစ်ပွားလျက်ရှိသည်။ သစ်တောများပြုန်းတီးခြင်း၏ အဓိကအကြောင်းအရင်းများမှာ စိုက်ပျိုးမြေသစ်များ ချဲ့လာခြင်း၊ မြို့သစ်များ တိုးချဲ့တည်ဆောက်ခြင်း၊ ဆည်များတည်ဆောက်ခြင်း၊ လမ်းများဖောက်ခြင်း၊ ထင်းခုတ်ခြင်းနှင့် စီးပွားဖြစ်သစ်ခုတ်လှဲခြင်းတို့ ဖြစ်သည်။

သစ်တောများပြုန်းတီးမှုကြောင့် ကမ္ဘာကြီးပူနွေးလာခြင်း၊ မြေဆီလွှာတိုက်စားမှုများလာခြင်း၊ ရေကြီးရေလျှံမှုပိုများလာခြင်း၊ ဇီဝမျိုးကွဲများ သေကြေပျက်စီးခြင်းနှင့် မိုးခေါင်ခြင်းများ ကြုံတွေ့ရပေမည်။ အပင်နှင့်သတ္တဝါများ မျိုးတုံးမသွားစေရန်အတွက် ထိန်းသိမ်းကာကွယ်ပေးရန် လိုအပ်သည်။ သစ်တောများပြုန်းတီးမှုကိုဖြေရှင်းရန် သစ်တောများပြန်လည်အစားထိုး စိုက်ပျိုးရမည်။ ဘေးမဲ့နေရာများကို တိုး၍သတ်မှတ်ခြင်းဖြင့် တောရိုင်းတိရစ္ဆာန်မျိုးများနှင့် အပင်များကို ကာကွယ်ပေးနိုင်မည်။ နိုင်ငံအလိုက် သဘာဝပေါက်ပင်များ၊ သဘာဝဘေးမဲ့တောများနှင့် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းကာကွယ်ရေးဥပဒေများကိုပြဋ္ဌာန်းပြီး ထိရောက်စွာကျင့်သုံး အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်သည်။

**အဓိကအချက်များ**

- ❖ သစ်တောများပြုန်းတီးခြင်းသည် ဂေဟစနစ် (Ecosystem) များကို ပြောင်းလဲပျက်စီးသွားစေနိုင်သည်။
- ❖ သစ်တောများပြုန်းတီးခြင်း၏ အဓိကအကြောင်းအရင်းများမှာ စိုက်ပျိုးမြေသစ်များချဲ့လာခြင်း၊ မြို့သစ်များတိုးချဲ့တည်ဆောက်ခြင်း၊ ဆည်များတည်ဆောက်ခြင်း၊ လမ်းများဖောက်ခြင်း၊ ထင်းခုတ်ခြင်းနှင့် စီးပွားဖြစ် သစ်ခုတ်လှဲခြင်းတို့ ဖြစ်သည်။
- ❖ နိုင်ငံအလိုက် သဘာဝပေါက်ပင်များ၊ သဘာဝဘေးမဲ့တောများနှင့် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းကာကွယ်ရေး ဥပဒေများကိုပြဋ္ဌာန်းပြီး ထိရောက်စွာကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သည်။

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ သစ်တောများ ဘာကြောင့် ပြုန်းတီးရသနည်း။

၂။ သင့်ပတ်ဝန်းကျင်တွင် သစ်တောများရှိနေခြင်းကြောင့် မည်သည့် အကျိုးကျေးဇူးများရရှိသနည်း။

၃။ သင့်ပတ်ဝန်းကျင်တွင် သစ်တောများထိန်းသိမ်းစောင့်ရှောက်ခြင်းကို ကူညီရန်အတွက် မည်သို့ဆောင်ရွက်မည်ကို တင်ပြပါ။

DBE Box

အခန်း(၃) ပတ်ဝန်းကျင်ဆိုင်ရာ ပထဝီဝင်အခန်းတွင် သင်ယူခဲ့သောအကြောင်းအရာများကို ပြန်လည်သုံးသပ်ပြီး ကွက်လပ်များဖြည့်ပါ။



# အခန်း(၄)

# အာဆီယံနိုင်ငံများ၏ ဒေသန္တရပထဝီဝင်

**နိဒါန်း**

- ဤအခန်းတွင်အာဆီယံနိုင်ငံများဖြစ်သော ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် လာအိုနိုင်ငံတို့၏ တည်နေရာ၊ မြေမျက်နှာသွင်ပြင်၊ ရေဆင်း၊ ရာသီဥတု၊ သဘာဝပေါက်ပင်၊ လူဦးရေနှင့်လူမျိုး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ တွင်းထွက်ပစ္စည်းထုတ်လုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးနှင့် မြို့ကြီးများအကြောင်းကို လေ့လာသင်ယူကြရမည် ဖြစ်သည်။

**ဤသင်ခန်းစာနှင့်ပတ်သက်၍ သင်သိရှိပြီးသော အကြောင်းအရာ**

- ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့်အပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံလည်း ဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ မလေးရှားနိုင်ငံတို့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဖြစ်သည်။

**ဤသင်ခန်းစာပြီးလျှင် သင်သည်အောက်ပါတို့ကိုသိရှိမည်။**

- ကမ္ဘောဒီးယားနိုင်ငံတွင် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များစာရင်းဝင် အန်ကောဝပ်ဘုရားကျောင်းနှင့်ရေပေါ်ရွာများတည်ရှိခြင်းတို့ကြောင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတွင် ထင်ရှားသောနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း သိရှိမည်။
- ဗီယက်နမ်နိုင်ငံသည် အရှေ့တောင်အာရှတွင်ပါဝင်သော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အင်ဒိုချိုင်းနားကျွန်းဆွယ်၏ အရှေ့ဘက်ဆုံးအပိုင်းတွင် တည်ရှိပြီး အရှေ့တောင်အာရှနိုင်ငံများ၊ တောင်အာရှနိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အာဖရိကနိုင်ငံများနှင့် ပင်လယ်ရေကြောင်း ဆက်သွယ်မှုရှိကြောင်း ဆက်စပ်သိရှိနိုင်သည်။
- မလေးရှားနိုင်ငံသည် မလေးကျွန်းဆွယ်ပေါ်ရှိ အနောက်မလေးရှားနှင့် ဘော်နီယိုကျွန်းပေါ်ရှိ အရှေ့မလေးရှားဟူ၍ အပိုင်းနှစ်ပိုင်းရှိပြီး ပင်လယ်ရေကြောင်းဆက်သွယ်ရေးသည် အရေးပါသော ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းဖြစ်ကြောင်း သိရှိနိုင်မည်။
- ထိုင်းနိုင်ငံသည် သာယာလှပသော အပန်းဖြေကမ်းခြေများရှိ၍ ခရီးသွားလုပ်ငန်းများကြောင့် ထင်ရှားသည်။
- လာအိုနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် ပင်လယ်သို့ တိုက်ရိုက်ထွက်ပေါက်မရှိသော ကုန်းပိတ်နိုင်ငံဖြစ်၍ ပင်လယ်ရေကြောင်းဆက်သွယ်မှုမရှိဘဲ ကုန်းတွင်းရေကြောင်းလမ်းအဖြစ် မဲခေါင်မြစ်ကိုသာ အဓိကထားဆက်သွယ်ရကြောင်း သိရှိနိုင်သည်။



DBE BOX

## ၄.၁ ကမ္ဘောဒီးယားနိုင်ငံ (Cambodia)

### သင်ခန်းစာမိတ်ဆက်

ကမ္ဘောဒီးယားနိုင်ငံသည် အရှေ့တောင်အာရှတွင်ပါဝင်သော အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ ဖြစ်ပြီး မဟာမဲခေါင်ဒေသခွဲနိုင်ငံများအဖွဲ့ Greater Mekong Subregion (GMS) ၏အဖွဲ့ဝင် နိုင်ငံလည်း ဖြစ်သည်။

### တည်နေရာနှင့် အကျယ်အဝန်း

ကမ္ဘောဒီးယားနိုင်ငံသည် အရှေ့တောင်အာရှတွင် ပါဝင်သောနိုင်ငံဖြစ်သည်။ မြောက်လတ္တီကျု ၁၁ ဒီဂရီနှင့် ၁၄ ဒီဂရီကြား၊ အရှေ့လောင်ဂျီကျု ၁၀၂ ဒီဂရီ ၃၀ မိနစ်နှင့် ၁၀၇ ဒီဂရီ ၃၀ မိနစ်ကြားတွင် တည်ရှိသည်။ အရှေ့မြောက်ဘက်တွင် လာအိုနိုင်ငံ၊ အရှေ့နှင့်အရှေ့တောင်ဘက်တွင် ဗီယက်နမ်နိုင်ငံ၊ အနောက်တောင်ဘက်တွင် ထိုင်းပင်လယ်ကွေ့၊ အနောက်မြောက်နှင့်မြောက်ဘက်တွင် ထိုင်းနိုင်ငံတို့ တည်ရှိသည်။ ကမ္ဘောဒီးယားနိုင်ငံသည် ၁၈၁၀၃၅ စတုရန်းကီလိုမီတာ ကျယ်ဝန်းသည်။




ပုံ (၄. ၁) ကမ္ဘောဒီးယားနိုင်ငံ၏ တည်နေရာ၊ မြေမျက်နှာသွင်ပြင်နှင့် ရေဆင်းပြပုံ

### မြေမျက်နှာသွင်ပြင်

နိုင်ငံ၏အရှေ့ဘက်တွင် မွိုင်(Moi)ကုန်းမြင့်ရှိပြီး ၁၂၁၉ မီတာ အထိမြင့်၍ မဲခေါင်မြစ်ဘက်သို့ နိမ့်ဆင်းသွားသည်။ မြောက်ဘက်၌ ဒန်ရက် (Dangrek) တောင်တန်းများရှိသည်။ တောင်ဘက်တွင်

တောင်မြောက်တန်းနေသော အယ်လီဖင့်တောင်တန်း (Elephant Mountain)၊ အလယ်ပိုင်းချိုင့်ဝှမ်း၏ အနောက်ဘက်၌ ထိုင်းနိုင်ငံနယ်နိမိတ်နှင့်ထိစပ်နေသော ကာဒါမွန်တောင် (Cardamon Mountain) များရှိသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ အလယ်တွင်ချိုင့်ဝှမ်းရှိပြီး ဘေးပတ်လည်တွင် ကုန်းမြင့်များ ရှိသည်။ အမြင့်ဆုံးတောင်မှာ ၁၈၂၃ မီတာရှိ ဖနွမ်းအော်ရယ် (Phnom Aural)တောင်ဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံတွင် တုံလေဆပ် (Tonlesap) ချိုင့်ဝှမ်း၊ မဲခေါင်မြစ်အောက်ပိုင်း ရေလွှမ်းလွင်ပြင်နှင့် ဘစပ်မြစ် (Bassac River) မြစ်ဝှမ်းလွင်ပြင်တို့ ပါဝင်သည်။

## ရေဆင်း

ကမ္ဘောဒီးယားနိုင်ငံ၏ အရှေ့ဘက်သုံးပုံတစ်ပုံ၌ မဲခေါင်မြစ်ကြီးသည် အလယ်ပိုင်းချိုင့်ဝှမ်းကို မြောက်မှတောင်အတိုင်း ဖြတ်သန်းစီးဆင်းသည်။ တုံလေဆပ်မြစ်သည် မြို့တော်ဖနွမ်းပင်အနီး၌ မဲခေါင်မြစ်နှင့်ပေါင်းဆုံပြီး မဲခေါင်နှင့်ဘစပ်မြစ်အဖြစ် ပြန်၍ခွဲသွားပြီး ဗီယက်နမ်နိုင်ငံမှတစ်ဆင့် တောင်တရုတ်ပင်လယ်ထဲသို့ စီးဝင်သွားသည်။

## ရာသီဥတု

အလယ်ပိုင်းချိုင့်ဝှမ်းဒေသသည် အပူပိုင်းဆဗားနားရာသီဥတု ရရှိသည်။ ဇွန်လမှ နိုဝင်ဘာလသည် မိုးဥတု၊ ဒီဇင်ဘာလမှ ဇွန်လသည် နွေဥတုဖြစ်သည်။ တစ်နိုင်ငံလုံးတွင် အပူပိုင်းမုတ်သုံရာသီဥတု ရရှိသည်။

## သဘာဝပေါက်ပင်နှင့်မြေဆီလွှာ

မဲခေါင်မြစ်နှင့်တုံလေဆပ်မြစ်တို့၏ ရေလျှံပြီးအနည်များကြောင့် အလယ်ပိုင်းချိုင့်ဝှမ်းဒေသသည် မြေဩဇာကောင်းသောဒေသ ဖြစ်သည်။ အမြဲစိမ်းတောများကို နေရာအနှံ့တွင်တွေ့ရ၍ တုံလေဆပ်အိုင် ပတ်ဝန်းကျင်နှင့် မဲခေါင်မြစ်တစ်လျှောက်တွင် အပူပိုင်းရွက်ပြတ်တောများကို တွေ့ရသည်။ တုံလေဆပ်ရေအိုင်၊ မဲခေါင်မြစ်နှင့် မြစ်ချောင်းငယ်များတွင် မြေဩဇာကောင်းသော မြေဆီလွှာကိုတွေ့ရသည်။ နိုင်ငံ၏အရှေ့တောင်ဘက်တွင် မီးတောင်ချော်မြေများကို တွေ့ရသည်။

## လူဦးရေနှင့်လူမျိုး

၂၀၁၇ ခုနှစ် လူဦးရေမှာ ၁၆ သန်းကျော် ဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံ၏လူဦးရေ ၉၅ ရာခိုင်နှုန်းခန့်မှာ ခမာလူမျိုးများ ဖြစ်သည်။ လူဦးရေအများစုသည် မြစ်ဝှမ်းများနှင့် မြေနိမ့်ဒေသများတွင် အခြေချနေထိုင်ကြသည်။ ထေရဝါဒ ဗုဒ္ဓဘာသာ၊ မဟာယာန ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာနှင့် နတ်ကိုးကွယ်မှုများ ရှိသည်။



DBE BOX

## စိုက်ပျိုးရေး

ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးသည် စိုက်ပျိုးရေးကို အခြေခံသည်။ စိုက်ပျိုးမြေဧရိယာ၏ ၈၅% ခန့်မှာ စပါးစိုက်ပျိုးသည်။ ဖနွမ်းပင်လွင်ပြင်၊ မဲခေါင်မြစ်နှင့်ဘစပ်မြစ်တစ်လျှောက်လွင်ပြင်များ၊ တုံလေဆပ်အိုင်လွင်ပြင်အနောက်မြောက်ဘက်ဒေသ၊ ထိုင်းပင်လယ်ကွေ့ကမ်းခြေ မြေနိမ့်ဒေသများနှင့် တောင်စောင်းဒေသများတွင် စပါးကိုအဓိက စိုက်ပျိုးသည်။ ဆန်စပါးနှင့်ရော်ဘာသည် နိုင်ငံ၏ ပို့ကုန်သီးနှံ ဖြစ်သည်။ ရော်ဘာသည် ဒုတိယအများဆုံးစိုက်ပျိုးပင် ဖြစ်သည်။ ရော်ဘာကို အရှေ့ဘက် တောင်ကုန်း ဒေသတွင် စိုက်ပျိုးသည်။ ပြောင်း၊ ပဲပိစပ်၊ ဝါ၊ ဆေး၊ ကြံ၊ ငရုတ်ကောင်းနှင့် ကော်ဖီ စသည်တို့ကိုလည်း စိုက်ပျိုးကြသည်။




ပုံ (၄. ၂) ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးပြပုံ

## မွေးမြူရေး

ကျွဲ၊ နွားများကို ထွန်ယက်စိုက်ပျိုးရန်နှင့် အသားအတွက်မွေးမြူကြပြီး ကျွဲ၊ နွားမွေးမြူရေးသည် အရေးပါသော အခြားဝင်ငွေရသည့်လုပ်ငန်းလည်း ဖြစ်သည်။

## ငါးဖမ်းလုပ်ငန်း

ရေချိုငါးဖမ်းလုပ်ငန်းသည် နိုင်ငံ၏အရေးပါသော စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်သည်။ ရေချို ငါးဖမ်းလုပ်ငန်းကို မဲခေါင်မြစ်နှင့် တုံလေဆပ်ရေအိုင်တို့တွင် အဓိက လုပ်ကိုင်ကြသည်။

### သစ်ထုတ်လုပ်ငန်း

နိုင်ငံဧရိယာ၏ ထက်ဝက်ကျော်ခန့်မှာ သစ်တောများရှိသော်လည်း သစ်ထုတ်လုပ်မှု နည်းပါးသည်။ အဓိက သစ်တောထွက်ပစ္စည်းများမှာ သစ်၊ ထင်းရှူးဆီ၊ ထင်း၊ မီးသွေးနှင့် သစ်စေး တို့ဖြစ်သည်။

### စက်မှုလုပ်ငန်း

ရော်ဘာစက်ရုံ၊ သကြားစက်ရုံ၊ ဘိလပ်မြေစက်ရုံ၊ ရေနံချက်စက်ရုံ၊ အထပ်သားနှင့် စက္ကူ လုပ်ငန်းများအပြင် ထုံးကျောက်တူးဖော်ခြင်းနှင့် ရွှေထုတ်လုပ်ခြင်းတို့ကိုလည်း လုပ်ကိုင်သည်။

### ပို့ဆောင်ဆက်သွယ်ရေး

ကမ္ဘောဒီးယားနိုင်ငံ၏ ပထမဆုံးဖောက်လုပ်ထားသော မီးရထားလမ်းမှာ ၆၀၁ ကီလိုမီတာရှည်ပြီး ဖနွမ်းပင် (Phnom Penh) နှင့် ပွိုင့်ပက် (Poi Pet)ကို ဆက်ထားသောလမ်းဖြစ်သည်။ အခြားလမ်း တစ်ခုမှာ ၂၆၂ ကီလိုမီတာရှည်၍ ဖနွမ်းပင်မှ ကမ်ပုန်ဆွမ် (Kampong Som) ရေနက်ဆိပ်ကမ်းကို ဆက်ထားသောလမ်း ဖြစ်သည်။




ပုံ (၄. ၃) ကမ္ဘောဒီးယားနိုင်ငံ၏ ပို့ဆောင်ဆက်သွယ်ရေးမြေပုံ

DBE BOX

၁၉၈၀ ပြည့်နှစ်တွင် ဖနွမ်းပင်-ဘက်တမ်ဘန်ရထားလမ်းကို ပြန်လည်ဖွင့်နိုင်ခဲ့သည်။ ၂၁၄ ကီလို မီတာရှည်သည့် ဖနွမ်းပင်-ကမ်ပုန်အုပ် (ယခင်သီဟာနူဗီး) ခမာ-အမေရိကန် ချစ်ကြည်ရေးလမ်းမကြီး (Khmar-American Friendship Highway) ကို အမေရိကန်အကူအညီနှင့် ဖောက်လုပ်ခဲ့သည်။ မြို့တော်ဖနွမ်းပင်နှင့် လာအို၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံများသို့ ဆက်သွယ်ထားသော လမ်းမကြီးများလည်း ရှိသည်။ မဲခေါင်မြစ်သည် အဓိကပြည်တွင်းရေကြောင်းလမ်းဖြစ်ပြီး မိုးကာလတွင် ၁၄၀၀ ကီလိုမီတာ ထိသွားနိုင်ပြီး နွေကာလတွင် ၆၀၀ ကီလိုမီတာသာ သွားနိုင်သည်။ ယခုအခါ ထိုင်းပင်လယ်ကွေ့ရှိ ကမ်ပုန်ဆွမ်ပင်လယ်အော် (Bay of Kampong Som) တွင် ရေနက်ဆိပ်ကမ်းတည်ဆောက်ပြီးဖြစ်သည့် အတွက် ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ထွက်နိုင်ပြီဖြစ်သည်။ အဓိကလေဆိပ်မှာ ဖနွမ်းပင်ဖြစ်ပြီး အခြားလေဆိပ်များမှာ ဘက်တမ်ဘန် (Battambang)နှင့် ဆင်ရစ်(ပ်) (Siem Reap) တို့ဖြစ်သည်။

## ကုန်သွယ်ရေး

အဓိကထုတ်ကုန်များမှာ အစားအသောက်ကုန်ပစ္စည်းများ၊ ယာဉ်အမျိုးမျိုး၊ စက်မှုလက်မှု ကိရိယာပစ္စည်းများ၊ ကုန်ကြမ်းပစ္စည်းများဖြစ်၍ အဓိကပို့ကုန်များမှာ သစ်တောထွက်ပစ္စည်း၊ ရော်ဘာ၊ ရေထွက်ပစ္စည်းများနှင့် လယ်ယာထုတ်ကုန်ပစ္စည်းများ ဖြစ်သည်။ သွင်းကုန်ပစ္စည်းများမှာ ရေနံထွက် ပစ္စည်းများ၊ ရွှေ ဆောက်လုပ်ရေးနှင့်ဆိုင်သောပစ္စည်းများ၊ စက်ပစ္စည်းအစိတ်အပိုင်းများနှင့် ယာဉ်များ၊ ဆေးနှင့်ဆေးပစ္စည်းများ ဖြစ်သည်။ အများအားဖြင့် ထိုကုန်ပစ္စည်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ တင်သွင်းသည်။

အဓိကကုန်သွယ်ဖက်နိုင်ငံများမှာ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်၊ ဂျာမနီ၊ ဂျပန်၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ ကနေဒါနှင့် စပိန်နိုင်ငံတို့ ဖြစ်သည်။

## မြို့ကြီးများ

### ဖနွမ်းပင် (Phnom Penh)

ဖနွမ်းပင်သည် ကမ္ဘောဒီးယားနိုင်ငံ၏မြို့တော်ဖြစ်၍ လူဦးရေ ၁. ၅ သန်းကျော် နေထိုင်သည်။ ဖနွမ်းပင်သည် တုံလေဆပ် (Tonlesap)မြစ်နှင့် မဲခေါင်မြစ်တို့ ပေါင်းဆုံရာနေရာတွင် တည်ရှိသည်။ ကမ္ဘောဒီးယားနိုင်ငံ၏ အဓိကစီးပွားရေးမြို့ဖြစ်ပြီး အထည်ချုပ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းသည် အဓိကစီးပွားရေးလုပ်ငန်းများ ဖြစ်သည်။

### ဘက်တမ်ဘန် (Battambang)

ဘက်တမ်ဘန်သည် ကမ္ဘောဒီးယားအနောက်မြောက်ဘက် ဆန်ကဲ (Sangkae River) မြစ်ကမ်း ပေါ်၌တည်ရှိသည်။ လူဦးရေ ၁ သိန်းကျော် နေထိုင်သည်။ ဆန်ကဲမြစ်ကိုဖြတ်၍ ဖနွမ်းပင်နှင့် ဘက်တမ်

ဘန်ကို ရထားလမ်းဖြင့်ဆက်သွယ်ထားသည်။ နောက်ပိုင်းတွင် ပွိုင့်ပက် (Poi Pet)မှ ထိုင်း နယ်နိမိတ်ထိ ရထားလမ်းများ တိုးချဲ့ခဲ့သည်။ ဘက်တမ်ဘန်တွင် ခမာအများဆုံးနေထိုင်ပြီး တရုတ်နှင့် ဗီယက်နမ်လူမျိုး အနည်းငယ် ရှိသည်။

**ဆင်ရစ်(ပ်) ( Siem Reap)**

ဆင်ရစ်(ပ်)မြို့သည် ကမ္ဘောဒီးယားနိုင်ငံ၏ အနောက်မြောက်ဘက်တွင်ရှိပြီး ခရီးသွား လုပ်ငန်းဖြင့်ထင်ရှားသောမြို့ ဖြစ်သည်။ လူဦးရေ ၁ သိန်းကျော် နေထိုင်သည်။ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ စာရင်းဝင် အန်ကောဝပ်ဘုရားကျောင်းတည်ရှိရာမြို့ဖြစ်ပြီး ယခင်က အန်ကောသည် ကမ္ဘောဒီးယားနိုင်ငံ၏ မြို့တော်ဖြစ်ခဲ့သည်။ ရှေးဟောင်း ရှေပေါ် ရွာများတည်ရှိခြင်းသည်လည်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးမှုကို ဆွဲဆောင်မှုအများဆုံးဖြစ်သည်။

**ကမ်ပုန်ချမ်း (Kampong Cham)**

ကမ်ပုန်ချမ်းမြို့သည် ကမ္ဘောဒီးယားနိုင်ငံ၏တောင်ဘက် မဲခေါင်မြစ်အနောက်ဘက်ကမ်းပေါ်၌ တည်ရှိသော မြို့ဖြစ်သည်။ လူဦးရေ ၁ သိန်းကျော် နေထိုင်သည်။ ရော်ဘာကို အဓိကစိုက်ပျိုးသည်။ ရော်ဘာလုပ်ငန်းကို အဓိကလုပ်ကိုင်ပြီး သစ်ထုတ်လုပ်ငန်းလည်း ရှိသည်။

**အဓိကအချက်များ**

- ကမ္ဘောဒီးယားနိုင်ငံသည် ဧရိယာစတုရန်းကီလိုမီတာ ၁ သိန်းကျော် ကျယ်ဝန်းသည်။
- နိုင်ငံ၏အရှေ့ဘက်တွင် မိုင်ကုန်းမြင့်တည်ရှိပြီး မြောက်ဘက်တွင် ဒန်ရက်တောင်တန်းများ ရှိသည်။
- အပူပိုင်း ဆဗားနားရာသီဥတုကို ရရှိသည်။
- အမြဲစိမ်းတောများကို နိုင်ငံ၏နေရာအနှံ့တွင် တွေ့ရှိရသည်။
- ကမ္ဘောဒီးယားနိုင်ငံ၏ လူဦးရေမှာ ၁၆ သန်းကျော်ရှိသည်။
- ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးမှာ စိုက်ပျိုးရေးကို အခြေခံသည်။
- မဲခေါင်မြစ်သည် နိုင်ငံအတွင်း မိုးတွင်းကာလတွင် ၁၄၀၀ ကီလိုမီတာအထိသွားနိုင်ပြီး နွေကာလတွင် ၆၀၀ ကီလိုမီတာအထိသာသွားနိုင်သည်။
- အဓိကကုန်သွယ်ဖက်နိုင်ငံများမှာ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်၊ ဂျာမနီ၊ ဂျပန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကနေဒါနှင့် စပိန်နိုင်ငံတို့ ဖြစ်သည်။
- ဖနွမ်းပင်သည် ကမ္ဘောဒီးယားနိုင်ငံ၏ မြို့တော်ဖြစ်သည်။



DBE BOX

**လေ့ကျင့်ရန်မေးခွန်းများ**

(၁) ကမ္ဘောဒီးယားနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများကို အရပ်မျက်နှာဖြင့်ဖော်ပြပါ။

(၂) ကမ္ဘောဒီးယားနိုင်ငံ၏ မြို့ကြီးများနှင့် စီးပွားရေးလုပ်ငန်းများကို ဖော်ပြပါ။

(၃) ကမ္ဘောဒီးယားနိုင်ငံ၏ ကုန်သွယ်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကို ဆက်စပ်ရှင်းပြပါ။

(၄) ကမ္ဘောဒီးယားနိုင်ငံသည် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတွင် အဘယ်ကြောင့်ထင်ရှားရသနည်း။

## ၄.၂ ဗီယက်နမ်နိုင်ငံ (Vietnam)

### သင်ခန်းစာမိတ်ဆက်

ဗီယက်နမ်နိုင်ငံသည် အရှေ့တောင်အာရှတွင် ပါဝင်သောနိုင်ငံတစ်နိုင်ငံဖြစ်ပြီး အင်ဒိုချိုင်းနားကျွန်းဆွယ်၏ အရှေ့ဘက်ဆုံးအပိုင်းတွင် တည်ရှိသည်။

### တည်နေရာနှင့် အကျယ်အဝန်း

ဗီယက်နမ်နိုင်ငံသည် မြောက်လတ္တီကျူ ၈ ဒီဂရီ ၃၀ မိနစ်နှင့် ၂၃ ဒီဂရီ ၂၂ မိနစ်ကြား၊ အရှေ့လောင်ဂျီကျူ ၁၀၂ ဒီဂရီ ၁၀ မိနစ်နှင့် ၁၀၉ ဒီဂရီ ၃၀ မိနစ်ကြားတွင် တည်ရှိသည်။ နိုင်ငံ၏ မြောက်ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အနောက်ဘက်နှင့် အနောက်မြောက်ဘက်တွင် လာအိုနိုင်ငံ၊ အနောက်ဘက်တွင် ကမ္ဘောဒီးယားနိုင်ငံ၊ အရှေ့ဘက်တွင် တောင်တရုတ်ပင်လယ်နှင့် အနောက်တောင်ဘက်တွင် ထိုင်းပင်လယ်ကွေ့တို့ရှိသည်။ ဗီယက်နမ်နိုင်ငံ၏ ဧရိယာမှာ ၃၃၁၂၁၀ စတုရန်းကီလိုမီတာ ကျယ်ဝန်းသည်။

### မြေမျက်နှာသွင်ပြင်

ဗီယက်နမ်နိုင်ငံသည် တောင်ကုန်းထူထပ်သောနိုင်ငံ ဖြစ်သည်။ အနောက်မြောက်ဘက်တွင် မြင့်မားသောကုန်းမြင့်ဒေသရှိပြီး အမြင့်ဆုံးတောင်မှာ ဖန်ဆီပန် (Fansipan) ဖြစ်၍ မီတာ ၃၀၀၀ ကျော် မြင့်သည်။ ၎င်းသည် အရှေ့တောင်ဘက်သို့ အဲနန်မိုက်တောင်တန်း (Annamite Range) အဖြစ် သွယ်တန်းသွားသည်။ မြောက်ဘက်ရှိ မြစ်နီမြစ်ဝကျွန်းပေါ်ဒေသနှင့် တောင်ဘက်မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသတွင် လွင်ပြင်များကို တွေ့ရသည်။ အာနမ်ကမ်းရိုးတန်းဒေသတွင် မြေသြဇာကောင်းသောမြေနိမ့်ဒေသအနည်းငယ်ရှိသည်။ အလယ်ပိုင်းတွင် တစ်ဆက်တည်းမရှိသော ကမ်းရိုးတန်းလွင်ပြင်ငယ်များကို တွေ့ရသည်။

DBE BOX

## ရေဆင်း

မဲခေါင်မြစ်သည် မြောက်ဘက်တရုတ်ပြည်သူ့ သမ္မတနိုင်ငံတွင်မြစ်ဖျားခံ၍ မြစ်လက်တက်ပေါင်းများစွာဖြင့် တောင်တရုတ်ပင်လယ်အတွင်းသို့ စီးဝင်သည်။ မဲခေါင်မြစ်ဝကျွန်းပေါ် သည် အနည်များ စုပုံကျရောက်သောကြောင့် ပင်လယ်ဘက်သို့ တိုးချဲ့လျက်ရှိသည်။ အခြားမြစ်များမှာမြစ်နီမြစ် (Red River)၊ ဆိုင်ဂုံမြစ် (Saigon River)၊ ဟူမြစ် (Hau River) စသည်တို့ဖြစ်သည်။




ပုံ (၄. ၄) ဗီယက်နမ်နိုင်ငံ၏ တည်နေရာ၊ မြေမျက်နှာသွင်ပြင်နှင့် ရေဆင်းပြပုံ

## ရာသီဥတု

ဗီယက်နမ်နိုင်ငံသည် အပူပိုင်းမုတ်သုံရာသီဥတုရရှိသော နိုင်ငံဖြစ်သည်။ နွေတွင်မိုးရွာ၍ ဆောင်းတွင်ခြောက်သွေ့သည်။ ယေဘုယျအားဖြင့် နိုင်ငံ၏တောင်ဘက်ဒေသထက် မြောက်ဘက်ဒေသက မိုးပိုရရှိသည်။

## သဘာဝပေါက်ပင်နှင့် မြေဆီလွှာ

အဓိကသစ်တောများမှာ အပူပိုင်းရွက်ပြတ်တောများ ဖြစ်သည်။ အချို့နေရာများတွင် အပူပိုင်းအမြဲစိမ်းတောများ၊ အပူလျော့ပိုင်းသစ်တောနှင့် စိမ့်တောများကိုတွေ့ရသည်။ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသတွင် ရေဆင်းညံ့ဖျင်းသဖြင့် ကျယ်ပြန့်သော စိမ့်မြေများကို တွေ့ရသည်။

## လူဦးရေ

၂၀၁၇ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၏ လူဦးရေမှာ ၉၅ သန်းကျော် ရှိသည်။ လူဦးရေ၏ ၂၅ ရာခိုင်နှုန်းသည် မြို့ပြ၌နေထိုင်ကြသည်။ တုံကင်းလွင်ပြင် (Tonkin)နှင့် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသတို့တွင် လူနေထူထပ်ပြီး မြောက်ဘက်ကုန်းမြင့်ဒေသတွင် လူနေကျဲပါးသည်။ မြို့တော်ဟနွိုင်း (Hanoi) တွင် လူဦးရေ ၅သန်းခန့် ရှိသည်။ လူဦးရေအများစုမှာ ဗီယက်နမ်လူမျိုးများ ဖြစ်သည်။ အခြား

တိုင်းရင်းသား လူမျိုးစုများမှာ တေ(Tay)၊ ခမာ (Khmer)၊ ထိုင်း (Thai)၊ နို (Nung)၊ မျောင် (Muong)၊ မို (Hmong)နှင့် ဒို (Dao) စသည်တို့ဖြစ်သည်။ ဗုဒ္ဓဘာသာကို အများဆုံးကိုးကွယ်သည်။

## စိုက်ပျိုးရေး

စိုက်ပျိုးရေးသည် ဗီယက်နမ်နိုင်ငံ၏အရေးကြီးဆုံး စီးပွားရေးလုပ်ငန်း ဖြစ်သည်။ အဓိကစိုက်သည့်သီးနှံမှာ ဆန်စပါး ဖြစ်သည်။ အဓိက စိုက်ပျိုးမြေများကို မြစ်နီမြစ်ဝကျွန်းပေါ်ဒေသ၊ မဲခေါင်မြစ်ဝှမ်းဒေသများနှင့် အာနမ် (Annam) ကမ်းရိုးတန်းမြေနိမ့်ဒေသများတွင် အများဆုံးစိုက်ပျိုးသည်။ အခြား စိုက်ပျိုးသီးနှံများမှာ ကော်ဖီ၊ ရော်ဘာ၊ အုန်း၊ ကြံ၊ ကန်စွန်းဥ၊ လျှော်၊ ပိုးစာပင်နှင့် ငရုတ်ကောင်းတို့ ဖြစ်သည်။

## မွေးမြူရေးနှင့် ငါးဖမ်းလုပ်ငန်း

ကျွဲ၊ နွား၊ ဝက်၊ ကြက်နှင့် ဘဲများ မွေးမြူသည်။ ငါးဖမ်းလုပ်ငန်းများကို ဟာလောင်းပင်လယ်အော် (Halong Bay) တွင် အများဆုံးတွေ့ရသည်။ မြစ်နီနှင့် မဲခေါင်မြစ်များတွင်လည်း ငါးဖမ်းလုပ်ငန်းများ ရှိသည်။

## သစ်ထုတ်လုပ်ငန်း



ပုံ (၄. ၅) ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးမြေပုံ

သစ်ထုတ်လုပ်ငန်းသည် အရေးကြီးသောလုပ်ငန်းဖြစ်သည်။ နိုင်ငံဧရိယာ၏ ထက်ဝက်နီးပါးသည် သစ်တောများဖုံးလွှမ်းနေ၍ ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးတွင် အရေးပါသောအခန်းကဏ္ဍအဖြစ် ပါဝင်သည်။ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း၊ တောင်ယာမီးရှို့ခြင်း၊ သစ်တောခုတ်ခြင်းတို့ကြောင့် သစ်တောဧရိယာများကို ပြန်လည်ပျိုးထောင်မှုများ ပြုလုပ်လျက်ရှိသည်။

## တွင်းထွက်

ဗီယက်နမ်နိုင်ငံ၏ အရေးပါဆုံးတွင်းထွက်ပစ္စည်းမှာ မြစ်နီမြစ်ဝကျွန်းပေါ်၏ အရှေ့မြောက်ဘက်ရှိ ကျောက်မီးသွေးသိုက်များ ဖြစ်သည်။ အခြားအရေးပါသော တွင်းထွက်ပစ္စည်းများမှာ ခဲမဖြူ



DBE BOX

ဖော့စဖိတ်၊ မန်ဂနိ၊ ခရိုမိုက်၊ ဘောက်ဆိုက်၊ ကြေးနီ၊ သွပ်၊ ခဲ၊ သံရိုင်းနှင့် တိုက်တေနီယံတို့ ဖြစ်သည်။ ခဲမဖြူကို တုံကင်းမြောက်ပိုင်းတွင် တူးဖော်ထုတ်လုပ်သည်။

## စက်မှုလုပ်ငန်း

ဓာတ်သတ္တုတူးဖော်ခြင်းလုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်းနှင့် အထည်အလိပ်လုပ်ငန်းတို့သည် ဗီယက်နမ်နိုင်ငံ၏ အရေးပါသော စက်မှုလုပ်ငန်းများ ဖြစ်သည်။ ဆန်စက်၊ ဆီစက်၊ သစ်စက်၊ ဂုန်နီစက်နှင့် မော်တော်ယာဉ်တပ်ဆင်သည့်လုပ်ငန်းများလည်း ရှိသည်။

## ပို့ဆောင်ဆက်သွယ်ရေး

ဗီယက်နမ်နိုင်ငံ၏ တောင်ပိုင်းနှင့် မြောက်ပိုင်းကိုဆက်သွယ်ထားသည့် မီးရထားလမ်းနှင့် ကားလမ်းများရှိသည်။ ရေကြောင်းသွားလာရေးသည်လည်း အရေးပါသည်။ ထင်ရှားသော ပင်လယ်ဆိပ်ကမ်းမြို့များမှာ ဟိုချီမင်း (Ho Chi Minh )၊ ဒါနန်း (Da Nang)၊ ဟိုင်ဖုံ (Hai Phong) တို့ဖြစ်သည်။ ဟနွိုင်း (Hanoi)နှင့် ဟိုချီမင်းမြို့များတွင် အပြည်ပြည်ဆိုင်ရာလေဆိပ် ရှိသည်။ ယခုအခါ ဗီယက်နမ်နိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများ၊ တောင်အာရှနိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အာဖရိကနိုင်ငံများနှင့် ပင်လယ်ရေကြောင်းဆက်သွယ်မှု ရှိသည်။




ပုံ (၄. ၆) ဗီယက်နမ်နိုင်ငံ၏ ပို့ဆောင်ဆက်သွယ်ရေးပြပုံ

## ကုန်သွယ်ရေး

အဓိကတင်ပို့ကုန်များမှာ ဆန်စပါး၊ စားအုန်းဆီ၊ အဝတ်အထည်၊ စိုက်ပျိုးထွက်ကုန်များနှင့် သစ်တောထွက်ပစ္စည်းများဖြစ်၍ စက်မှုကုန်ကြမ်းပစ္စည်းများ၊ စားသောက်ကုန်နှင့် ဆေးဝါးပစ္စည်းများကို တင်သွင်းသည်။



DBE BOX

## မြို့ကြီးများ

**ဟိုချီမင်းမြို့ (Ho Chi Minh)**

ဟိုချီမင်းမြို့သည် ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်ပြီး လူဦးရေ ၈ သန်းကျော် ရှိသည်။ ဗီယက်နမ်နိုင်ငံ၏ တောင်ဘက်ပိုင်းတွင်ရှိပြီး စီးပွားရေးအချက်အချာကျသောမြို့ကြီးလည်း ဖြစ်သည်။ ရှေးဟောင်းအဆောက်အအုံများ၊ သမိုင်းဝင်နေရာများ၊ ပြတိုက်များနှင့် အပန်းဖြေနေရာများကြောင့် ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်ရာမြို့ကြီးတစ်မြို့ ဖြစ်သည်။

**ဟနွိုင်း (Hanoi)**

ဟနွိုင်းမြို့သည် ဗီယက်နမ်နိုင်ငံ၏ မြို့တော်ဖြစ်ပြီး ဒုတိယအကြီးဆုံးမြို့ ဖြစ်သည်။ လူဦးရေ ၇ သန်းကျော် နေထိုင်ပြီး ယဉ်ကျေးမှုနှင့် သမိုင်းဝင်မြို့ဟောင်းမြို့တစ်မြို့ဖြစ်သည်။ ဗီယက်နမ်ယဉ်ကျေးမှုနှင့် ဗိသုကာလက်ရာများတွေ့နိုင်သော အဓိကမြို့ကြီးတစ်မြို့ ဖြစ်သည်။

**ဟိုင်ဖုံ (Hai Phong)**

ဟိုင်ဖုံမြို့သည် ဗီယက်နမ်နိုင်ငံ၏ အရှေ့မြောက်ကမ်းရိုးတန်းတစ်လျှောက် ကမ်မြစ် (Cam River) ၏အနောက်ဘက်ကမ်းတွင်ရှိပြီး ဗီယက်နမ်နိုင်ငံမြောက်ပိုင်းတွင် အရေးပါသောဆိပ်ကမ်းမြို့ ဖြစ်သည်။ အစားအသောက်လုပ်ငန်း၊ အသေးစားစက်မှုလုပ်ငန်းနှင့် အကြီးစားစက်မှုလုပ်ငန်းများရှိသော မြို့ကြီး ဖြစ်သည်။

**ကန်သို (Can Tho)**

ကန်သိုမြို့သည် ဗီယက်နမ်နိုင်ငံတောင်ဘက် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသတွင်ရှိပြီး ဆန်စပါးနှင့် ရေပေါ်စိုက်ခင်းများကြောင့် ထင်ရှားသောမြို့ ဖြစ်သည်။

**အဓိကအချက်များ**

- ဗီယက်နမ်နိုင်ငံသည် ဧရိယာစတုရန်းကီလိုမီတာ ၃ သိန်းကျော် ကျယ်ဝန်းသည်။
- ဗီယက်နမ်နိုင်ငံသည် တောင်ကုန်းထူထပ်သောနိုင်ငံဖြစ်ပြီး နိုင်ငံ၏မြောက်ဘက်တွင် မြစ်နီမြစ်ဝကျွန်းပေါ်ဒေသနှင့် တောင်ဘက် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသတွင်သာ လွင်ပြင်များကို တွေ့ရသည်။
- ဗီယက်နမ်နိုင်ငံသည် အပူပိုင်းမုတ်သုံ ရာသီဥတုကိုရရှိသည်။
- ဗီယက်နမ်နိုင်ငံ၏လူဦးရေမှာ ၉၅ သန်းကျော်ရှိသည်။
- စိုက်ပျိုးရေးသည် နိုင်ငံ၏အဓိကစီးပွားရေးလုပ်ငန်း ဖြစ်သည်။



DBE Box

- ဗီယက်နမ်နိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများ၊ တောင်အာရှနိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အာဖရိကနိုင်ငံများနှင့် ပင်လယ်ရေကြောင်းဆက်သွယ်မှု ရှိသည်။
- ဟနွိုင်းမြို့သည် ဗီယက်နမ်နိုင်ငံ၏ မြို့တော်ဖြစ်သည်။

### လေ့ကျင့်ရန်မေးခွန်းများ

(၁) ဗီယက်နမ်နိုင်ငံ၏ တည်နေရာ၊ အကျယ်အဝန်း၊ နေထိုင်သော လူဦးရေနှင့် လူမျိုးများကို ဖော်ပြပါ။

(၂) ဗီယက်နမ်နိုင်ငံ၏ တည်နေရာ၊ ပုံသဏ္ဌာန်နှင့် ပို့ဆောင်ဆက်သွယ်ရေးအရေးပါပုံကို ဆက်စပ်ဖော်ပြပါ။

(၃) ဗီယက်နမ်နိုင်ငံ၏ မြို့တော်နှင့်မြို့ကြီးများအကြောင်းကို ရှင်းပြပါ။

## ၄.၃ မလေးရှားနိုင်ငံ (Malaysia)

### သင်ခန်းစာမိတ်ဆက်

- မလေးရှားနိုင်ငံသည် အာရှတိုက်ကျွန်းဆွယ်ပိုင်း မလေးကျွန်းဆွယ်ပေါ်ရှိ အနောက်မလေးရှားနှင့် ဘော်နီယိုကျွန်းပေါ်ရှိ အရှေ့မလေးရှားဟူ၍ နှစ်ပိုင်းပါဝင်ပြီး တောင်တရုတ်ပင်လယ်က ပိုင်းခြားထားသည်။

### တည်နေရာနှင့် အကျယ်အဝန်း

မလေးရှားနိုင်ငံသည် မြောက်လတ္တီကျု ၁ ဒီဂရီနှင့် ၇ ဒီဂရီအကြား၊ အနောက်မလေးရှားသည် အရှေ့လောင်ဂျီကျု ၁၀၀ ဒီဂရီနှင့် ၁၀၅ ဒီဂရီအကြား၊ အရှေ့မလေးရှားသည် အရှေ့လောင်ဂျီကျု ၁၀၉ ဒီဂရီနှင့် ၁၁၉ ဒီဂရီအကြား တည်ရှိသည်။

အနောက်မလေးရှားသည် အာရှတိုက်အရှေ့တောင်ပိုင်း မလေးကျွန်းဆွယ်တွင်တည်ရှိပြီး မြောက်ဘက်တွင် ထိုင်းနိုင်ငံ၊ အရှေ့ဘက်တွင် တောင်တရုတ်ပင်လယ်၊ အနောက်ဘက်တွင် မလက္ကာရေလက်ကြားနှင့် ၎င်းကိုဖြတ်၍ အင်ဒိုနီးရှားနိုင်ငံ၊ တောင်ဘက်တွင် စင်ကာပူနိုင်ငံတို့နှင့် ထိစပ်တည်ရှိသည်။ အရှေ့မလေးရှားသည် ဘော်နီယိုကျွန်း၏ အနောက်မြောက်ဘက်တွင်တည်ရှိပြီး တောင်ဘက်တွင် အင်ဒိုနီးရှားနိုင်ငံ၊ အရှေ့ဘက်တွင် ဆုလဗီးပင်လယ်၊ အနောက်ဘက်နှင့် မြောက်ဘက်တွင် တောင်တရုတ်ပင်လယ်နှင့် ကျွန်းစုနိုင်ငံတစ်ခုဖြစ်သော ဖိလစ်ပိုင်နိုင်ငံနှင့်လည်း ဝန်းရံတည်ရှိသည်။




ပုံ (၄. ၇) မလေးရှားနိုင်ငံ၏ တည်နေရာ၊ မြေမျက်နှာသွင်ပြင်နှင့် ရေဆင်းပြပုံ

အရှေ့မလေးရှားသည် ဆာဗားနှင့်ဆာရာဝတ်ပြည်နယ်များနှင့်ထိစပ်လျက်ရှိပြီး ဘရူနိုင်းနိုင်ငံနှင့်လည်း ဆက်စပ်တည်ရှိသည်။ နိုင်ငံ၏ စုစုပေါင်းဧရိယာမှာ စတုရန်းကီလိုမီတာ ၁ သိန်းကျော်ရှိသည်။ ကမ်းရိုးတန်းအရှည် စုစုပေါင်းမှာ ၄၆၇၅ ကီလိုမီတာရှိပြီး ကျွန်းဆွယ်ပိုင်းသည် ၂၀၆၈ ကီလိုမီတာနှင့် အရှေ့မလေးရှားသည် ၂၆၀၇ ကီလိုမီတာ ရှည်သည်။

## မြေမျက်နှာသွင်ပြင်

မလေးကျွန်းဆွယ်ပိုင်းရှိ အနောက်မလေးရှားသည် တောင်ထူထပ်သောဒေသတစ်ခုဖြစ်သည်။ ထင်ရှားသောတောင်တန်းများမှာ တီတီဝင်ဆာတောင်တန်းဖြစ်ပြီး ၎င်းတောင်တန်းရှိ ကော်ဘူတောင် (Mount Korbu) သည် ၂၁၈၂ မီတာမြင့်ပြီး အမြင့်ဆုံးဖြစ်သည်။ တာဟန်တောင်တန်းရှိ တာဟန်တောင် (Mount Tahan) သည် ၂၁၈၆ မီတာရှိပြီး ကျွန်းဆွယ်ပိုင်းတွင် အမြင့်ဆုံးတောင်ဖြစ်သည်။ ဘော်နီယိုကျွန်းပေါ်ရှိ အရှေ့မလေးရှားတွင် တောင်တရုတ်ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ကမ်းရိုးတန်းမြေနိမ့်ဒေသများကို တွေ့ရသည်။ အင်ဒိုနီးရှားနှင့် ထိစပ်လျက်ရှိသော နယ်နိမိတ်တစ်လျှောက်တွင် မီတာ ၄၀၀၀ ကျော်မြင့်မားသော ကာနာဘာလူတောင်သည် အမြင့်ဆုံးတောင်ဖြစ်သည်။ အရှေ့ မလေးရှားရှိ မူလူလိုဏ်ဂူ (Mulu Caves)သည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးလိုဏ်ဂူဖြစ်၍ ကမ္ဘာလှည့် ခရီးသည်များကို အဓိက ဆွဲဆောင်ရာနေရာတစ်ခုဖြစ်သည်။ မလေးရှားတွင် ကျွန်းများစွာရှိပြီး ဆားဗားပြည်နယ်ရှိ ဘန်ဂီကျွန်း (Bangi Island)သည်အကြီးဆုံး ဖြစ်သည်။ ထို့ပြင် မလေးရှား ကမ်းရိုးတန်းတစ်လျှောက်တွင် သန္တာကျောက်တန်းများကိုလည်း တွေ့ရသည်။

**ရေဆင်း**

မလေးရှားနိုင်ငံသည် မြစ်၊ ချောင်း ပေါများသောနိုင်ငံဖြစ်သည်။ အနောက်မလေးရှားတွင် အရှည်ဆုံးဖြစ်သော ပါဟန်မြစ်သည် ၄၃၅ ကီလိုမီတာရှည်၍ တောင်တရုတ်ပင်လယ်အတွင်းသို့ စီးဝင်သည်။ အရှေ့မလေးရှားတွင် အရှည်ဆုံးဖြစ်သော ရာဂျန်မြစ် (Rajang River)သည် ၇၆၀ ကီလိုမီတာရှည်ပြီး ဘော်နီယိုကျွန်းပေါ်ရှိ ဆာရာဝတ်(Sarawak)ပြည်နယ်ကိုဖြတ်သန်းစီးဆင်း၍ တောင်တရုတ်ပင်လယ်အတွင်းသို့စီးဝင်သည်။ ဆားဗား (Sabah) ပြည်နယ်ရှိ ကင်နာဘာတန်ဂန် (Kinabatangan) မြစ်သည် ၅၆၀ ကီလိုမီတာရှည်ပြီး ဒုတိယအရှည်ဆုံး ဖြစ်သည်။

**ရာသီဥတု**

မလေးရှားနိုင်ငံသည် အီကွေတာရပ်ဝန်းဒေသတွင်တည်ရှိပြီး တစ်နှစ်ပတ်လုံးပူ၍စိုစွတ်သော အီကွေတာရာသီဥတု ရရှိသည်။ ပျမ်းမျှအပူချိန် ၂၇ ဒီဂရီစင်တီဂရိတ် ရရှိသည်။ ဧပြီလမှ စက်တင်ဘာလအထိ အနောက်တောင်မုတ်သုံလေ ရရှိသည်။ အောက်တိုဘာလမှ မတ်လအထိ အရှေ့မြောက်မုတ်သုံလေရရှိသောဒေသ ဖြစ်သည်။

**သဘာဝပေါက်ပင်နှင့် မြေဆီလွှာ**

မလေးရှားနိုင်ငံတွင် အပူပိုင်းမိုးသစ်တောများကိုတွေ့ရပြီး နိုင်ငံ၏ ၅၀% ကျော်ဖုံးလွှမ်းလျက်ရှိသည်။ မလေးကျွန်းဆွယ်တွင် စန္ဒကူးပင်(Sandalwood)၊ ကျွန်းသစ်၊ အုန်းနှင့် ထန်းပင်များစွာ ပေါက်ရောက်သည်။ ဆားဗား (Sabah)နှင့် ဆာရာဝတ်(Sarawak) ပြည်နယ်တို့တွင် သစ်မာပင်များ၊ စိမ့်တော၊ ဒီရေတောများ (Mangroves) ကိုတွေ့ရသည်။ မြေနိမ့်ဒေသများနှင့် ကမ်းရိုးတန်းဒေသများတွင် စိမ့်မြေ၊ ကုန်းမြင့်ဒေသများတွင် ဂဝံမြေဆီလွှာကို တွေ့ရသည်။

**လူဦးရေနှင့် လူမျိုးများ**

၂၀၁၇ ခုနှစ်တွင် မလေးရှားနိုင်ငံ၏ စုစုပေါင်းလူဦးရေမှာ ၃၁ သန်းကျော် ရှိသည်။ မလေးကျွန်းဆွယ်၏ အနောက်ဘက်ကမ်းရိုးတန်းတစ်လျှောက်တွင် အများဆုံးနေထိုင်ကြသည်။ မလေးလူမျိုး အများဆုံးနေထိုင်၍ အများစုမှာ အစ္စလာမ်ဘာသာကိုကိုးကွယ်ပြီး ဟိန္ဒူဘာသာဝင် အနည်းငယ်ရှိသည်။ ဆစ်ခ် (Sikh) လူမျိုး၊ အိန္ဒိယနှင့် တရုတ်လူမျိုး အနည်းငယ်ရှိသည်။

**စိုက်ပျိုးရေး**

စိုက်ပျိုးရေးသည် နိုင်ငံ၏အဓိကစီးပွားရေးလုပ်ငန်းဖြစ်ပြီး နိုင်ငံ၏အသားတင်ထုတ်လုပ်မှုတန်ဖိုး၏ ၂၃ ရာခိုင်နှုန်း ရှိသည်။ အလုပ်လုပ်သောလူဦးရေ၏ သုံးပုံတစ်ပုံသည် စိုက်ပျိုးရေးလုပ်ကိုင်သူများ ဖြစ်သည်။ မလေးကျွန်းဆွယ်ပိုင်းရှိ ကမ်းရိုးတန်းလွင်ပြင်များ၊ မြစ်ဝှမ်းများနှင့် တောင်ခြေများတွင်

စိုက်ပျိုးရေးကိုလုပ်ကိုင်ကြသည်။ စပါး၊ ရော်ဘာနှင့်ဆီအုန်းကို အများဆုံး စိုက်ပျိုးသည်။ ဆာရာဝတ်ပြည်နယ်တွင် နာနတ်၊ အုန်း၊ ကိုကိုး၊ ငရုတ်ကောင်းနှင့် အုန်းဆံခြောက်တို့ ထွက်ရှိသည်။

### တိရစ္ဆာန်မွေးမြူရေး

ကျွဲ၊ နွားများကို လယ်ယာစိုက်ပျိုးရေးအတွက် မွေးမြူကြသည်။

### ငါးဖမ်းလုပ်ငန်း

ရေချို၊ ရေငန် ငါးဖမ်းလုပ်ငန်းကို လုပ်ကိုင်ကြသည်။ ရေချိုငါးဖမ်းလုပ်ငန်းကို မြစ်ချောင်းများနှင့် လယ်ကွင်းများ၊ ရေသွယ်မြောင်းများတွင် စပါးစိုက်ခြင်းနှင့် ဆက်စပ်လုပ်ကိုင်သည်။ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် ရေငန်ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သည်။

### သစ်တောလုပ်ငန်း

နိုင်ငံ၏သစ်တောများကို ထိန်းသိမ်းရန်အတွက် သစ်တောဧရိယာနှစ်သိန်းနီးပါးကို နှစ်စဉ်ပြန်လည် စိုက်ပျိုးဆောင်ရွက်ခဲ့သည်။

### သတ္တုတူးဖော်ခြင်းလုပ်ငန်း

မလေးရှားသည် ခဲမဖြူအများဆုံးထုတ်လုပ်သောနိုင်ငံ ဖြစ်သည်။ အခြားတွင်းထွက်များမှာ သံရိုင်း၊ ရွှေ၊ အဖြိုက်နက်၊ မန်ဂနိနှင့် မြေစေးဖြူတို့ဖြစ်သည်။ အဓိကသယံဇာတမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ ဖြစ်သည်။ အဓိကဓာတ်ငွေ့တွင်းများမှာ မလေးကျွန်းဆွယ်ပိုင်းရှိ ထရင်ဂါနူးကမ်းလွန်၊ ဆားဗားနှင့် ဆာရာဝတ်ကမ်းလွန်တွင်တည်ရှိသော လူကိုနီးယားအလယ်ပိုင်း ဘင်တူလာနှင့် လူတွန်းတွင်းများ ဖြစ်သည်။




ပုံ (၄. ၈) မလေးရှားနိုင်ငံ၏ စီးပွားရေးပြပုံ

## စက်မှုလုပ်ငန်း

အဓိကစက်မှုလုပ်ငန်းများမှာ ရော်ဘာ၊ တာယာ၊ ဆီအုန်း၊ ဓာတုပစ္စည်း၊ သုံးထပ်သား၊ ပရိဘောဂနှင့် သံမဏိထုတ်လုပ်ခြင်းတို့ ဖြစ်သည်။ အခြားစက်မှုလက်မှုလုပ်ငန်းများမှာ အထည်အလိပ်၊ စားသောက်ကုန်၊ လျှပ်စစ်ပစ္စည်း၊ မော်တော်ယာဉ်နှင့် ရုပ်မြင်သံကြားထုတ်လုပ်မှုတို့ ဖြစ်သည်။

## ပို့ဆောင်ဆက်သွယ်ရေး

မလေးကျွန်းဆွယ် ကမ်းရိုးတန်းများတွင် မြောက်နှင့်တောင်သွယ်တန်းနေသော အဓိကလမ်းမကြီးများရှိသည်။ သဘော်ဆိပ်ကမ်းများမှာ ကီလန် (Kelang)၊ ဂျိုဟိုးဘာရူး (Johor Bbahara) နှင့် ဂျော့ချ်တောင်း (George Town) တို့ ဖြစ်သည်။ အဓိကဆိပ်ကမ်းမှာ မြောက်ဘက်ရှိ ဘတ်တာဝတ် (Butterwort) ဖြစ်သည်။ နိုင်ငံတကာလေဆိပ်များမှာ ကွာလာလမ်ပူ (Kuala Lumpur)၊ ပီနန် (Penang)၊ မလက္ကာ (Malacca) နှင့် ကိုတာကင်နာဘာလူး (Kota Kinabalu) တို့ဖြစ်သည်။




ပုံ (၄. ၉) မလေးရှားနိုင်ငံ၏ ပို့ဆောင်ဆက်သွယ်ရေးပြပုံ

မလေးရှားကျွန်းဆွယ်ပိုင်းဖြစ်သော အနောက်မလေးရှားတွင် ကျွန်းဆွယ်ပိုင်းရှိ ပြည်နယ် ၁၁ ခုကို ဆက်သွယ်နိုင်သော ရထားလမ်းကွန်ရက်ရှိသည်။ အရှေ့မလေးရှားတွင် ဆားဗားပြည်နယ်တစ်ခုတည်းသာ ရထားလမ်းဆက်သွယ်မှုရှိသည်။

အဓိကကားလမ်းမှာ မိုင်ပေါင်း ၅၀၀ ကျော်ရှည်လျားသည့် စင်ကာပူမှမြောက်ပိုင်း ထိုင်းနယ်စပ်ရှိ မလေးကျွန်းဆွယ်ကို ဖြတ်သန်းသွားသည်။ မလေးရှားနိုင်ငံတွင် နိုင်ငံတကာနှင့်ဆက်သွယ်သည့် ပင်လယ်ဆိပ်ကမ်းမြို့များစွာရှိသည်။

## ကုန်သွယ်ရေး

အဓိကပို့ကုန်များမှာ သံရိုင်း၊ ဆီအုန်း၊ နာနတ်၊ စည်သွတ်ဘူး၊ အပူပိုင်းသစ်တောထွက်ပစ္စည်းနှင့် အုန်းဆံခြောက်တို့ ဖြစ်သည်။ အဓိကသွင်းကုန်များမှာ စက်ပစ္စည်း၊ ဆက်သွယ်ရေးကရိယာ၊ စားသောက်ကုန်၊ ဓာတုနှင့်ကုန်ချောပစ္စည်းများဖြစ်သည်။ အဓိကကုန်သွယ်ဖက်နိုင်ငံများမှာ ဗြိတိန်၊ အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ စင်ကာပူ၊ သြစတြေးလျ၊ ထိုင်ဝမ်နှင့် အိန္ဒိယတို့ ဖြစ်သည်။

## မြို့ကြီးများ

### ကွာလာလမ်ပူမြို့ (Kuala Lumpur)

ကွာလာလမ်ပူမြို့သည် မလေးရှားနိုင်ငံ၏ မြို့တော်နှင့်အကြီးဆုံးမြို့ဖြစ်ပြီး လူဦးရေ ၇ သန်းကျော် နေထိုင်သည်။ အပန်းဖြေရာနေရာ၊ စေးဂိတ်ပြခန်းများဖြင့် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်သော မြို့တစ်မြို့ ဖြစ်သည်။ စက်မှုထွန်းကားရာမြို့လည်း ဖြစ်သည်။

### ဂျော့ချ်တောင်း (George Town)

ဂျော့ချ်တောင်းမြို့သည်မလေးရှား၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သည်။ ပီနန်ကျွန်းပေါ်ရှိ မြို့တစ်မြို့ဖြစ်ပြီး လူဦးရေ ၂သန်းကျော် နေထိုင်သည်။ စာပေပွဲတော်၊ ပီနန်ရုက္ခဗေဒဥယျာဉ်များရှိ၍ ထင်ရှားသောမြို့တစ်မြို့ ဖြစ်သည်။

### ဂျိုဟိုး (Johor)

ဂျိုဟိုးမြို့သည် မလေးကျွန်းဆွယ်၏တောင်ဘက်ရှိ မြို့တစ်မြို့ဖြစ်သည်။ စိုက်ပျိုးရေး အဓိကလုပ်ကိုင်သည့် မြို့ဖြစ်ပြီး မလေးရှားနှင့် ပတ်ဝန်းကျင်ဒေသများအတွက် အဓိက စီးပွားရေးမြို့ ဖြစ်သည်။ နန်းတော်သည် အဓိက သမိုင်းဝင်နေရာဖြစ်ပြီး ပြတိုက်၊ အနုပညာပြခန်းများ ရှိသည်။

### အီပို (Ipoh)

အီပိုမြို့တွင် သမိုင်းဝင်ပြတိုက်၊ သံသတ္တုတွင်းများနှင့် ကော်ဖီပွဲတော် ကျင်းပခြင်းတို့ကြောင့် ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်လျက် ရှိသည်။

## အဓိကအချက်များ

- မလေးရှားနိုင်ငံ၏ဧရိယာမှာ စတုရန်းကီလိုမီတာ ၁ သိန်းကျော်ကျယ်ဝန်းသည်။
- အရှေ့မလေးရှားရှိ မူလူလိုဏ်ဂူသည် ကမ္ဘာပေါ်တွင် အကြီးဆုံးလိုဏ်ဂူဖြစ်သည်။
- မလေးရှားနိုင်ငံသည် အီကွေတာရပ်ဝန်းဒေသတွင်ရှိပြီး တစ်နှစ်ပတ်လုံးပူ၍ စိုစွတ်သည်။
- မလေးရှားနိုင်ငံတွင် အပူပိုင်းမိုးသစ်တောများကို တွေ့ရသည်။
- မလေးရှားနိုင်ငံ၏ စုစုပေါင်း လူဦးရေမှာ ၃၁ သန်းကျော်ရှိသည်။

DBE Box

- ❖ မလေးရှားနိုင်ငံသည် နိုင်ငံတကာနှင့်ဆက်သွယ်သော ပင်လယ်ဆိပ်ကမ်းမြို့ များစွာရှိသည်။
- ❖ မလေးရှားနိုင်ငံသည် ခဲမဖြူ ရော်ဘာနှင့် ဆီအုန်း အများဆုံးထုတ်လုပ်သောနိုင်ငံ ဖြစ်သည်။
- ❖ မလေးရှားနိုင်ငံ၏မြို့တော်မှာ ကွာလာလမ်ပူမြို့ ဖြစ်သည်။

### လေ့ကျင့်ရန်မေးခွန်းများ

(၁) မလေးရှားနိုင်ငံ၏ မြေမျက်နှာသွင်ပြင်နှင့်ရေဆင်းအကြောင်းကို ဆက်စပ်ဖော်ပြပါ။

(၂) မလေးရှားနိုင်ငံ၏ သတ္တုတူးဖော်ခြင်းနှင့် စက်မှုလုပ်ငန်းအကြောင်းကို သုံးသပ်တင်ပြပါ။

(၃) မလေးရှားနိုင်ငံ၏ မြို့တော်နှင့်မြို့ကြီးများအကြောင်းကို ရှင်းပြပါ။

(၄) မလေးရှားနိုင်ငံ၏ တည်နေရာကွဲပြားခြားနားချက်ကို ကမ္ဘောဒီးယားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၏ တည်နေရာကိုလေ့လာပြီး သုံးသပ်တင်ပြပါ။

## ၄.၄ ထိုင်းနိုင်ငံ (Thailand)

### သင်ခန်းစာမိတ်ဆက်

❖ ထိုင်းနိုင်ငံ၏ ရူပပထဝီဝင်ကို သင်ရိုးသစ် ဆဋ္ဌမတန်းတွင် သင်ကြားခဲ့ပြီး ဖြစ်သည်။ ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံ၏အရှေ့တောင်ဘက်ရှိ အိမ်နီးချင်းနိုင်ငံ ဖြစ်သည်။ ထိုင်းနိုင်ငံရှိ တောင်တန်းများ၊ မြစ်ချောင်းများသည် မြန်မာနိုင်ငံ၏တောင်တန်းများ၊ မြစ်ချောင်းများနှင့် ဆက်နွယ်မှုရှိသကဲ့သို့ ရာသီဥတုနှင့်သဘာဝပေါက်ပင်သည်လည်း မြန်မာနိုင်ငံနှင့်ဆင်တူသည်။

### တည်နေရာနှင့် အကျယ်အဝန်း

ထိုင်းနိုင်ငံသည် မြောက်လတ္တီကျု ၆ ဒီဂရီနှင့် ၂၀ ဒီဂရီကြား၊ အရှေ့လောင်ဂျီကျု ၁၀၀ ဒီဂရီနှင့် ၁၀၅ ဒီဂရီကြားတွင် တည်ရှိသည်။ ထိုင်းနိုင်ငံ၏မြောက်ဘက်နှင့် အရှေ့ဘက်တွင် လာအိုနိုင်ငံ၊ အရှေ့တောင်ဘက်တွင် ကမ္ဘောဒီးယားနိုင်ငံ၊ တောင်ဘက်တွင် ထိုင်းပင်လယ်ကွေ့နှင့် မလေးရှားနိုင်ငံ၊ မြောက်ဘက်နှင့်အနောက်ဘက်တွင် မြန်မာနိုင်ငံ၊ ကပ္ပလီပင်လယ်တို့နှင့် နယ်နိမိတ်ထိစပ်နေသည်။ ထိုင်းနိုင်ငံသည် ဧရိယာစတုရန်းကီလိုမီတာ ၅၀၀၀၀၀ ကျော် ကျယ်ဝန်းသည်။

### မြေမျက်နှာသွင်ပြင်

ထိုင်းနိုင်ငံ၏မြေမျက်နှာသွင်ပြင်ကို ယေဘုယျအားဖြင့် ၄ ပိုင်း ခွဲခြားနိုင်သည်။

(၁) မြောက်ဘက်ကုန်းမြင့်ဒေသ



DBE BOX

(၂) ကိုရတ်ကုန်းပြင်မြင့်ဒေသ
(၃) အလယ်ပိုင်းလွင်ပြင်ဒေသနှင့်
(၄) ကျွန်းဆွယ်ပိုင်းဒေသတို့ဖြစ်သည်။



ပုံ (၄. ၁၀) ထိုင်းနိုင်ငံ၏ တည်နေရာ၊ မြေမျက်နှာသွင်ပြင်နှင့် ရေဆင်းပြပုံ

## ရေဆင်း

ထိုင်းနိုင်ငံ၏အဓိကမြစ်မှာ ကျောက်ဖယား (Chao Phraya) မြစ်ဖြစ်သည်။ ပါစပ် (Pa Sak) မြစ်သည် အယုဒ္ဓယမြို့အနီးတွင် ကျောက်ဖယား (Chao Phraya) မြစ်အတွင်း သို့စီးဝင်သည်။ မဲခေါင်မြစ်သည် ထိုင်းနိုင်ငံနှင့်လာအိုနိုင်ငံကြား နယ်နိမိတ်မြစ်ဖြစ်သည်။

## ရာသီဥတု

ထိုင်းနိုင်ငံတွင် အနောက်တောင်မုတ်သုံလေတိုက်ခတ်သည့် မေလမှ အောက်တိုဘာလအတွင်း အပူဆုံးလများဖြစ်သော်လည်း မိုးရွာသွန်းမှုကြောင့် စိုစွတ်သည်။ အောက်တိုဘာလမှ မတ်လအထိ အရှေ့မြောက်မုတ်သုံလေ တိုက်ခတ်၍ အေးမြပြီး ခြောက်သွေ့သည်။ မတ်လမှ မေလအထိကာလသည် ထိုင်းနိုင်ငံ၏ အခြောက်သွေ့ဆုံးကာလဖြစ်သည်။ အဓိကအားဖြင့် အပူပိုင်းမုတ်သုံရာသီဥတု ရရှိသည်။

## သဘာဝပေါက်ပင်နှင့် မြေဆီလွှာ

ထိုင်းနိုင်ငံမြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတွင် ရွက်ပြတ်တော၊ နိုင်ငံတောင်ပိုင်းတွင် အပူပိုင်းအမြဲစိမ်းတော၊ ကမ်းရိုးတန်းဒေသတွင် ဒီရေတောများကို တွေ့နိုင်သည်။ ထိုင်းနိုင်ငံ၏ လွင်ပြင်ပိုင်းတွင် မြေဩဇာကောင်းမွန်သော နုန်းမြေဆီလွှာရှိသည်။ ကုန်းမြင့်တောင်ကုန်းတောင်တန်းတို့တွင် ဂဝံနှင့် ဂဝံဆန်မြေများ ရှိသည်။

## လူဦးရေနှင့် လူမျိုးများ

၂၀၁၇ ခုနှစ်တွင် ထိုင်းနိုင်ငံ၏လူဦးရေမှာ ၆၉သန်းကျော်ရှိပြီး အများစုသည် ထိုင်းလူမျိုးများ ဖြစ်သည်။ တရုတ်၊ မလေး၊ လော၊ ခမာ၊ ဗီယက်နမ်လူမျိုးတို့ကို တွေ့ရသည်။ လူဦးရေ၏ ၉၅ ရာခိုင်နှုန်းမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ပြီး အစ္စလာမ်၊ ခရစ်ယာန်နှင့် အခြားဘာသာဝင်များလည်း နေထိုင်ကြသည်။ ၂၀၁၇ ခုနှစ်စာရင်းအရ ဘန်ကောက်မြို့၏ စုစုပေါင်းလူဦးရေမှာ ၁၄ သန်းခန့် ရှိသည်။

## စိုက်ပျိုးရေး

စိုက်ပျိုးရေးသည်ထိုင်းနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည်။ စပါးသည် အရေးပါဆုံး သီးနှံဖြစ်သည်။ စပါးသည် အဓိကစားသုံးသီးနှံဖြစ်သကဲ့သို့ နိုင်ငံခြားဝင်ငွေ အများဆုံးရရှိသည်။ စပါးအပါအဝင် စိုက်ပျိုးသီးနှံများကို ရိုးရာနည်းလမ်းများဖြင့် အားမှန်စိုက်ပျိုးသကဲ့သို့ စပါးကိုအဓိက တင်ပို့ရောင်းချရန်ရည်ရွယ်၍ ခေတ်မီနည်းပညာများဖြင့်လည်း အားသွန်စိုက်ပျိုးသည်။ ခြံကျယ် စိုက်ပျိုးရေးလုပ်ငန်းများလည်း ရှိသည်။

ရော်ဘာစိုက်ပျိုးခြင်းသည် ဒုတိယအရေးပါဆုံး ဖြစ်သည်။ ထိုင်းနိုင်ငံတွင် အခြားစိုက်ပျိုးသော သီးနှံများမှာ ကြံနှင့်ပဲအမျိုးမျိုးတို့ ဖြစ်သည်။ ဆေးရွက်ကြီးကို မြောက်ပိုင်းဇင်းမယ်လွင်ပြင်နှင့် အရှေ့မြောက်ဒေသတွင် အဓိက စိုက်သည်။ ကျွန်းဆွယ်ပိုင်းတွင် အုန်းစိုက်ပျိုးရေးကို အဓိက တွေ့ရသည်။ သစ်သီးပင်များကို အနောက်မြောက်ဒေသတွင် စိုက်ပျိုးသည်။

## မွေးမြူရေးလုပ်ငန်း

မွေးမြူရေးလုပ်ငန်းများကို အဓိကအားဖြင့် ကိုရတ်ကုန်းပြင်မြင့်ဒေသတွင် တွေ့ရသည်။ ဘန်ကောက်လွင်ပြင်၏ အနောက်ဘက်ပိုင်းတွင် ဝက်၊ နို့စားနွား၊ ကြက်၊ ဘဲ စသည်တို့ကို ခေတ်မီ နည်းများဖြင့် မွေးမြူလျက်ရှိသည်။ ကျေးလက်ဒေသများတွင် ဆင်ကိုမွေးမြူပြီး ခရီးသွားလုပ်ငန်း များတွင် အသုံးပြုသည်။ မိကျောင်းမွေးမြူရေးသည် ဝင်ငွေကောင်းသော စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်သည်။

## ငါးဖမ်းလုပ်ငန်း

ထိုင်းနိုင်ငံ၏ ရေချိုငါးဖမ်းလုပ်ငန်းကို နိုင်ငံအလယ်ပိုင်း အရှေ့မြောက်ဒေသတွင် များစွာ တွေ့ရသည်။ ပင်လယ်ကမ်းရိုးတန်းရှည်လျားသောကြောင့် ပင်လယ်ငါးဖမ်းလုပ်ငန်းသည်လည်း အရေးပါသည်။ ပင်လယ်ငါးဖမ်းခြင်းလုပ်ငန်းကို ကျွန်းဆွယ်ပိုင်း၊ အနောက်ဘက်ကမ်းခြေ၊ အိန္ဒိယသမုဒ္ဒရာတို့တွင် လုပ်ကိုင်ကြသည်။ ရနောင်း (Ranong)၊ ချွန်ဖုန် (Chunphon)၊ စမတ်ဆခွန်

(Samutsakhon)၊ ချန်သာဘူရီ (Chanthaburi) တို့သည် အရေးပါသော ပင်လယ်ငါးဖမ်းဆိပ်ကမ်းများ ဖြစ်သည်။ ရေချို ငါးဖမ်းလုပ်ငန်းကို မဲနမ်ကျောက်ဖယားမြစ်ဝှမ်းတစ်လျှောက်ရှိ မြစ်ချောင်းများနှင့် စိုက်ခင်းများတွင် စပါးနှင့်ငါးပူးတွဲ၍ စိုက်ပျိုးထုတ်လုပ်သည်။ ထိုင်းနိုင်ငံသည် ပလာတူးငါးနှင့်ပုစွန် အဓိကတင်ပို့ရောင်းချသောနိုင်ငံ ဖြစ်သည်။ ပင်လယ်ငါးဖမ်းလုပ်ငန်းသည် နိုင်ငံခြားဝင်ငွေကို အဓိက ရရှိစေသော စီးပွားရေးလုပ်ငန်း ဖြစ်သည်။

## သစ်ထုတ်လုပ်ငန်း

ထိုင်းနိုင်ငံမြောက်ပိုင်းတွင် ရွက်ပြတ်တောများရှိသည်။ ကျွန်းသစ် အဓိကထွက်ပြီး ကညင်နှင့် အခြားသစ်မာများ၊ ထင်း၊ မီးသွေး၊ ရှားစေး၊ ချိပ် စသည်တို့လည်း ထွက်ရှိသည်။ ထိုင်းနိုင်ငံသည် အိမ်နီးချင်းနိုင်ငံတို့မှ သစ်ကုန်ကြမ်းများကို တင်သွင်းပြီး ကုန်ချောထုတ်လုပ်၍ ကမ္ဘာ့ဈေးကွက်သို့ တင်ပို့ရောင်းချလျက် ရှိသည်။

## တွင်းထွက်

ထိုင်းနိုင်ငံသည် ခဲမဖြူနှင့် သဘာဝဓာတ်ငွေ့မှလွဲ၍ တွင်းထွက်အရင်းအမြစ်နည်းပါးသည်။ ထိုင်းနိုင်ငံမြောက်ဘက်၊ အနောက်ဘက်နှင့် ကျွန်းဆွယ်ပိုင်းရှိတောင်တန်းများတွင် ခဲမဖြူ၊ အဖြိုက်နက်တို့ တွေ့ရှိသည်။ အခြားတွင်းထွက်ပစ္စည်းများမှာ သံရိုင်း၊ အဖြိုက်နက်၊ မန်ဂနိ၊ ခနောက်စိမ်း၊ ရွှေ၊ ကြေးနီနှင့် ခဲတို့ဖြစ်သည်။ ရေနံကို ထိုင်းနိုင်ငံမြောက်ပိုင်းနှင့် အလယ်ပိုင်းလွင်ပြင်၊ တောင်ပိုင်းလွင်ပြင်၊ ကိုရတ်(Khorat)ကုန်းမြင့်၊ ထိုင်းပင်လယ်ကွေ့၊ အန်ဒမန်ပင်လယ် (ကပ္ပလီပင်လယ်) တို့၌ တွေ့ရသည်။ ထိုင်းပင်လယ်ကွေ့ကမ်းလွန်ရေတိမ်ပိုင်းမှ သဘာဝဓာတ်ငွေ့ကို အမြောက်အမြား တူးဖော်ရရှိသည်။



ပုံ (၄. ၁၁) ထိုင်းနိုင်ငံ၏စီးပွားရေးပြပုံ



DRAFT

## စက်မှုလုပ်ငန်း

ထိုင်းနိုင်ငံ၏ စက်မှုလုပ်ငန်းသည် ပို့ကုန်အခြေပြုစက်မှုလုပ်ငန်းဖြစ်သည်။ ပြည်တွင်းထုတ်ကုန်စုစုပေါင်း၏ သုံးပုံတစ်ပုံကို စက်မှုကဏ္ဍမှ ရရှိသည်။ အဓိက စက်မှုလုပ်ငန်းများမှာ မော်တော်ကား၊ စက်နှင့်စက်ကိရိယာ၊ အကြီးစားစက်မှုလုပ်ငန်းများ၊ ဆေးဝါးနှင့် ဓာတုဗေဒလုပ်ငန်းများ၊ လူသုံးကုန်နှင့်အိမ်သုံးကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ရေနံဓာတုလုပ်ငန်း၊ ပလတ်စတစ်လုပ်ငန်း၊ စိုက်ပျိုးသီးနှံ ပြုပြင်ရေးလုပ်ငန်း၊ ဘိလပ်မြေ၊ ချည်ထည်နှင့် အထည်ချုပ်လုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်းတို့ ဖြစ်သည်။

ထိုင်းနိုင်ငံ၏စီးပွားရေးလုပ်ငန်းများတွင် ခရီးသွားလုပ်ငန်းသည် ဝင်ငွေအများဆုံးရသောလုပ်ငန်းဖြစ်သည်။ ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှတွင် ထိုင်းအစားအစာ၊ ရှေးရိုးရာဂန္ထဝင်အက၊ ပင်လယ်အပန်းဖြေကျွန်းများဖြင့် ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဖူးခက်သည် အထင်ရှားဆုံးအပန်းဖြေကျွန်းဖြစ်သည်။



ပုံ (၄. ၁၂) ထိုင်းနိုင်ငံ၏ ပို့ဆောင်ဆက်သွယ်ရေးပြပုံ

## ပို့ဆောင်ဆက်သွယ်ရေး

ထိုင်းနိုင်ငံ၏ အဓိကလမ်းပန်းဆက်သွယ်ရေးမှာ မီးရထားလမ်း၊ ကားလမ်း၊ လေကြောင်းလမ်းနှင့် ရေကြောင်းလမ်းတို့ဖြစ်သည်။ လမ်းပန်းဆက်သွယ်မှု အသီးသီးသည် ဘန်ကောက်မြို့ပြဧရိယာကို ဗဟိုပြုလျက်ရှိသည်။ ၂၀၁၇ ခုနှစ်စာရင်းအရ ထိုင်းနိုင်ငံတွင် မော်တော်ကားလမ်းအရှည် ကီလိုမီတာ ၃ သိန်းကျော် ရှိသည်။ ၂၀၁၇ ခုနှစ်တွင် ထိုင်းနိုင်ငံ၏မီးရထားလမ်းအရှည်မှာ ကီလိုမီတာ ၄ ထောင်ကျော်ရှိသည်။ ဘန်ကောက်မြို့သည် တစ်နိုင်ငံလုံးရှိ မီးရထားလမ်းများဆုံရာ အချက်အချာဖြစ်သည်။ အဓိကမီးရထားလမ်းများမှာ (၁)ဘန်ကောက်မှမြောက်ဘက် ချင်းမိုင်သို့သွားသောလမ်း (၂) အရှေ့မြောက်

ပိုင်းရှိ နခွန်ရာ့ချာစီမာ (Nakhon Ratchasima) မှတစ်ဆင့် နွန်ခိုင် (Nonkhai)နှင့်ဥဘွန်း (Ubon) မြို့များသို့ထပ်မံ၍ နှစ်လိုင်းခွဲသည်။ (၃) ဘန်ကောက်မှ အရှေ့ဘက်ကမ္ဘောဒီးယားသို့သွားသောလမ်းသည် ဖနွမ်းပင်အထိ ဆက်ထားသည်။ (၄) တောင်ဘက်ကျွန်းဆွယ်ပိုင်းသို့ သွားသောလမ်းသည် မလေးရှား အထိ ဆက်သွယ်ထားသည်။ ထိုင်းနိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှား၊ စင်ကာပူ တို့ကို မီးရထားလမ်းဖြင့် ဆက်သွယ်ထားသည်။ ဘန်ကောက်ရှိ သုဝဏ္ဏဘူမိလေဆိပ်သည် အဓိက အကြီးဆုံးဖြစ်ပြီး ဒွန်မောင်းလေဆိပ်သည် ဒုတိယအကြီးဆုံးဖြစ်သည်။ ပြည်တွင်း ရေကြောင်း သယ်ယူပို့ဆောင်ရေးတွင် ကမ်းရိုးတန်းတစ်လျှောက် ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေးနှင့် တူးမြောင်းဆက်သွယ်ရေးများကို အသုံးပြုသည်။ ကျောက်ဖယားမြစ်သည် အဓိကပြည်တွင်း ရေကြောင်း လမ်းဖြစ်သည်။

## ကုန်သွယ်ရေး

ဆန်စပါးသည် ထိုင်းနိုင်ငံ၏ အဓိက တင်ပို့ကုန်ဖြစ်ပြီး ရော်ဘာနှင့်ပီလောပီနံမှာ ဒုတိယ အရေးပါသော တင်ပို့ကုန်ဖြစ်သည်။ လောင်စာဆီ ၊ ချောဆီနှင့် ယာဉ်စက်ပစ္စည်း၊ အဝတ်အထည်များကို အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ ဗြိတိန်နှင့် ဟောင်ကောင်တို့မှ တင်သွင်းသည်။ ကုန်သန်းရောင်းဝယ်သော နိုင်ငံများမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ဂျပန်၊ အမေရိကန်ပြည်ထောင်စုနှင့် အနောက်ဥရောပ နိုင်ငံများ ဖြစ်သည်။

## မြို့ကြီးများ

### ဘန်ကောက်မြို့ (Bangkok)

ထိုင်းနိုင်ငံ၏မြို့တော်မှာ ဘန်ကောက်မြို့ဖြစ်သည်။ မဲနမ်ကျောက်ဖယားမြစ်ဝအနီး တည်ရှိပြီး လူဦးရေအများဆုံးမြို့ဖြစ်သည်။ စက်မှုလုပ်ငန်းနှင့် ကုန်သန်းရောင်းဝယ်ရေးဆိုင်ရာ အချက်အချာ မြို့ ဖြစ်သည်။ အဓိကလေဆိပ်နှင့် ပင်လယ်ဆိပ်ကမ်းမြို့လည်းဖြစ်သည်။ သုဝဏ္ဏဘူမိနှင့် ဒွန်မောင်း (Don Mueang)လေဆိပ်များ ရှိသည်။

ချင်းမိုင်(Chaing Mai)၊ ခွန်ကန် (Khon Kaen) မြို့များသည် စီးပွားရေးနှင့် ယဉ်ကျေးမှုဗဟို မြို့များဖြစ်သည်။ အခြား ထင်ရှားသောမြို့များမှာ ဥဒွန်ဌာနီ (Udon Thani)၊ ချုံဘူရီ (Chon Buri)၊ ဟတ်ယိုင် (Hat Yai)နှင့် ဖူးခက် (Phu Ket)မြို့တို့ ဖြစ်သည်။

**အဓိကအချက်များ**

- ထိုင်းနိုင်ငံသည် ဧရိယာစတုရန်းကီလိုမီတာ ၅ သိန်းကျော် ကျယ်ဝန်းသည်။
- ထိုင်းနိုင်ငံ၏ မြေမျက်နှာသွင်ပြင်ကို ၄ ပိုင်း ပိုင်းနိုင်သည်။
- ထိုင်းနိုင်ငံ၏အဓိကမြစ်မှာ ကျောက်ဖယားမြစ်ဖြစ်သည်။
- ထိုင်းနိုင်ငံသည် မုတ်သုံရာသီဥတုကို ရရှိသည်။
- ထိုင်းနိုင်ငံ၏ သဘာဝပေါက်ပင်မှာ အပူပိုင်း အမြဲစိမ်းတော၊ ရွက်ပြတ်တောနှင့် ဒီရေတောများ ပေါက်ရောက်သည်။
- ထိုင်းနိုင်ငံ၏ လူဦးရေမှာ ၆၉ သန်းကျော် ရှိသည်။
- ထိုင်းနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်ပြီး ပင်လယ်ကမ်းရိုးတန်း ရှည်လျားသောကြောင့် ပင်လယ်ငါးဖမ်းလုပ်ငန်းသည်လည်း အရေးပါသည်။
- ထိုင်းနိုင်ငံသည် ပြည်တွင်းသွားလာရေးအတွက် ရေကြောင်းခရီးကို အများဆုံးအသုံးပြုပြီး မီးရထားလမ်းအားဖြင့် ကမ္ဘောဒီးယား၊ လာအို၊ မလေးရှားနှင့်စင်ကာပူနိုင်ငံတို့ဖြင့် ဆက်သွယ်ထားသည်။
- ခရီးသွားလုပ်ငန်းသည် ထိုင်းနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများထဲတွင် ဝင်ငွေအများဆုံး ရသောလုပ်ငန်းဖြစ်သည်။
- ထိုင်းနိုင်ငံ၏မြို့တော်မှာ ဘန်ကောက်မြို့ဖြစ်သည်။

**လေ့ကျင့်ရန်မေးခွန်းများ**

(၁) ထိုင်းနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများထဲတွင် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးမှုအများဆုံး ဖြစ်ကြောင်းကို သုံးသပ်တင်ပြပါ။

(၂) ထိုင်းနိုင်ငံ ပို့ဆောင်ဆက်သွယ်ရေးကို ဖော်ပြပါ။

(၃) ထိုင်းနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများထဲတွင် နိုင်ငံခြားဝင်ငွေအများဆုံးရရှိသော စီးပွားရေး လုပ်ငန်းကို ဖော်ပြပါ။

DBE BOX

## ၄.၅ လာအိုနိုင်ငံ (Laos)

### သင်ခန်းစာမိတ်ဆက်

လာအိုနိုင်ငံသည် အင်ဒိုချိုင်းနားကျွန်းဆွယ်ပေါ်တွင်တည်ရှိ၍ အရှေ့တောင်အာရှတွင် တစ်ခုတည်းသော ကုန်းပိတ်နိုင်ငံ ဖြစ်သည်။

### တည်နေရာနှင့် အကျယ်အဝန်း




ပုံ (၄. ၁၃) လာအိုနိုင်ငံ၏ တည်နေရာ၊ မြေမျက်နှာသွင်ပြင်နှင့် ရေဆင်းပြပုံ

လာအိုနိုင်ငံသည်မြောက်လတ္တီကျု ၁၄ ဒီဂရီနှင့် ၂၁ ဒီဂရီကြား၊ အရှေ့လောင်ဂျီကျု ၁၀၀ ဒီဂရီနှင့် ၁၀၅ ဒီဂရီကြားတွင် တည်ရှိသည်။ ဧရိယာစတုရန်း ကီလိုမီတာ ၂၃၆၈၀ ကျယ်ဝန်းသည်။ မြောက်ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အရှေ့ဘက်တွင် ဗီယက်နမ်နိုင်ငံ၊ တောင်ဘက်တွင် ကမ္ဘောဒီးယားနိုင်ငံ၊ အနောက်ဘက်တွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ထိစပ်နေသည်။

### မြေမျက်နှာသွင်ပြင်

လာအိုနိုင်ငံသည် တောင်ထူထပ်သောနိုင်ငံ ဖြစ်သည်။ အရှေ့မြောက်နှင့်မြောက်ဘက်တွင် အဲနန်မိုက်တောင်တန်း (Annamite Range)၊ အနောက်မြောက်ဘက်တွင် လွန်ပရာဘန်တောင်တန်း (Luang Prabang Range)များရှိသည်။ အနောက်ဘက် ထိုင်းနယ်နိမိတ်ရှိ မဲခေါင်မြစ်ဝှမ်းတစ်လျှောက်တွင်သာ မြေပြန့်လွင်ပြင် ရှိသည်။

### ရေဆင်း

မဲခေါင်မြစ်နှင့် ၎င်း၏မြစ်လက်တက်များသည် လာအိုနိုင်ငံ၏အဓိကစီးဆင်းသောမြစ် ဖြစ်သည်။ အခြားထင်ရှားသောမြစ်များမှာ အူမြစ် (Ou River)၊ သာမြစ် (Tha River)၊ ခေါင်မြစ် (Kung River) နှင့် သောင်မြစ် (Theum River)များ ဖြစ်သည်။

### ရာသီဥတု

လာအိုနိုင်ငံသည် အပူပိုင်းမုတ်သုံရာသီဥတုရရှိသောဒေသ ဖြစ်သည်။ နိုဝင်ဘာလမှ ဖေဖော်ဝါရီလအထိသည် အေး၍ခြောက်သွေ့သော ရာသီဥတုရှိသည်။ မတ်လမှ ဧပြီလအထိ ပူ၍ခြောက်သွေ့သော ရာသီဥတုရှိသည်။ နိုင်ငံ၏အရှေ့တောင်ဘက်စွန်းပိုင်းသည် နှစ်စဉ်မိုးရေချိန်အများဆုံး ရရှိသောဒေသဖြစ်သည်။

### သဘာဝပေါက်ပင်နှင့် မြေဆီလွှာ

လာအိုနိုင်ငံ၏ ဧရိယာ ၆၀ ရာခိုင်နှုန်းခန့်ကို သစ်တောများ ဖုံးလွှမ်းလျက်ရှိသည်။ နိုင်ငံမြောက်ပိုင်းတွင် အမြဲစိမ်းရွက်ပြန့်တော၊ တောင်ပိုင်းတွင် မုတ်သုံတော၊ အမြဲစိမ်းရောနှောတောနှင့် ရွက်ပြတ်တောများ ပေါက်သည်။ နိုင်ငံ၏ မြေနိမ့်မြစ်ဝှမ်းဒေသများတွင် နုန်းမြေဆီလွှာနှင့် မီးခိုးရောင် သို့မဟုတ် အဝါရောင်ရှိသော သဲဆန်သည့်မြေဆီလွှာကိုတွေ့ရသည်။ ကုန်းမြင့်ဒေသများတွင် ဂဝံဆန်သော မြေဆီလွှာကို တွေ့ရသည်။

### လူဦးရေ

၂၀၁၇ ခုနှစ်တွင် လာအိုနိုင်ငံ၏ လူဦးရေမှာ ၆ သန်းကျော် ရှိသည်။ ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ဆက်စပ်နေသော မဲခေါင်မြစ်ဝှမ်းဒေသတစ်လျှောက် လူနေများပြီး မြောက်ပိုင်းတွင် လူနေကျဲပါးသည်။ အများစုမှာ လာအိုလူမျိုးများဖြစ်၍ မဲခေါင်မြစ်ဝှမ်းလွင်ပြင်တွင် နေထိုင်သည်။ ထိုင်းလူမျိုး၊ ပသောင်းလူမျိုး (Phauthong)၊ မြို့လူမျိုး (Meo)နှင့် ရာအိုလူမျိုး (Yao) များ နေထိုင်သည်။

### စိုက်ပျိုးရေး

စိုက်ပျိုးရေးလုပ်ငန်းသည် လာအိုနိုင်ငံ၏ စီးပွားရေးလုပ်ငန်းတွင် အရေးပါဆုံးဖြစ်သည်။ လူဦးရေ၏ ၈၀ ရာခိုင်နှုန်းကျော်သည် စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်း ပြုလုပ်ကြသည်။

DDE BOX

ဆန်စပါးကို မဲခေါင်မြစ်ဝှမ်းလွင်ပြင်နှင့် နိုင်ငံ၏တောင်ဘက်ပိုင်းတွင် အဓိက စိုက်ပျိုးသည်။ မြေနိမ့်ဒေသတွင် စပါးကို ရေသွင်းစိုက်ပျိုးသည်။ စိုက်ပျိုးနည်းသစ်များ အသုံးပြုလာခြင်း၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာများ အသုံးပြုလာခြင်း၊ ဈေးကွက်ချဲ့ထွင်လာခြင်းတို့ကြောင့် ကုန်းမြင့်ဒေသများထက် မြေနိမ့်ဒေသများတွင် စပါးကို ပိုမိုထုတ်လုပ်နိုင်ခဲ့သည်။ အခြား စိုက်ပျိုးသီးနှံများမှာ ကန်စွန်းဥ၊ ပြောင်းဖူး၊ ဝါ၊ နှမ်း၊ ဆေးရွက်၊ ကြံ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံတို့ ဖြစ်သည်။ ဆေးရွက်ကြီးနှင့် ကော်ဖီကို ဘိုလိုဘန်ကုန်းမြင့် (Bolovens Plateau)တွင် စိုက်ပျိုးပြီး နိုင်ငံ၏တင်ပို့ကုန်လည်း ဖြစ်သည်။




ပုံ (၄. ၁၄) လာအိုနိုင်ငံ၏ စီးပွားရေးပြပုံ

## မွေးမြူရေး

တောင်ဘက်စွန်းပိုင်း လွင်ပြင်များနှင့် ဘန်ဟင်း (Banghaing)၊ ဒွန် (Don)မြစ်များ၏ မြစ်ချိုင့်ဝှမ်းများတွင် ကျွဲ၊ နွားများကို မွေးမြူကြသည်။ ထို့ပြင် ကြက်နှင့်ဝက်တို့ကိုလည်း မွေးမြူသည်။

### ငါးဖမ်းလုပ်ငန်း

မဲခေါင်မြစ်ဝှမ်းနှင့် အခြား မြစ်ချောင်းများတွင် ငါးဖမ်း လုပ်ငန်းကို အဓိကလုပ်ကိုင် ကြသည်။ ငါးမွေးမြူရေး လုပ်ငန်း တိုးတက်လာပြီး တီလားပီးယား၊ ငါးကြင်းတို့ကို အဓိက မွေးမြူသည်။

### သစ်ထုတ်လုပ်ငန်း

လာအိုနိုင်ငံ ဧရိယာ၏ထက်ဝက်ခန့်သည် သစ်တောများ ဖုံးလွှမ်းလျက်ရှိသည်။ ကျွန်းသစ်သည် လာအို၏ အဓိက တင်ပို့ကုန် ဖြစ်သည်။ ကျွန်းသစ်ထွက်သော အဓိကဒေသများမှာ ချန်ပါစပ် (Champasak)၊ ဆာဗာနာကတ် (Savannakhet)၊ ကမိုယန် (Khammouane) နှင့် ဗီယန်ကျင်း (Vientiane) တို့ဖြစ်သည်။ သစ်တောများ ခုတ်ထွင်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်လာ၍ အစိုးရက သစ်တောပြန်လည်ထိန်းသိမ်းမှုများ ပြုလုပ်လျက်ရှိသည်။

### တွင်းထွက်

အဓိကတွင်းထွက်မှာ ခဲမဖြူနှင့် ဂျစ်ပဆမ်ဖြစ်သည်။ အခြားတွင်းထွက်များမှာ ကြေးနီ၊ သံနှင့် ခဲ တို့ဖြစ်သည်။ နှမ်းဖတ်ကျောက်နှင့် ထုံးကျောက်တို့လည်း ထွက်သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖြင့် ရွှေကူးဖော်ခြင်းလုပ်ငန်းကို လုပ်ကိုင်လာသည်။

### စက်မှုလုပ်ငန်း

လာအိုနိုင်ငံ၏ အဓိက စက်မှုလုပ်ငန်းများမှာ ဆန်စက်၊ သစ်စက်၊ ပလတ်စတစ်ပစ္စည်းထုတ်လုပ်ငန်း၊ ဆေးရွက်ကြီးနှင့်စီးကရက်ထုတ်လုပ်ငန်း၊ ချွတ်ဆေးလုပ်ငန်း စသည်တို့ ဖြစ်သည်။ လက်မှုလုပ်ငန်းသည်လည်း အဓိကအရေးပါသောလုပ်ငန်း ဖြစ်သည်။

### ပို့ဆောင်ဆက်သွယ်ရေး

တောင်ထူထပ်သောကြောင့် လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှု နည်းသည်။ မဲခေါင်မြစ်နှင့် မြစ်လက်တက်များသည် အရေးပါသော ရေကြောင်းလမ်းများ ဖြစ်သည်။ ရေစီးသန်ခြင်း၊ ရေတံခွန်ပေါများခြင်းတို့ကြောင့် မြစ်ကြောင်းသွားလာမှုကို အဟန့်အတားဖြစ်စေသည်။ ကားလမ်း ရှိသည်။ ၂၀၁၅ ဒီဇင်ဘာလတွင် လာအိုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆက်သွယ်သောရထားလမ်းကို လာအိုနိုင်ငံ၏မြို့တော် ဗီယန်ကျင်းမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ရှိ ကူမင်းမြို့သို့ ဆက်သွယ်ဖောက်လုပ်ခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် ပြီးစီးမည်ဟု ခန့်မှန်းထားသည်။ ဖနွမ်းပင် (Phnom Penh)၊ ဟနွိုင်း(Hanoi)၊ ဘန်ကောက် (Bang kok) မြို့များသို့ လေကြောင်းလမ်း ဆက်သွယ်မှု ရှိသည်။




ပုံ (၄. ၁၅) လာအိုနိုင်ငံ၏ ပို့ဆောင်ဆက်သွယ်ရေးပြပုံ

## ကုန်သွယ်ရေး

၁၉၉၇ ခုနှစ်မှစ၍ အာဆီယံကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံ ဖြစ်ခဲ့သည်။ အဓိက တင်ပို့ကုန်မှာ အဝတ်အထည်၊ ကော်ဖီ၊ လျှပ်စစ်ဓာတ်အား၊ သစ်နှင့်သစ်တောထွက်ပစ္စည်းများ ဖြစ်ကြသည်။ အဓိက သွင်းကုန်များမှာ စားသောက်ကုန်များ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ ကုန်ကြမ်း ပစ္စည်းများ၊ စက်ပစ္စည်းများနှင့် လောင်စာဆီတို့ ဖြစ်သည်။ အဓိက ကုန်သွယ်ဖက်နိုင်ငံများမှာ ထိုင်း နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ ဖြစ်သည်။

## မြို့ကြီးများ

### ဗီယန်ကျင်း (Vientiane)

ဗီယန်ကျင်းမြို့သည် လာအိုနိုင်ငံ၏မြို့တော်ဖြစ်ပြီး မဲခေါင်မြစ်ကမ်းပေါ်တွင် တည်ရှိသည်။ ၂၀၁၉ ခုနှစ်တွင် လူဦးရေ ၇ သိန်းကျော်ရှိပြီး ယဉ်ကျေးမှုအမွေအနှစ်များရှိသောကြောင့် နိုင်ငံခြား ခရီးသွားများကို ဆွဲဆောင်မှုရှိသောမြို့ ဖြစ်သည်။



DBLBox

**ဆဗာနာကတ် (Savannakhet)**

ဆဗာနာကတ်မြို့သည် ဒုတိယအကြီးဆုံးမြို့ ဖြစ်ပြီး လူဦးရေ ၉ သောင်းကျော် နေထိုင်သည်။ ထိုင်းနိုင်ငံ၏ နယ်နိမိတ်နှင့် ထိစပ်နေပြီး ရှေးဟောင်းယဉ်ကျေးမှု၊ သမိုင်းဝင်အနုပညာလက်ရာများ၊ ဘာသာရေးအဆောက်အအုံများ ရှိသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းသောမြို့ဖြစ်သည်။

**ပတ်ဆီ (Pakxe)**

ပတ်ဆီမြို့သည် လာအိုနိုင်ငံ၏ ချန်ပဆပ်ဘုရင် ရုံးစိုက်ရာမြို့ဖြစ်ပြီး စီးပွားရေး၊ ယဉ်ကျေးမှုဗဟို ဖြစ်သည်။

**သာခတ်မြို့ (Thakhek)**

သာခတ်မြို့သည် မဲခေါင်မြစ်ကမ်းပေါ်တွင်တည်ရှိပြီး ဗိသုကာလက်ရာများနှင့် အမျိုးသားပန်းခြံများသည် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်မှုရှိသောမြို့ ဖြစ်သည်။

**အဓိကအချက်များ**

- ❖ လာအိုနိုင်ငံသည် ကုန်းပိတ်နိုင်ငံ ဖြစ်သည်။
- ❖ လာအိုနိုင်ငံသည် တောင်ထူထပ်သောနိုင်ငံ ဖြစ်သည်။
- ❖ လာအိုနိုင်ငံသည် အပူပိုင်းမုတ်သုံရာသီဥတုကို ရရှိသည်။
- ❖ လာအိုနိုင်ငံတွင် အမြဲစိမ်းရွက်ပြန့်တော၊ အမြဲစိမ်းရောနှောတောနှင့်ရွက်ပြတ်တောများ ပေါက်သည်။
- ❖ လာအိုနိုင်ငံ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်သည်။
- ❖ တောင်ထူထပ်သောနိုင်ငံဖြစ်သောကြောင့် လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးမှု အားနည်းသည်။
- ❖ လာအိုနိုင်ငံ၏မြို့တော်မှာ ဗီယန်ကျင်းမြို့ ဖြစ်သည်။

**လေ့ကျင့်ရန်မေးခွန်းများ**

(၁) လာအိုနိုင်ငံကို အရှေ့တောင်အာရှရှိ ကုန်းပိတ်နိုင်ငံဟု အဘယ်ကြောင့်ပြောနိုင်သနည်း။

(၂) လာအိုနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းနှင့် သစ်ထုတ်လုပ်ငန်းအကြောင်းကို ရေးပါ။

(၃) လာအိုနိုင်ငံ၏ ပို့ဆောင်ဆက်သွယ်ရေးနှင့် ကုန်သွယ်ရေးကို ဖော်ပြပါ။



DBE BOX

**အခန်း(၄) အာဆီယံနိုင်ငံများ၏ ဒေသန္တရပထဝီဝင်ကို သင်ယူခဲ့သည့်အကြောင်းအရာများအား ပြန်လည်သုံးသပ်ပြီး ကွက်လပ်များဖြည့်ပါ။**






DBE BOX

# အခန်း(၅)

# လက်တွေ့ပထဝီဝင်

**နိဒါန်း**

ပထဝီဝင်ဘာသာရပ်ကိုလေ့လာရာတွင် မြေပုံသည် မရှိမဖြစ်လိုအပ်သော အထောက်အကူ ဖြစ်သကဲ့သို့ ထိုမြေပုံများရေးဆွဲရာတွင် စကေးသည်လည်း မရှိမဖြစ်အင်္ဂါရပ်တစ်ခု ဖြစ်သည်။

**ဤအခန်းခေါင်းစဉ်နှင့်ပတ်သက်၍ သင်သိရှိပြီးသော အကြောင်းအရာ**

❖ မြန်မာနိုင်ငံမြေပုံနှင့် အိမ်နီးချင်းနိုင်ငံများ၏မြေပုံများကို ဆဋ္ဌမတန်းတွင် လိုအပ်သလို ချဲ့၍လည်းကောင်း၊ ချုံ့၍လည်းကောင်း အနီးစပ်ဆုံးတူညီအောင်ဆွဲသားခဲ့ပြီးဖြစ်သည်။ တည်နေရာပြမြေပုံ၊ မြေမျက်နှာသွင်ပြင်ပြမြေပုံ၊ လမ်းပန်းဆက်သွယ်ရေးပြမြေပုံတို့ကို ဆဋ္ဌမတန်းတွင်ဖတ်ရှုလေ့လာခဲ့ပြီးဖြစ်သည်။

**ဤအခန်းပြီးလျှင်သင်သည် အောက်ပါတို့ကို လုပ်ဆောင်နိုင်မည်။**

- ❖ မြေပုံအမျိုးအစားများကို ခွဲခြားဖော်ပြတတ်မည်။
- ❖ မြေပုံများကို ကိုယ်တိုင်ရေးဆွဲတတ်မည်။
- ❖ မြေပုံပေါ်တွင်ပါဝင်ရမည့် အင်္ဂါရပ်များကို သိရှိနိုင်မည်။
- ❖ စကေးအဓိပ္ပာယ်နှင့် စကေးအမျိုးအစားများကို ခွဲခြားဖော်ပြတတ်မည်။
- ❖ စကေးများကိုတစ်မျိုးမှတစ်မျိုးသို့ ပြောင်းလဲတွက်ချက်တတ်ပြီး လိုအပ်သည့်နေရာတွင် အသုံးချနိုင်မည်။

## ၅.၁ မြေပုံအမျိုးအစားများ

**သင်ခန်းစာမိတ်ဆက်**

❖ မြေပုံဆိုသည်မှာ ကမ္ဘာ့မျက်နှာပြင်တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို အနီးစပ်ဆုံး တူညီအောင် ရေးဆွဲထားသောစနစ်ပုံဖြစ်သည်။ ပထဝီဝင်ဘာသာကိုလေ့လာရာတွင် မြေပုံသည် မရှိမဖြစ်သော အထောက်အကူဖြစ်သည်။ ကမ္ဘာ့နေရာဒေသအသီးသီး၏ ပထဝီဝင်ဆိုင်ရာ အကြောင်းအရာများကို မြေပုံနှင့်ယှဉ်တွဲလေ့လာခြင်းဖြင့် ကြောင်းကျိုးဆက်စပ်သိရှိနိုင်သည်။

နေရာဒေသကို တိကျစွာသိရှိနိုင်သည်။ ထို့ကြောင့် ပထဝီဝင်အကြောင်းအရာများကို မြေပုံဖြင့် ယှဉ်တွဲလေ့လာသင့်သည်။ မြေပုံကိုလေ့လာရာ၌ ပုံ၏ခေါင်းစဉ်နှင့် ပုံကရည်ညွှန်းဖော်ပြသည့် အကြောင်းအရာများကို သတိပြုလေ့လာရမည်။ တစ်ခါတစ်ရံတွင် လတ္တီကျူ၊ လောင်ဂျီကျုမျဉ်းများဖြင့်လည်း ရေးဆွဲဖော်ပြထားသောကြောင့် မြေပုံပေါ်ရှိဒေသ၏တည်နေရာကို အသေးစိတ်ရှာဖွေနိုင်သည်။

DBE BOX

## မြေပုံအမျိုးအစားများ

မြေပုံအမျိုးအစား များစွာရှိသည်။ မြေပုံများကို ပါဝင်သောအချက်အလက်များအပေါ်မူတည်၍ မြေပုံအမျိုးအစားနှစ်မျိုး ခွဲခြားနိုင်သည်။ မြေပြင်လက္ခဏာပြမြေပုံ (Topographic Map)နှင့် အကြောင်းအရာပြမြေပုံ (Thematic Map) တို့ဖြစ်သည်။

မြေပြင်လက္ခဏာပြမြေပုံဆိုသည်မှာ ကမ္ဘာ့မြေမျက်နှာပြင်နှင့် မြေပြင်ရှုခင်းများကို ပကတိ တည်ရှိနေသည့်အတိုင်း ကိုယ်စားပြုဖော်ပြနိုင်ရန်ရေးဆွဲထားသောပုံကို မြေပြင်လက္ခဏာပြမြေပုံ ဟုခေါ်သည်။

အကြောင်းအရာပြမြေပုံဆိုသည်မှာ အဓိက ဦးစားပေးဖော်ပြလိုသော အကြောင်းအရာတို့ကို ရည်ရွယ်၍ ဖော်ပြထားသောမြေပုံများကို အကြောင်းအရာပြမြေပုံများဟုခေါ်သည်။ အကြောင်းအရာ ပြမြေပုံတွင် နိုင်ငံနယ်နိမိတ်ပြမြေပုံများ၊ ရာသီဥတုမြေပုံများ၊ စီးပွားရေးမြေပုံ သို့မဟုတ် အရင်းအမြစ် ဆိုင်ရာမြေပုံတို့ ပါဝင်သည်။




ပုံ (၅. ၁) စကေးကြီး (၁း ၅၀၀၀၀) မြေပြင်လက္ခဏာပြမြေပုံ



ပုံ (၅. ၂) အကြောင်းအရာပြမြေပုံ (ထိုင်းနိုင်ငံ၏ စီးပွားရေးပြပုံ)

**အဓိကအချက်များ**

- ❖ မြေပုံဆိုသည်မှာ ကမ္ဘာ့မျက်နှာပြင်တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို အနီးစပ်ဆုံး တူညီအောင်ရေးဆွဲထားသော စနစ်ပုံဖြစ်သည်။
- ❖ ကမ္ဘာ့နေရာဒေသအသီးသီး၏ ပထဝီဝင်ဆိုင်ရာအကြောင်းအရာများကို မြေပုံနှင့်ယှဉ်တွဲလေ့လာခြင်းဖြင့် ကြောင်းကျိုးဆက်စပ်သိရှိနိုင်သည်။ နေရာဒေသကို တိကျစွာသိရှိနိုင်သည်။
- ❖ အဓိကအားဖြင့် မြေပုံအမျိုးအစား နှစ်မျိုးရှိသည်။ မြေပြင်လက္ခဏာပြမြေပုံ (Topographic Map) နှင့်အကြောင်းအရာပြမြေပုံ (Thematic Map) တို့ဖြစ်သည်။
- ❖ အကြောင်းအရာပြမြေပုံတွင် နိုင်ငံနယ်နိမိတ်ပြမြေပုံများ၊ ရာသီဥတုမြေပုံများ၊ စီးပွားရေးမြေပုံ သို့မဟုတ် အရင်းအမြစ်ဆိုင်ရာမြေပုံတို့ ပါဝင်သည်။

**လေ့ကျင့်ရန် မေးခွန်းများ**

(၁) မြေပုံအမျိုးအစားများကို ခွဲခြားဖော်ပြပါ။

(၂) မြေပုံသည် ပထဝီဝင်ဘာသာရပ်အတွက် မရှိမဖြစ်အထောက်အကူဟု သတ်မှတ်ထားသည်မှာ အဘယ်ကြောင့်နည်း ရှင်းပြပါ။

## ၅.၂ မြေပုံရေးဆွဲခြင်း

**သင်ခန်းစာမိတ်ဆက်**

❖ ပထဝီဝင်ဘာသာရပ်ကိုလေ့လာရာတွင် ပထဝီဝင်ဆိုင်ရာအချက်အလက်များကို မြေပုံအသုံးပြု၍ရေးဆွဲဖော်ပြမှသာ လွယ်ကူစွာလေ့လာနိုင်မည်။

**မြေပုံရေးဆွဲခြင်း**

ပထဝီဝင်ဘာသာရပ်ကိုလေ့လာရာတွင် ပထဝီဝင်ဆိုင်ရာအချက်အလက်များကို ကိုယ်တိုင်မြေပုံတွင် ထည့်သွင်းရေးဆွဲဖော်ပြတတ်ရန်လိုသည်။ မြေပုံတစ်ခု၏ အနားသတ်မြေပုံရေးဆွဲရာတွင် ပြဌာန်းစာအုပ်ပါမြေပုံကိုကြည့်၍ရေးဆွဲခြင်းနှင့် ထပ်၍ရေးဆွဲခြင်းများ ပြုလုပ်နိုင်သည်။ မြေပုံကို စတုရန်းအကွက်ငယ်များစိတ်ပိုင်း၍ အကွက်ချရေးဆွဲခြင်းဖြင့် အနီးစပ်ဆုံးတူညီပြီး အချိုးကျသည့်မြေပုံတစ်ခုကို ရရှိနိုင်သည်။ မြေပုံရေးဆွဲရာတွင် မြေပုံနှင့်သက်ဆိုင်သည့်ခေါင်းစဉ်ကို ထည့်ပေးရမည်။ အရပ်မျက်နှာနှင့် အညွှန်းထည့်ပေးရမည်။ မြေပုံတွင်အသုံးပြုထားသော သင်္ကေတများ၊ အရောင်များနှင့် ပတ်သက်၍ အညွှန်းများပါရှိရမည်။ မြေပုံရေးဆွဲနည်းအဆင့်များကို ဆဋ္ဌမတန်းတွင်ဖော်ပြခဲ့ပြီးဖြစ်သည်။

**အဓိကအချက်များ**

- ❖ ပထဝီဝင်ဘာသာရပ်ကိုလေ့လာရာတွင် မြေပုံသည်အလွန်အရေးပါသည်။
- ❖ မြေပုံကိုမိမိကိုယ်တိုင်ဖန်တီး ရေးဆွဲတတ်ရန်လိုသည်။
- ❖ မိမိဖော်ပြလိုသောအချက်အလက်များကို မြေပုံပေါ်တွင်ထည့်သွင်းရေးဆွဲနိုင်ရမည်။

**လေ့ကျင့်ရန်မေးခွန်း**

၁။ မြေပုံတစ်ပုံကို လက်တွေ့ရေးဆွဲပါ။

## ၅.၃ မြေပုံတစ်ခုတွင်ပါဝင်သော အင်္ဂါရပ်များ

**သင်ခန်းစာမိတ်ဆက်**

❖ ပထဝီဝင် သတင်းအချက်အလက်များကို မြေပုံကြည့်ရှုသူများ နားလည်သဘောပေါက်ရန်နှင့် မြေပုံတွင်ပါဝင်သောအကြောင်းအရာများကို စိစစ်ကြည့်ရှုနိုင်ရန် မြေပုံရေးဆွဲရာတွင် အဓိကကျသော အခြေခံအင်္ဂါရပ်များရှိသည်။

DBE Box

## မြေပုံတစ်ခုတွင်ပါဝင်သော အင်္ဂါရပ်များ

မြေပုံတစ်ခုတွင်ပါဝင်သောအင်္ဂါရပ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ မြေပုံခေါင်းစဉ်

၂။ မြေပုံရေးဆွဲထားသည့် မြေပုံဘောင်

၃။ မြောက်အရပ်မျက်နှာပြမြား

၄။ မြေပုံအညွှန်း

၅။ မြေပုံစကေး

၆။ မြေပုံ၏အချက်အလက်များကို ဖော်ပြခြင်း

အချို့မြေပုံများတွင် အောက်ပါအချက်အလက်များကို ထည့်သွင်းဖော်ပြလေ့ရှိသည်။

(က) မြေပုံအနားသတ်ဘောင်များ

(ခ) အတွင်းမြေပုံငယ်

(ဂ) ဂရစ်မျဉ်းများစသည်တို့ပါဝင်သည်။

### (၁) မြေပုံခေါင်းစဉ်

မြေပုံခေါင်းစဉ်သည် မြေပုံ၏အကြောင်းအရာများကိုကြည့်ရှုသူမှ သိရှိနိုင်ရန်ဖော်ပြထားခြင်း ဖြစ်သည်။ ခေါင်းစဉ်တွင်မြန်မာနိုင်ငံ၏ မြေမျက်နှာသွင်ပြင်နှင့်ရေဆင်းပြပုံဟုဆိုလျှင် မြေပုံရေးဆွဲထားသော နေရာဒေသ၏မြေမျက်နှာသွင်ပြင်(တောင်တန်း၊ တောင်ကုန်း၊ကုန်းပြင်မြင့်များ၊ မြေနိမ့်လွင်ပြင်)နှင့် ရေဆင်းအခြေအနေ (မြစ်၊ ချောင်း၊ အင်းအိုင်များစီးဆင်းနေပုံ)တို့ကို ဖော်ပြထားခြင်းဖြစ်သည်ဟု မြေပုံကြည့်ရှုသူအား နားလည်သဘောပေါက်စေသည်။

### (၂) မြေပုံရေးဆွဲထားသော မြေပုံဘောင်

မြေပုံ၏ အဓိကအစိတ်အပိုင်းဖြစ်သည်။ မြေပုံရေးဆွဲသည့် အကြောင်းအရာတစ်ခုခုကို သင်္ကေတများဖြင့် ရေးဆွဲဖော်ပြထားသည်။

### (၃) မြောက်အရပ်မျက်နှာပြမြား

မြောက်အရပ်မျက်နှာပြမြားသည် မြေပုံ၏ဦးတည်ရာအရပ်မျက်နှာကို ဖော်ပြထားခြင်းဖြစ်သည်။ ကြည့်ရှုသူသည် မြောက်အရပ်မျက်နှာညွှန်ရာကိုကြည့်၍ မြေပုံပေါ်ရှိ ပထဝီဝင်ဆိုင်ရာအကြောင်းအရာများ တည်နေပုံ အရပ်မျက်နှာကို သိရှိနိုင်သည်။ အများအားဖြင့်မြောက်အရပ်မျက်နှာသည် မြေပုံ၏ အပေါ်ဘက်ကို ညွှန်ပြရေးဆွဲလေ့ရှိသော်လည်း မြေပုံပါအကြောင်းအရာများ၏ လားရာကိုသိရှိနိုင်ရန် မည်သည့်နေရာမဆို ညွှန်ပြရေးဆွဲနိုင်သည်။




ပုံ (၅. ၃) မြောက်အရပ်မျက်နှာပြမြား

## (၄) မြေပုံအညွှန်း




ပုံ (၅. ၄) မြေပုံအညွှန်းများ ပြပုံ

မြေပုံအညွှန်းသည် မြေပုံပေါ်တွင်ရေးဆွဲဖော်ပြထားသော အချက်အလက်များအတွက် အညွှန်းဖြစ်သည်။ မြေပုံဖတ်ရှုရာတွင်အသုံးပြုရန် သော့ချက်များဖြစ်သည်။ မြေပုံတွင်အသုံးပြုထားသည့် အရောင်များ၊ သင်္ကေတများနှင့်အဆင်ပုံစံများက မည်သည်တို့ကိုရည်ညွှန်းကြောင်း စာဖြင့်ရှင်းလင်း ဖော်ပြထားခြင်းဖြစ်သည်။

## (၅) မြေပုံစကေး




ပုံ (၅. ၅) မြေပုံစကေးပြပုံ

မြေပုံစကေးသည် မြေပုံဘောင်အတွင်းရေးဆွဲထားသောမြေပုံ၏ ကမ္ဘာ့မြေမျက်နှာပြင်ပေါ်တွင် ကိုယ်စားပြုရှိနေမည့်အတိုင်းအတာကို ဖော်ပြထားခြင်းဖြစ်သည်။ ၎င်းကိုအချိုးဖြင့် ဖော်ပြနိုင်သည်။




ပုံ (၅. ၆) မြေပုံတစ်ခုတွင်ပါဝင်သော အင်္ဂါရပ်များပြပုံ

**မြေပုံတစ်ခု၏ အင်္ဂါရပ်များ**

(၁) မြေပုံခေါင်းစဉ်

(၂) မြေပုံရေးဆွဲထားသော မြေပုံဘောင်

(၃) မြောက်အရပ်မျက်နှာပြ မြား

(၄) မြေပုံအညွှန်း

(၅) မြေပုံစကေး

## (၆) မြေပုံ၏ အချက်အလက်များကိုဖော်ပြခြင်း

ၾင်းသည် မြေပုံနှင့်ပတ်သက်သောအကြောင်းအရာများကို စာပိုဒ်ဖြင့်ရေးသားဖော်ပြခြင်းဖြစ်သည်။ မြေပုံရေးဆွဲထားသော စာရင်းဇယားအချက်အလက်များနှင့် စာရင်းဇယားများ ရရှိသည့် ဇစ်မြစ်နှင့် ပတ်သက်၍ရှင်းလင်းချက်များ၊ မြေပုံဇယားအမျိုးအစား၊ မြေပုံရေးဆွဲသည့် ခုနှစ်စသည့် အချက်များပါဝင်နိုင်သည်။

အချို့မြေပုံများတွင် မြေပုံအခြေခံရေးဆွဲထားသော ဇယားများ၊ ဂရပ်ပုံများ၊ ရုပ်ပုံများကိုလည်း ထည့်သွင်း ဖော်ပြလေ့ရှိသည်။ ၎င်းအပြင်မြေပုံအား အနားသတ်ဘောင်ခတ်ခြင်း၊ အတွင်းတွင် မြေပုံငယ်ထည့်သွင်းဖော်ပြခြင်းနှင့် မြေပုံအခြေခံရေးဆွဲထားသည့် လောင်ဂျီကျူ၊ လတ္တီကျူ၊ ဂရစ်မျဉ်းများဖြင့် ဖော်ပြရေးဆွဲလေ့ရှိသည်။

**အဓိကအချက်များ**

- ❖ မြေပုံတစ်ခုတွင်ပါဝင်သော အင်္ဂါရပ်များဖြစ်သည့် မြေပုံခေါင်းစဉ်၊ မြေပုံရေးဆွဲထားသည့် မြေပုံဘောင်၊ မြေပုံမြောက်အရပ်မျက်နှာပြမြား၊ မြေပုံအညွှန်း၊ မြေပုံစကေးတို့အပြင် မြေပုံအနားသတ်ဘောင်၊ အတွင်းမြေပုံငယ်နှင့် ဂရစ်မျဉ်းများ စသည်တို့ကို ဖော်ပြရမည်။

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ မြေပုံအညွှန်းတွင်ပါဝင်သော အချက်များကိုဖော်ပြပါ။

၂။ မြေပုံ၏အချက်အလက်များကို ဖော်ပြခြင်းဖြင့် မည်သည်တို့ကို သိရှိနိုင်သနည်း။

## ၅.၄ စကေး

**သင်ခန်းစာမိတ်ဆက်**

❖ ပထဝီဝင်ဘာသာရပ်ဆိုင်ရာ လေ့လာစူးစမ်းမှုများပြုလုပ်ရာတွင် မြေပုံများ၊ စနစ်ပုံများ၊ ရေးဆွဲတင်ပြရန် လိုအပ်သည်။ မြေပုံများ၊ စနစ်ပုံများရေးဆွဲရာတွင် ပကတိအကွာအဝေးအတိုင်းအတာများအတိုင်း ရေးဆွဲရန်မဖြစ်နိုင်သဖြင့် ကျဉ်း ချုံ့၍ ဖော်ပြရေးဆွဲရန် စကေးကို အသုံးပြုရပါသည်။

**စကေး အဓိပ္ပာယ်သတ်မှတ်ချက်**

မြေပုံများ၊ စနစ်ပုံများတွင် စကေးသည် အင်္ဂါရပ်တစ်ခုအဖြစ် ပါဝင်သည်။ စကေးဆိုသည်မှာ မြေပြင်ပေါ်ရှိ ပကတိအကွာအဝေးကိုမြေပုံပေါ်၌ အချိုးကျဖော်ပြနိုင်သည့် သတ်မှတ်ချက်ပင်ဖြစ်သည်။ တစ်နည်းအားဖြင့် မြေပုံပေါ်ရှိအကွာအဝေးနှင့် မြေပြင်ပေါ်ရှိ အကွာအဝေးတို့၏အချိုးဖြစ်သည်။

**စကေး အမျိုးအစားများ**

အဓိကအားဖြင့် စကေး ၃ မျိုးရှိသည်။ ၎င်းတို့မှာ

(၁) စာစကေး သို့မဟုတ် စာတန်းစကေး

(၂) အချိုးစကေး သို့မဟုတ် အပိုင်းစကေးနှင့်

(၃) ပုံပြစကေး တို့ဖြစ်သည်။

### (၁) စာစကေး သို့မဟုတ် စာတန်းစကေး

စာဖြင့်ရေးသားဖော်ပြသည့်စကေးကို စာတန်းစကေးဟုခေါ်သည်။ ဥပမာ-မြေပြင်ပေါ်တွင် ၁ မိုင်ကွာဝေးသောအမှတ်နှစ်ခုကို မြေပုံပေါ်၌ ၁ လက်မခြား၍ ပြထားလျှင် ထိုမြေပုံ၏စာတန်းစကေးမှာ ၁ လက်မလျှင် ၁ မိုင်ဖြစ်သည်။ စာဖြင့်ဖော်ပြသော စာတန်းစကေးကို မြေပြင်လက္ခဏာပြမြေပုံများတွင် တွေ့ရတတ်သည်။ စာတန်းစကေးတွင် ရှေ့ဂဏန်းမှာ မြေပုံပေါ်ရှိအကွာအဝေးဖြစ်ပြီး နောက်ဂဏန်းမှာ မြေပြင်ပေါ်ရှိ အကွာအဝေးဖြစ်သည်။

### (၂) အချိုးစကေး သို့မဟုတ် အပိုင်းစကေး

အချိုး သို့မဟုတ် အပိုင်းဂဏန်းဖြင့်ဖော်ပြသော စကေးကို အချိုးစကေး သို့မဟုတ် အပိုင်းစကေးဟုခေါ်သည်။ ဥပမာ-မြေပြင်ပေါ်မှာ ၁ မိုင်ကွာဝေးသော အမှတ်နှစ်ခုကိုမြေပုံပေါ်၌ ၁ လက်မခြား၍ပြထားလျှင် ထိုမြေပုံ၏ အချိုးစကေးမှာ ၁း၆၃၃၆၀ ဖြစ်ပြီး အပိုင်းစကေးမှာ ၁/၆၃၃၆၀ ဖြစ်သည်။ အချိုးစကေးတွင် အချိုးလက္ခဏာ၏ ရှေ့ရှိဂဏန်းမှာ မြေပုံပေါ်မှအကွာအဝေးဖြစ်ပြီး အချိုးလက္ခဏာ



DBE BOX

၏နောက်ရှိဂဏန်းမှာ မြေပြင်ပေါ်မှအကွာအဝေးဖြစ်သည်။ ထို့အတူ အပိုင်းစကေးတွင် ပိုင်းဝေသည် မြေပုံပေါ်မှအကွာအဝေးဖြစ်ပြီး ပိုင်းခြေမှာ မြေပြင်ပေါ်မှအကွာအဝေးဖြစ်သည်။

ဤစကေးအရဖော်ပြရာတွင် မြေပုံပေါ်မှအကွာအဝေးကို အမြဲတမ်း ၁ ဂဏန်းဖြင့် ပြရမည်။ ထို့ပြင် အချိုးလက္ခဏာ၏ ရှေ့နှင့်နောက် ဂဏန်းများ သို့မဟုတ် ပိုင်းဝေနှင့်ပိုင်းခြေရှိဂဏန်းများ၏ အတိုင်းအတာတို့သည် ယူနစ်တူဖြစ်ရမည်။ ဥပမာ ပိုင်းဝေသည် လက်မဖြစ်လျှင် ပိုင်းခြေသည်လည်း လက်မဖြစ်ရမည်။ ထို့ကြောင့် ၁ လက်မလျှင် ၁ မိုင်ဟူသောစာတန်းစကေးကို အချိုးစကေးအားဖြင့် ၁း၆၃၃၆၀၊ အပိုင်းစကေးအားဖြင့် $\frac{၁}{၆၃၃၆၀}$ ဟု မိုင်ကို လက်မဖွဲ့ပြီးမှ ပြခြင်းဖြစ်သည်။

သို့သော် နှိုင်းယှဉ်ခြင်းအချိုးဂဏန်းဖြစ်သဖြင့် လက်မဟူသောစကားလုံးကို ဖော်ပြရန်မလိုပေ။ အချိုးစကေး သို့မဟုတ် အပိုင်းစကေးပေးထားလျှင် မည်သည့်အတိုင်းအတာမျိုးနှင့်မဆို ပြောင်းလဲ အသုံးပြုနိုင်သည်။ သတိပြုရန်မှာ မြေပုံနှင့်မြေပြင်မှ အကွာအဝေးနှစ်ရပ်စလုံးသည် အတိုင်းအတာ ယူနစ်တစ်မျိုးတည်းဖြစ်ရန်လိုသည်။

## (၃) ပုံပြစကေး

ပုံဖြင့်ရေးဆွဲဖော်ပြသော စကေးကို ပုံပြစကေးဟုခေါ်သည်။ မြေပုံများ၏အောက်ဘက်တွင် မျဉ်းဖြောင့်ဖြင့်ရေးဆွဲကာ တိကျသောအမှတ်ကလေးများမှတ်သားပြီး မိုင်၊ ဖာလုံ စသည်ဖြင့် ရေးမှတ်ထားသော စကေးဖြစ်သည်။ ပုံပြစကေး နှစ်မျိုးရှိသည်။ ၎င်းတို့မှာ-

(၁) စကေးကျဲ သို့မဟုတ် အဖွင့်ပိုင်းစကေးနှင့်

(၂) စကေးစိပ် သို့မဟုတ် အပြည့်ပိုင်းစကေးတို့ဖြစ်သည်။

စကေးကျဲတွင်အသေးစိတ်အတိုင်းအတာကို လက်ဝဲဘက်အစွန်းတွင်ထားပြီး သုညအမှတ်ကို လက်ဝဲဘက်အစွန်းမှ တစ်ယူနစ်တိတိအကွာတွင်ထားသည်။




ပုံ (၅.၇) စကေးကျဲပုံ




ပုံ (၅.၈) စကေးစိပ်ပုံ

ပုံ (၅. ၇)သည် စကေးကျဲပုံဖြစ်သည်။ ထိုပုံတွင် လက်ဝဲဘက်အစွန်း၌ ၁ မိုင်ကို ဖာလုံများ စိတ်ပိုင်းပြထားသည်။ စကေးစိပ်တွင် သုညအမှတ်ကို လက်ဝဲဘက်အစွန်းတွင်မှတ်လျက် အသေးစိတ် အတိုင်းအတာကို မျဉ်းတစ်လျှောက်လုံးတွင် ပြထားသည်။ ပုံ(၅. ၈)သည် စကေးစိပ်ပုံဖြစ်သည်။

DBE BOX

ထိုပုံတွင် ၁ မိုင်စီ၌ ၁ ဖာလုံစီ စိတ်ပိုင်းထားသည်။ မြေပုံပေါ်ရှိ နေရာနှစ်ခု၏ အကွာအဝေးသည် မြေပြင်ပေါ်၌မည်မျှရှိကြောင်းသိလိုလျှင် ပထမဦးစွာ မြေပုံပေါ်တွင် နှစ်ဖက်ချွန်ကွန်ပါဖြင့်ထောက်ပြီး တိုင်းပါ။

စကေးကျဲပုံကို အသုံးပြုပါက မိုင်၊ ဖာလုံအကွာအဝေးကိုသိရန် သုည၏ဝဲယာနှစ်ဖက်စလုံးကို ထောက်ပြီး တိုင်းရမည်။ စကေးစိပ်ပုံကိုအသုံးပြုပါက သုညအမှတ်နှင့်၎င်း၏ညာဘက်သို့ထောက်ပြတိုင်းခြင်းဖြင့် မိုင်နှင့်ဖာလုံကို သိရှိနိုင်သည်။ ပုံ (၅. ၇) နှင့် ပုံ (၅. ၈)တို့တွင် ၂ မိုင် ၄ ဖာလုံကို တိုင်းပြထားသည်။

**စကေးအရွယ်အစား**

မြေပုံများကို ၎င်းတို့စကေးပေါ်မူတည်၍ (၁) စကေးကြီးမြေပုံများ (၂) စကေးလတ်မြေပုံများနှင့် (၃) စကေးသေးမြေပုံများဟု ခွဲခြားနိုင်သည်။

**(၁) စကေးကြီးမြေပုံများ** – ၎င်းတို့သည် ပိုမိုသေးငယ်သောဧရိယာတစ်ခုကို အသေးစိတ်ပြသနိုင်သည်။ မြို့မြေပုံများ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်ပုံများရေးဆွဲရာတွင် အသုံးပြုသည်။ ထိုမြေပုံများကို စကေးကြီးမြေပုံဟုခေါ်ဆိုရခြင်းမှာ ၎င်းတို့ကိုကိုယ်စားပြုသောအချိုးမှာကြီးမားသောကြောင့်ဖြစ်သည်။ ဥပမာ- ၁း ၁၀၀၀၀

**(၂) စကေးလတ်မြေပုံများ** – နိုင်ငံ၊တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်အဆင့်ပြ မြေပုံများတွင် အသုံးပြုသော စကေးများဖြစ်သည်။ ပါဝင်သော ဧရိယာကျယ်ပြန့်လာပြီး အသေးစိတ်အချက်အလက်များ ပါဝင်မှု လျော့နည်းလာသည်။ ၁း၆၀၀၀၀၀ စကေးမှ ၁း၂၀၀၀၀၀၀ အထိရှိသောမြေပုံများကို စကေးလတ်မြေပုံများဟု ခေါ်နိုင်သည်။

**(၃) စကေးသေးမြေပုံများ** – တိုက်ကြီးများနှင့် တစ်ကမ္ဘာလုံးပြမြေပုံများတွင် အသုံးပြုသော စကေးဖြစ်သည်။ ပါဝင်သောဧရိယာကြီးမားပြီး အသေးစိတ်ဖော်ပြနိုင်ခြင်း မရှိပေ။ ၁း၂၀၀၀၀၀၀ စကေးအထက်ရှိပြီး ကမ္ဘာ့မြေပုံ၊ တိုက်ကြီးများပြပုံ စသည့်မြေပုံများတွင် အသုံးပြုသည်။

| စကေးအရွယ်အစား | စကေးအတိုင်းအတာ | အသုံးပြုမှု (ဥပမာများ) |
|---|---|---|
| စကေးကြီး | ၁း၁ မှ ၁ း၆၀၀၀၀၀ | မြို့မြေပုံများ၊ လမ်းညွှန်မြေပုံများ၊ ရပ်ကွက်ကျေးရွာအုပ်စုပြမြေပုံများ၊ မြေမျက်နှာသွင်ပြင်ပြ မြေပုံများ |
| စကေးလတ် | ၁ း ၆၀၀၀၀၀ မှ ၁ း၂၀၀၀၀၀၀ | နိုင်ငံ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ဒေသဆိုင်ရာအကြောင်းအရာပြ မြေပုံများ |
| စကေးသေး | ၁း ၂၀၀၀၀၀၀ မှအထက် | ၁ း၅၀၀၀၀၀၀၀ စကေး၊ ကမ္ဘာ့မြေပုံ |

အထက်ပါဇယားတွင် ဖော်ပြထားသော စကေးများမှာအများအားဖြင့် အသုံးပြုခေါ်ဝေါ်သော စကေးအရွယ်အစားများဖြစ်ပြီး တိကျသော သတ်မှတ်ချက် မရှိပေ။



DBE BOX

**စကေးများ ပြောင်းလဲတွက်ချက်ခြင်း**

စကေးအမျိုးအစားများကို တစ်မျိုးမှတစ်မျိုးသို့ ပြောင်းလဲတွက်ချက်နိုင်သည်။

**စာတန်းစကေးမှ အပိုင်းစကေးသို့ပြောင်းခြင်း**

စာတန်းစကေး ၁ လက်မလျှင် ၄ မိုင်ကို အပိုင်းစကေး ပြောင်းလဲပေးပါ။

၁ လက်မလျှင် ၄ မိုင် ဖြစ်သည်။

၁ မိုင် = ၆၃၃၆၀ လက်မရှိသည်။

၁ လက်မလျှင် ၄ × ၆၃၃၆၀ လက်မဖြစ်သည်။

၁ လက်မလျှင် ၂၅၃၄၄၀ လက်မ ဖြစ်သည်။

ထို့ကြောင့် အပိုင်းစကေး $\frac{၁}{၂၅၃၄၄၀}$ ဖြစ်သည်။

**အပိုင်းစကေးမှ စာတန်းစကေးသို့ပြောင်းခြင်း**

အပိုင်းစကေး $\frac{၁}{၁၉၀၀၈၀}$ ကို စာတန်းစကေးအဖြစ်ပြောင်းလဲပေးပါ။

အပိုင်းစကေး $\frac{၁}{၁၉၀၀၈၀}$ ဖြစ်သည်။

၁ မိုင် = ၆၃၃၆၀ လက်မရှိသည်။

၁ လက်မလျှင် ၁၉၀၀၈၀ လက်မဖြစ်သည်။

$\frac{၁၉၀၀၈၀}{၆၃၃၆၀}$ = ၃ မိုင်

၁ လက်မလျှင် ၃ မိုင် ဖြစ်သည်။

ထို့ကြောင့် စာတန်းစကေး ၁ လက်မလျှင် ၃ မိုင်ဖြစ်သည်။

**အချိုးစကေးမှ စာတန်းစကေးသို့ပြောင်းခြင်း**

အချိုးစကေး ၁ း ၁၂၆၇၂၀ ကို စာတန်းစကေးအဖြစ် ပြောင်းလဲပေးပါ။

၁ လက်မလျှင် ၁၂ ၆၇၂၀ လက်မဖြစ်သည်။

၁ မိုင် = ၆၃၃၆၀ လက်မ ရှိသည်။

$\frac{၁၂၆၇၂၀}{၆၃၃၆၀}$ = ၂ မိုင်

၁ လက်မလျှင် ၂ မိုင် ဖြစ်သည်။

ထို့ကြောင့် စာတန်းစကေး ၁ လက်မလျှင် ၂ မိုင် ဖြစ်သည်။

DBE BOX

**စာတန်းစကေးမှ အချိုးစကေးသို့ပြောင်းခြင်း**

စာတန်းစကေး ၁ လက်မလျှင် ၃ မိုင်ကို အချိုးစကေးပြောင်းပေးပါ။

၁ လက်မလျှင် ၃ မိုင်ဖြစ်သည်။

၁ မိုင် = ၆၃၃၆၀ လက်မ ရှိသည်။

၁ လက်မလျှင် ၃× ၆၃၃၆၀ လက်မဖြစ်သည်။

၁ လက်မလျှင် ၁၉၀၀၈၀ လက်မဖြစ်သည်။

ထို့ကြောင့် အချိုးစကေးမှာ ၁ း ၁၉၀၀၈၀ ဖြစ်သည်။

**မြေပုံ၏စကေးသည် ၁ စင်တီမီတာလျှင် ၃ ကီလိုမီတာဖြစ်ပါက မြေပုံပေါ်တွင် ၅ စင်တီမီတာကွာဝေးသော မြို့နှစ်မြို့သည် မြေပြင်၌ မည်မျှကွာဝေးသနည်း။**

မြေပုံ၏စကေးသည် ၁ စင်တီမီတာလျှင် ၃ကီလိုမီတာဖြစ်သည်။

မြေပုံပေါ်တွင် ၁ စင်တီမီတာဖြစ်လျှင် မြေပြင်ပေါ်၌ ၃ ကီလိုမီတာဖြစ်သည်။

မြေပုံပေါ်တွင် ၅ စင်တီမီတာဖြစ်လျှင် မြေပြင်ပေါ်၌ = ၅× ၃= ၁၅ ကီလိုမီတာဖြစ်သည်။

**အဓိကအချက်များ**

- စကေးဆိုသည်မှာ မြေပြင်ပေါ်ရှိပကတိအကွာအဝေးကို မြေပုံပေါ်၌ အချိုးကျဖော်ပြနိုင်သည့် သတ်မှတ်ချက်ပင်ဖြစ်သည်။ တစ်နည်းအားဖြင့်မြေပုံပေါ်ရှိ အကွာအဝေးနှင့် မြေပြင်ပေါ်ရှိ အကွာအဝေးတို့၏အချိုး ဖြစ်သည်။
- စာဖြင့်ရေးသားဖော်ပြသည့်စကေးကို စာတန်းစကေးဟုခေါ်သည်။ အချိုး သို့မဟုတ် အပိုင်းဂဏန်းဖြင့်ဖော်ပြသောစကေးကို အချိုးစကေး သို့မဟုတ် အပိုင်းစကေးဟုခေါ်သည်။
- ပုံဖြင့်ရေးဆွဲဖော်ပြသော စကေးကို ပုံပြစကေးဟု ခေါ်သည်။
- ပုံပြစကေး နှစ်မျိုးရှိသည်။ စကေးစိပ်နှင့် စကေးကျဲတို့ဖြစ်သည်။
- စကေးအမျိုးအစားများကို တစ်မျိုးမှတစ်မျိုးသို့ ပြောင်းလဲတွက်ချက်နိုင်သည်။
- မြေပုံများကို ၎င်းတို့စကေးအပေါ်မူတည်၍ (၁)စကေးကြီးမြေပုံများ (၂) စကေးလတ်မြေပုံများနှင့် (၃) စကေးသေးမြေပုံများဟု ခွဲခြားနိုင်သည်။



DBE BOX

**လေ့ကျင့်ရန် မေးခွန်းများ**

၁။ စကေးအဓိပ္ပာယ်ကို ဖော်ပြပါ။

၂။ စကေးအမျိုးအစားများကို ဖော်ပြပါ။

၃။ ကျေးရွာအုပ်စု၊ရပ်ကွက်ပုံများကိုဖော်ပြရာတွင် အဘယ်ကြောင့် စကေးကြီးမြေပုံများကို အသုံးပြုရသနည်း။

၄။ စကေးလတ်မြေပုံဆိုသည်မှာ မည်သို့သောမြေပုံများကို ခေါ်ဆိုသနည်း။

၅။ ကမ္ဘာ့မြေပုံနှင့် တိုက်ကြီးများပြပုံများကို ဖော်ပြရာတွင် စကေးသေးမြေပုံများကို အဘယ်ကြောင့် အသုံးပြုရသနည်း။

၆။ စာတန်းစကေး ၁ လက်မလျှင် ၁၀ မိုင်ကိုအပိုင်းစကေးသို့ ပြောင်းပါ။

၇။ အပိုင်းစကေး $\frac{၁}{၁၅၀၀၀}$ ကို စာတန်းစကေးသို့ပြောင်းပါ။

၈။ မြေပုံ၏စကေးသည် ၁ စင်တီမီတာလျှင် ၃၀ ကီလိုမီတာဖြစ်ပါက မြေပြင်ပေါ်တွင် ၃၈၀ ကီလိုမီတာကွာဝေးသော မြို့နှစ်မြို့သည် မြေပုံထဲ၌ မည်မျှကွာဝေးသနည်း။

DBE BOX

အခန်း(၅) လက်တွေ့ပထဝီဝင်တွင် သင်ယူခဲ့သည့်အကြောင်းအရာများကို ပြန်လည်သုံးသပ်ပြီး ကွက်လပ်များ ဖြည့်ပါ။




DBE BOX